# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday 30 July 2018 ၉၁၆၃


# နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရန် သန္နိဋ္ဌာန်ချထား ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး အချိုးကျဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီးရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လမ်းညွှန် အမှာစကားပြောကြားသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ရန်ကုန်တိုင်းဒေသကြီးရှိ တာတမံများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထား

စာမျက်နှာ » ၁၁

ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးလျက်ရှိ

စာမျက်နှာ » ၁၂

ဖျာပုံမြို့နယ်၌ ဝါဆိုပန်းခူး ဆက်ကပ်လှူဒါန်းပွဲ၌ ရိုးရာလှေပြိုင်ပွဲ ထည့်သွင်းကျင်းပ

စာမျက်နှာ » ၁၇




ကြေးမုံ

# ရေဘေးအန္တရာယ်ကင်းဝေးရေး ဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံတွင် ကြုံတွေ့လေ့ရှိသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အနက် ရေကြီးရေလျှံမှုအန္တရာယ်မှာ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသော ပြဿနာဖြစ်လာသည်။ ရေတို့၏သဘောမှာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းတတ်သဖြင့် ယခုကဲ့သို့ မိုးရာသီကာလ မိုးရွာသွန်းမှုလွန်ကဲသည့် အချိန်အခါတွင် မြစ်ချောင်းများပတ်ဝန်းကျင်နှင့် အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသော ဒေသခံပြည်သူများ ရေကြီးရေလျှံမှုအန္တရာယ်မှ ကင်းဝေးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လက်ရှိတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတို့အတွင်းရှိ အနိမ့်ပိုင်းဒေသနေ ပြည်သူအချို့ ရေဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရပြီး အချို့ဒေသများတွင် ပြည်သူများ နေအိမ်များမှစွန့်ခွာကာ ရေဘေးရှောင်နေထိုင်ကြရသည်။ ရေဘေးသင့် ပြည်သူများအား နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီစောင့်ရှောက်ပေးနေသည်ဆိုသော်လည်း ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရစဉ် အခြားဘေးအန္တရာယ်များကိုလည်း မိမိတို့ကိုယ်တိုင် သတိထားရှောင်ရှားကြရမည်ဖြစ်သည်။

ယခုနှစ် မိုးရာသီ ဝါဆိုလသည် ဝါထပ်သောလဖြစ်ပြီး ဝါထပ်သောလ၌ ရေကြီးရေလျှံမှု ပိုမိုဖြစ်တတ်သည့် အစဉ်အလာရှိသည်။ ယခုကာလတွင် နိုင်ငံတစ်ဝန်း မိုးအဆက်မပြတ်ရွာသွန်းနေပြီး မြစ်ရေများ မြင့်တက်နေချိန်တွင် ပင်လယ်ဒီရေပါ တက်လာသောကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်ခဲ့သည်။ ဆက်လက်၍လည်း မိုးရွာသွန်းမှု အားကောင်းနေမည်ဟု မိုးလေဝသမှ အသိပေးထားသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်ရန် အလားအလာရှိသည့်ဒေသများအနေဖြင့် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ဖွယ်ရှိသည်များကို ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်သည်။

ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နေရသော ပြည်သူများအနေဖြင့် အကူအညီများမရောက်မီ ရေလွတ်ရာ အမြင့်များတွင်သာ နေထိုင်ကြပြီး ရနိုင်သမျှ အစားအသောက်၊ ဆေးဝါး၊ အဝတ်အစား၊ အသက်ကယ်ပစ္စည်းများကို တစုတစည်းတည်း စုစည်းထားရန်လိုအပ်သည်။ မကျန်းမာသူများ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအား အထူးစောင့်ကြည့်ဂရုစိုက်ရန်လိုအပ်သည်။ ထို့အပြင် မသန့်ရှင်းသော အစားအစာများကို မစားမိရန်လိုပြီး လျှပ်စစ်ဓာတ်ကြိုးများနှင့် အဆိပ်ရှိသော ပိုးကောင်၊ မွှားကောင်၊ သတ္တဝါများ မိမိနေထိုင်ရာတွင် တွယ်ကပ်နေခြင်း ရှိမရှိ သတိထားရမည်ဖြစ်သည်။ ရေတက်လာမှု ပိုမိုဆိုးရွားလာပါက နီးစပ်ရာအဖွဲ့အစည်းများအား အကူအညီတောင်းခံပြီးမှ ရွှေ့ပြောင်းထွက်ခွာသင့်သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ခြေရှိသည့်ဒေသများမှ ပြည်သူများအနေဖြင့် အစားအသောက်၊ ဆေးဝါး၊ သန့်ရှင်းသောရေ၊ အသက်ကယ်ပစ္စည်းနှင့်လိုအပ်သည့်ပစ္စည်းများကို အသင့်ပြင်ဆင်ထားသင့်သည်။ ထို့အပြင် မွေးမြူရေးတိရစ္ဆာန်တို့ကို လှောင်ထားခြင်း၊ ကြိုးဖြင့် ချည်နှောင်ထားခြင်းတို့ကို မပြုလုပ်ရန် လိုအပ်သည်။ ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရန် သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ယာယီတည်းခိုနေထိုင်နိုင်မည့် ရေလွတ်ရာနေရာများနှင့် အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို ကြိုတင်စုဆောင်း ပြင်ဆင်ထားကြရမည်ဖြစ်သည်။ ထို့အပြင် ပြည်သူများအား ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးရေး၊ သတိပေးနှိုးဆော်ပေးရေး၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် ထုတ်ပြန်အသိပေးနေသော မိုးလေဝသသတင်းများနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုအပ်သည်။

သို့ဖြစ်ရာ လက်ရှိကာလသည် ကျေးလက်၊ မြို့ရွာဒေသများ၌ ရေဘေးအန္တရာယ် ကြုံတွေ့နေရသည့် ဒေသများ၊ ကြုံတွေ့ရန်အလားအလာရှိသည့်ဒေသများ၊ အထူးသဖြင့် မိုးလေဝသဌာနမှ သတိပေးထားသည့် ဘားအံ၊ ပဲခူး၊ ရွှေကျင်နှင့် မဒေါက်မြို့၏ မြစ်ကမ်းနီးသော နေရာများနှင့် အနိမ့်ပိုင်းဒေသများ ရေဘေးမှ လွတ်ကင်းအောင် ရှောင်ရှားနိုင်ရေး၊ အလားတူ တောင်ငူ၊ ဘီးလင်းဒေသမှ ပြည်သူများ သတိပြုနေထိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal(1)သို့ ရောက်ရှိပြီး လေဆိပ်အတွင်း ပြည်ပ ထွက်ခွာဆောင်ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာနှင့် လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးကောင်တာများ၊ ခရီးသည် ဝင်/ထွက်မှု လမ်းကြောင်းအခြေအနေနှင့် မြန်မာ့အမှတ်တရပစ္စည်းအရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပထွက်ခွာဆောင်ရှိ Sky Lounge ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လေကြောင်းရဲတပ်ဖွဲ့(ရန်ကုန်)၊ ရန်ကုန်လေဆိပ် ရှေ့ဆောင် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများကို တွေ့ဆုံရာ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက Terminal(1)တွင် လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ တွေ့ကြုံရသည့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား နိုင်ငံတကာလေဆိပ်များ၏ စံချိန်စံညွှန်းအတိုင်း ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများ မလိုအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပေါင်းစပ်ကာ ဖြေလျှော့ ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ ခရီးသွားများ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေမြန်ဆန်ချောမွေ့စွာ ဝင်/ထွက် သွားလာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားပြီး လုပ်ငန်းဆိုင်ရာအခက်အခဲများကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Terminal (1) ရှိ Command Contact Center နှင့် Myanmar Advance Passenger Processing System (MAPPS) Data Center ကို လည်းကောင်း၊ ပြည်ပဆိုက်ရောက်ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာနှင့် ဆိုက်ရောက်ဗီဇာ(VOA) ကောင်တာကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးကောင်တာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal(2)တွင် လေဆိပ်ဆိုင်ရာ အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေကြောင်းဆိုင်ရာ ဝင်/ထွက်မှုများအား ဇူလိုင် ၂၇ ရက်မှစ၍ နေ့စဉ်ဝင်/ထွက်နေသည့် ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်း ၂၆ လိုင်း၏ ခရီးစဉ်ပေါင်း ၆၃ ကြောင်းအား Terminal(1) တစ်ခုတည်း၌ လုပ်ငန်းများရွှေ့ပြောင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းလေဆိပ်အား နိုင်ငံတကာလေဆိပ်များ၏ စံချိန်စံညွှန်းအတိုင်း ခရီးသည်များအား ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မော်လမြိုင်၌ မိုးရာသီခရီးကြမ်း စက်ဘီးပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၉**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီ၊ ပြည်နယ်စက်ဘီးဆပ်ကော်မတီ၊ GIANT Myanmar စက်ဘီးကုမ္ပဏီနှင့် Bike Me စက်ဘီးဆိုင်တို့ ပူးပေါင်းကျင်းပသော မွန်ပြည်နယ်စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌဖလား မိုးရာသီခရီးကြမ်း(Mountain Bike) စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက မော်လမြိုင်မြို့ တောင်ရိုးတန်း၌ ကျင်းပသည်။

မိုးရာသီခရီးကြမ်း စက်ဘီးပြိုင်ပွဲကို ရန်ကုန်၊ မွန်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အလွတ်တန်းတွင် ၁၂ ဦး၊ အလတ်တန်းတွင် ၆၅ ဦး၊ အသက် ၂၀ နှစ်အောက်လူသစ်တန်းတွင် ၁၆ ဦး စုစုပေါင်း ၉၃ ဦးတို့က မိုင် ၄၀ ခန့်ရှိသော ခရီးကြမ်းကို မော်လမြိုင်မြို့ တောင်ရိုးတန်း View Point မှစတင် တာထွက်ကာ ချောင်းဆုံမြို့ကိုပတ်၍ မော်လမြိုင်မြို့တောင်ရိုးတန်းတွင် ပန်းဝင်ကြသည်။

မြို့နယ်၊ ပြည်နယ်မှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အထိ စက်ဘီးစီးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပြည်သူတစ်ရပ်လုံး စက်ဘီးအားကစားကို စိတ်ပါဝင်စားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

✪ **ရှေ့ဖုံးမှ**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် တရားသူကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။**

## လိုက်ပါဆောင်ရွက်ရန်လို

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်ရန် ယခုလို လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ကမ္ဘာ့ရေစီးကြောင်းနှင့်အတူ လိုက်ပါဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နောက်ကျကျန်ခဲ့မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအားလုံးက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်ရန် တက်ညီလက်ညီ သန္နိဋ္ဌာန်ချထားပါကြောင်း။

## အချိုးကျကျဟန်ချက်ညီညီ

ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးကျကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြော၍ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံကို တည်ဆောက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံသူ နိုင်ငံသားအားလုံးက ဒီမိုကရေစီကို လိုလားသည်ကို တွေ့ရပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှမှုရှိခြင်း ဆိုသည့် လောကပါလတရားများရှိသည့်အပြင် ပြည်သူများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုများ ရှိသောကြောင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## လက်တွေ့ကျကျအသုံးချ

ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ဆောက်မည်ဆိုပါက အချိန်အခါကို မေ့ထား၍မရပါကြောင်း၊ အချိန်အခါသည် အလွန်တန်ဖိုးကြီးမားပါကြောင်း၊ အချိန်နှင့် ဒီရေသည် လူကို မစောင့်ပါကြောင်း၊ ထို့ကြောင့် လက်ရှိပစ္စုပ္ပန်တွင် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စိုးရိမ်စရာ မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အခွင့်ကောင်း အခါကောင်းဖြစ်ပါကြောင်း၊ ရတောင့်ရခဲလှသည့် အခွင့်ကောင်း အခါကောင်းကို လက်တွေ့ကျကျ တန်ဖိုးရှိစွာအသုံးချရန် လိုအပ်ပါကြောင်း။

အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်ပြီး ဥပဒေများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့်၊ ပြည်သူများ၏ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုကို အကာ အကွယ်ပေးသည့်၊ လူ့အခွင့်အရေးများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် အုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်စေလိုပါကြောင်း။

## ကျေကျေညက်ညက်လေ့လာ

ဥပဒေပြုရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ ဥပဒေတစ်ခုကို ရေးဆွဲပြုစုသည့်အခါ နိုင်ငံ၏ အခြေအနေ၊ အချိန်အခါ၊ နိုင်ငံသူ နိုင်ငံသားများအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိနှင့် လူ့အခွင့်အရေး စံချိန်စံနှုန်းများ၊ ဒီမိုကရေစီ စံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေပြုရေးလုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ ပြည်ထောင်စုဥပဒေပြုရေးလုပ်ပိုင်ခွင့်နှင့် တာဝန်များကို ကွဲကွဲပြားပြား သိရှိအောင် ကျေကျေညက်ညက် လေ့လာထားရှိရန် လိုအပ်ပါကြောင်း။

တရားစီရင်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်စေလိုပါကြောင်း၊ အဂတိကင်းစင်သည့် တရားစီရင်ရေး ဖြစ်အောင်လည်း သတ်သတ်မှတ်မှတ်ဖြင့် အဆင့်ဆင့်ကြီးကြပ် ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၏ ရှေ့မှောက်တွင် ဆူကြုံနိမ့်မြင့်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဌာနန္တရမရွေး အားလုံးကို တန်းတူထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် ဒီမိုကရေစီကို လိုလားပါက ဥပဒေကို လေးစားလိုက်နာရန်နှင့် လူပုဂ္ဂိုလ်တစ်ယောက်နှင့် တစ်ယောက်၊ အဖွဲ့အစည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ရှိသေလေးစားမှုရှိရန် လိုအပ်ပါကြောင်း။

## မဏ္ဍိုင်သုံးခု၏ အခြေအနေမှန်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ၏ ပကတိအခြေအနေမှန်ကို သိရှိပြီး ပြင်ဆင်၊ တည့်မတ် ဆောင်ရွက်ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်၍ မဏ္ဍိုင်သုံးခု၏ အခြေအနေမှန်များကို ရှင်းရှင်းလင်းလင်း တင်ပြကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားလွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့မှ ရှင်းလင်းတင်ပြသည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ကြိုတင်မှန်းဆနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်

**စာမျက်နှာ ၄ သို့**

**ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်း တင်ပြစဉ်။**



**ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ရှင်းလင်း တင်ပြစဉ်။**



**ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ ရှင်းလင်း တင်ပြစဉ်။**



○ စာမျက်နှာ ၃ မှ
ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ရန် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

**လိုချင်သည့်ပန်းတိုင်**

အဆိုပါ မူဝါဒများကို နိုင်ငံတော်အစိုးရတစ်ရပ်တည်း လုပ်၍မအောင်မြင်နိုင်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှ မိမိတို့လိုချင်သည့် အရွေ့တစ်ခု၊ မိမိတို့လိုချင်သည့် ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့်ဒွန်တွဲ၍ တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန် လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကိုလေးစားစွာ ဝန်ဆောင်မှုများပေးကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံသူ နိုင်ငံသားများကို ဖိနှိပ်အုပ်ချုပ်သည့် ယန္တရားမဖြစ်ရန် အထူးလိုအပ်ပါကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအားလုံးကောင်းမှ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လိုက်ပါမဆောင်ရွက်နိုင်ပါက မိမိတို့တိုင်းပြည် ဆက်လက်ပြီး ခေတ်နောက်ကျကျန်နေမည် ဖြစ်ပါကြောင်း။

**အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU)များဖွဲ့စည်းပြီး ထိန်းကျောင်းရန် စီမံလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု ကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း။

ဝန်ထမ်းများ အခက်အခဲ၊ အကျပ်အတည်းများမဖြစ်ပေါ်အောင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စားဝတ်နေရေး အခက်အခဲ၊ အကျပ်အတည်းများရှိသည်ကို နားလည်ပါကြောင်း၊ သို့သော် မိမိတို့၏ဒုက္ခများကို ရှေ့တန်းမတင်ဘဲ၊ မမှန်မကန် အခွင့်အရေးများကို နစ်နာဆုံးရှုံးမှုဟု မမှတ်ယူဘဲ၊ တိုင်းပြည်နှင့် နိုင်ငံသူနိုင်ငံသားအားလုံး၏ ဒုက္ခဝေဒနာများကို ကုစားပေးကြရန်နှင့် မိမိတို့၏ ယာယီသက်သာမှုများထက် ပြည်သူများ၏ ရေရှည်အနာဂတ် အကျိုးစီးပွားကိုမျှော်ကိုးပြီး ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **သတင်းစဉ်**

# အခေါက်ရွှေစင်များကို တစ်ပေပတ်လည်ရွှေစင်ရွှေပြားများအဖြစ် အောင်မြင်စွာထုတ်လုပ်

**ရန်ကုန် ဇူလိုင် ၂၉**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ရှိ အမှတ် ၂၃ အကြီးစားစက်ရုံသို့ ရောက်ရှိပြီး ရွှေပြားကြိတ်စက်များဖြင့် အခေါက်ရွှေစင်များကို တစ်ပေပတ်လည် ရွှေစင်ရွှေပြားများအဖြစ် အောင်မြင်စွာထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညိုပြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့်ရွှေစင်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ရွှေစင်ပြားစက်ရုံလုပ်ငန်းဆောင်ရွက်ရန် အသေးစိတ်ညှိနှိုင်းဆွေးနွေးရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်၊ အချိန်အပိုင်းအခြားအလိုက် ဒီဇိုင်းပုံစံများဖြင့် ပြီးမြောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ရန် စီမံချက်များ ချမှတ်ပေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ရွှေစင်ရွှေပြားသက်န်းတော်များကို ရာသီမရွေး တာရှည်ကျစ်လျစ် ခိုင်မြဲစေရန် အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ ရွှေစင်ပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံစေတီတော် အလယ်ပစ္စယာတွင် လုံခြုံစိတ်ချစွာ စနစ်တကျ တည်ဆောက်၍ တာရှည်ခံ အဆင့်မြင့် ရွှေစင်ရွှေပြား သက်န်းတော်များကို ခေတ်မီနည်းစနစ် စက်ကိရိယာပစ္စည်းများကို အသုံးပြု၍ မကြာမီတာရှည်တည်တံ့ခိုင်မြဲသည့် ရွှေစင်ပြားများကို စတင်ထုတ်လုပ်တော့မည်ဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBC ၌ ကျင်းပသည့် မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း မိတ်ဆက်ပွဲသို့ တက်ရောက်အမှာ စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ ဆေးလောကတွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်လာမှုကို မြှင့်တင်ပေးရန် နိုင်ငံပိုင်စက်ရုံများတွင်လည်း သင့်လျော်ရာအခန်းကဏ္ဍများ၌ ပုဂ္ဂလိက၊ အစိုးရပူးပေါင်းဆောင်ရွက်မှု (PPP)ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ကို ပြည်တွင်း၌ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာ ဈေးကွက်အထိ တိုးချဲ့ဝင်ရောက်နိုင်ရေးကို အစွမ်းကုန် ဝိုင်းဝန်းကူညီကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဦးစိုးလင်းဟန်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလင်းဟန်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

✱ ကျောဖုံးမှ
တရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများနှင့် လုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်သည်။ အစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက အာဆီယံတရားသူကြီးချုပ်များကောင်စီ ပဋိညာဉ်နည်းဥပဒေများ၊ အာဆီယံနိုင်ငံများအကြား တရားမဆင့်စာချွအပ်ရာတွင် လိုက်နာသင့်သည့် စံသတ်မှတ်ချက်များ၊ အာဆီယံနှင့် အခြားနိုင်ငံများ တွေ့ဆုံဆွေးနွေးရေး၊ အာဆီယံတရားစီရင်ရေးပေါ်တယ်အသုံးပြုလျက် အာဆီယံတရားသူကြီးများအတွက် လေ့ကျင့်သင်ကြားရေး အစီအစဉ်များ၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးတွင် နည်းပညာအသုံးပြုမှု၊ နယ်စပ်ဖြတ်ကျော် ကလေးသူငယ်ဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းရေး၊ တရားစီရင်ရေးတွင် ကြုံတွေ့ရမည့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ အစရှိသည်တို့ကို အစီရင်ခံတင်ပြကြသည်။ တက်ရောက်လာသည့် အာဆီယံတရားသူကြီးချုပ်များနှင့် တရားသူကြီးများက ယင်းအစီရင်ခံစာများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးပြီး "စင်ကာပူကြေညာချက်" ကို သဘောတူထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်အတူ အာဆီယံဒေသတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အလင်းအိမ်စာကြည့်တိုက် ရွှေသဒ္ဒါပညာရေးဖောင်ဒေးရှင်းမှ ဂုဏ်ပြုလွှာနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၂၉**

နေပြည်တော်တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အလင်းအိမ်စာကြည့်တိုက် ရွှေသဒ္ဒါပညာရေးဖောင်ဒေးရှင်းက ချီးမြှင့်သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် မြို့နယ်အတွင်းရှိ ခြောက်ဘာသာဂုဏ်ထူးရှင်၊ ငါးဘာသာဂုဏ်ထူးရှင်၊ အင်္ဂလိပ်စာဂုဏ်ထူးရှင်၊ မြန်မာစာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများနှင့် အနော်ရထာရပ်ကွက်အတွင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလွှာနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလင်းအိမ်စာကြည့်တိုက် ရွှေသဒ္ဒါပညာရေးဖောင်ဒေးရှင်းနာယက ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) ဦးမောင်မောင်တင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်နှင့်တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ အင်္ဂလိပ်စာဂုဏ်ထူးရှင် ခုနစ်ဦး၊ မြန်မာစာဂုဏ်ထူးရှင် ကိုးဦးနှင့် ရပ်ကွက်အတွင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၃ ဦးတို့အား ဂုဏ်ပြုလွှာနှင့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မအေးရတနာခိုင်က ကျေးဇူးတင်စကားပြောကြားပြီး တော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း တည်ထောင်သူ ဆရာကြီး ဦးမြင့်ဆွေနှင့် နာယက ဦးမောင်မောင်တင်တို့က အကြံပြုစကားနှင့် ရည်ရွယ်ချက်များ ပြောကြားခဲ့သည်။

**တင်စိုးလွင်**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း တီမောကို အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပနေသည့် ၂၀၁၈ အာဆီယံယူ-၁၆ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ မြန်မာယူ-၁၆ အသင်းက တီမောအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တီမောအသင်း၏ မထင်မှတ်သည့်ရုန်းကန်မှုကြောင့် မြန်မာယူ-၁၆ အသင်း ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းသည် အနိုင်သုံးမှတ်ရယူနိုင်ခဲ့သော်လည်း နောက်တစ်ဆင့်တက်ရောက်နိုင်ရန် လက်ကျန်ပွဲများတွင် ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်လာရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ဒုတိယပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနှင့် ကစားရမည်ဖြစ်ရာ ယခုပွဲမှ အမှားများကို ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်နေသည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် တီမောအသင်း ဂိုးစတင်ရရှိခဲ့သည်။ ၄၄ မိနစ်တွင် ကော်စတာက တီမောအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၄၇ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက မြန်မာအသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ချေပဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံကောင်းလာပြီး ၆၁ မိနစ်တွင် အောင်ကိုဦးက ဒုတိယဂိုးသွင်းယူခဲ့သည်။ သို့သော် ၇၃ မိနစ်တွင် အယ်လ်ဒိုက တီမောအသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သောကြောင့် နှစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။ ၇၈ မိနစ်တွင် နိုင်ထွေးက အနိုင်ဂိုးကို သွင်းယူခဲ့သောကြောင့် မြန်မာ ယူ-၁၆ အသင်း အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# မြန်မာ ယူ-၂၃ အသင်း လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ၂၃ ဦး ရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာယူ-၂၃ အသင်းသည် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၂၃ အသင်းတွင် ရွေးချယ်ထားသည့် ကစားသမားများအနက် ထိုင်းလိဂ်ဝမ်းကလပ် Police Tero အသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး အောင်သူသည် ဇူလိုင် ၃၀ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းနှင့်အတူ ဘာရိန်း ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဖိုလ်စွဲမည်ဖြစ်သည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် အန်တွမ်နီဟေး၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ ဂိုးနည်းပြ-ကာစတန်၊ ကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ နောက်တန်း-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ အလယ်တန်း-လှိုင်းဘိုဘို၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ရှေ့တန်း-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) တို့ပါဝင်ကြသည်။ **ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်က ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်က ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ထာဝရငြိမ်းချမ်းရေး စေတီတော်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက အလှူငွေကျပ် ၁၀၁ သိန်းကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ထာဝရငြိမ်းချမ်းရေးစေတီတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားပူဇော်လျက်ရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဇူလိုင် ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက်ပိုင်းက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင် အကောက်စခန်းနှင့် လက်ပံကုန်းကျေးရွာအနီး





ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများဌာန (အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲသွေးအောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါနေရာတွင် လုပ်ငန်းခွဲခြောက်ခုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ပံကုန်းကျေးရွာဘက်တွင် လုပ်ငန်းလေးခု အလျား ပေ ၃၂၀၀ နှင့် အကောက်ခွန်စခန်းဘက်ခြမ်းတွင် လုပ်ငန်းနှစ်ခု အလျား ၈၁၇ ပေဖြစ်ရာ စုစုပေါင်း အလျား ၄၀၁၇ ပေအား ကာကွယ်ထိန်းသိမ်းထားပြီး ဖြစ်သည်။ ထို့အပြင် အဆိုပါလုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်း တွံတေးတူးမြောင်း ၃ ဒသမ ၅ မိုင်နှင့် ခုနစ်မိုင်အကြားတွင် အခြေထိန်း ကွန်ကရစ်ပိုင်တိုင်တန်းနှင့် PVC Sheet Pile များဖြင့် စုစုပေါင်း အလျား ပေ ၉၇၇၀ ကာကွယ်ထိန်းသိမ်းပြီး ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တွံတေးတူးမြောင်း ၁၅ မိုင်ရှိ အောင်စေတီဘုရား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် တွံတေးတူးမြောင်းအရှေ့ဝဲ၊ ယာရှိ Jetty ရေကာများကို လည်းကောင်း၊ ၂၀ မိုင်ရှိ တွံတေးတူးမြောင်းနှင့် တိုးမြစ်ဆုံရာနေရာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ရေဘေးကျရောက်လျက်ရှိသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး စည်းဝေး

**နေပြည်တော် ဇူလိုင် ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ညနေ၃ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄)၌ ကျင်းပသည့် ရေဘေးကျရောက်လျက်ရှိသော ဒေသများတွင် လုပ်ဆောင်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ယခုထက် ပိုမိုအရှိန်အဟုန်မြှင့် အားဖြည့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။



ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး စီမံချက် မန်နေဂျာ ဒေါက်တာကျော်ခိုင်စံက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေဘေးကျရောက်နေသော နေရာဒေသများတွင် လက်ရှိဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် မြွေဆိပ်ဖြေဆေး၊ ရေသန့်ဆေးပြားများ၊ ရေသန့်စင်စက်များ၊ ဆေးစိမ်ခြင်ထောင်များ အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဝေထားရှိသည့် အခြေအနေ၊ ကယ်ဆယ်ရေးစခန်းများတွင် ယာယီဆေးခန်း၊ ရွေ့လျားဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေ၊ လက်ရှိရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် အခြေအနေနှင့် ရေဘေးသင့်ဒေသနှင့် ကယ်ဆယ်ရေးစခန်းများတွင် ယခုလက်ရှိအချိန်အထိ ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုများမရှိသည့် အခြေအနေများကို တင်ပြသည်။

ထို့နောက်အစည်းအဝေး တက်ရောက်လာကြသူများက ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါများဖြစ်ပွားမှုကို စနစ်တကျစောင့်ကြပ်ကြည့်ရှုရန်နှင့် စောစီးစွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရေးကိစ္စ၊ လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ အချိန်မီဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စ၊ အရေးပေါ် လူနာလွှဲပြောင်းကုသရေးကိစ္စ၊ ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများနှင့် ရေဘေးသင့်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများကို လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များ၊ အရေးပေါ်နှင့် နေ့စဉ်ဆက်သွယ်သတင်းပေးပို့မှု စနစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ဘေးအန္တရာယ်ကျရောက်မှုမရှိသော နီးစပ်ရာဒေသမှ ဝန်ထမ်းများကို လိုအပ်ပါက ဘေးအန္တရာယ်ကျရောက်ရာနေရာသို့ စေလွှတ်အားဖြည့်ဆောင်ရွက်ရန်နှင့် ထိခိုက်ပျက်စီးဆုံးရှုံးသော ကျန်းမာရေးဌာနများရှိပါက စနစ်တကျမှတ်တမ်းတင် သတင်းပေးပို့၍ အမြန်ဆုံးပြင်ဆင်ဆောင်ရွက်နိုင်ရန် သဘာဝဘေးနှင့် ကျန်းမာရေးအရေးပေါ် အခြေအနေ ကြီးကြပ်ဆောင်ရွက်ရေးအဖွဲ့ကို အားဖြည့်ဖွဲ့စည်း၍ လက်ရှိဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✱ အမျိုးသားသဘာဝဘေးမှ**

စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေးအကူအညီများ ပေးအပ်ခြင်း၊ စက်တပ်လှေငါးစင်း ပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် ရေဘေးခိုလှုံရာအဆောက်အအုံ (cyclone shelter) နှစ်လုံး ဆောက်လုပ်ရန်တို့ကို စီစဉ်ဆောင်ရွက်ပေးထားသည်။

ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ရှိ စစ်တောင်းမြစ် ရေကာတာကြံ့ခိုင်မှုအတွက် စုပေါင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေသူများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကျိုက်ထိုမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း လေးခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းရှိ ရေဘေးရှောင်ပြည်သူ ၁၆၂၀ အတွက် ငွေကျပ် ၃၄၀၂၀၀၀၊ တောင်သူစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(သမလ) ရှိ ရေဘေးရှောင်ပြည်သူ ၁၁၃ ဦးအတွက် ငွေကျပ် ၂၃၇၃၀၀၊ ဇေယျာမွန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ရေဘေးရှောင်ပြည်သူ ၅၇၁ ဦးအတွက် ငွေကျပ် ၁၁၉၉၁၀၀၊ ဖက္ကလိပ်ကျေးရွာ ကိုးနဝင်းစေတီ ဓမ္မာရုံရှိ ရေဘေးရှောင် ပြည်သူ ၁၈၀ ခန့်အတွက် ငွေကျပ် ၃၇၈၀၀၀ ကို ထောက်ပံ့ပေးအပ်ထားသည်။

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်နေသဖြင့် ဇူလိုင် ၂၈ ရက်မှစ၍ စစ်တောင်းမြစ် ရေကာတာ တာမကျိုးပေါက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**○ မြစ်ရေတိုးသော်လည်းမှ**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များနှင့် ကားလမ်းများ ရေလွှမ်းနေခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် မဒေါက်တာတမံ ကျိုးပေါက်ခြင်း မရှိကြောင်း၊ ရေတားတမံကြံ့ခိုင်တောင့်တင်းမှုရှိရန် သဲအိတ်များဖြင့် ကာရံဆောင်ရွက်လျက်ရှိကြောင်း ညောင်လေးပင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးညွှန့်လွင်က ပြောသည်။

မဒေါက်မြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်ထားပြီး ယနေ့နံနက်ပိုင်းထိ အိမ်ထောင်စု ၂၀၃၂ စု၊ လူဦးရေ ၁၀၆၇ ဦးတို့သည် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိရာ အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်ဆောင်ရွက်ပေးထားပြီး စေတနာရှင် ပြည်သူများနှင့် အဖွဲ့အစည်းများက ဆန်၊ ဆီနှင့် ထမင်းထုပ်များ၊ ရိက္ခာခြောက်ထုပ်များ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျွန်တော်ချစ်သောမိုး

■ မောင်မောင်ကျော်

ပူလောင်ပြင်းပြသည့်နွေအပူကို ကြောက်ရွံ့တတ်သည့် ကျွန်တော့်အဖို့ မိုးရာသီကာလကို နှစ်သက်ခဲ့သည်။ ကောင်းကင်တစ်ခွင်မှ တိမ်မဲညိုတို့ အုံ့ကာဆိုင်း၍ ရွာမလိုဟန်ပြင်သည်နှင့် ကျေနပ်ပျော်ရွှင်မိခဲ့သည်။ နံနက် နေပူညနေရွာတတ်သည့် မိုးသဘာဝကြောင့် ပတ်ဝန်းကျင်တစ်ခွင် စွတ်စိုအေးမြသည့်အရသာကို နှစ်သက်ခဲ့မိသည်။ မိုးတစ်ပြိုက် နေတစ်ပြိုက်ဖြင့် နေသာထိုင်သာရှိခဲ့သည်။ တဖြောက်ဖြောက်ရွာသွန်းဖြိုးသည့် မိုးစက်မိုးပေါက်များကြားဝယ် အတွေးနယ်ချဲ့တတ်သလို မိုးအေးအေးတွင် စာအုပ်စာပေတို့ဖြင့် ပျော်မွေ့ခဲ့ဖူးသည်။

ဤသည်မှာ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခု၊ သုံးခု မတိုင်မီကာလက မိုးဥတုသဘာဝနှင့် မိုးကိုချစ်သည့် ကျွန်တော်၏ ခံစားမှုဖြစ်သည်။ ယခုမိုးရာသီမှာ ဤသို့ မဟုတ်တော့ပြီ။ မိုးတစ်ပြိုက် နေတစ်ပြိုက်လည်းမဟုတ်။ စိုတစ်လှည့် ခြောက်တစ်လှည့်လည်းမဟုတ်။ ကောင်းကင်တစ်ခွင်တွင် တစ်နေ့လုံးအုံ့မှိုင်းငယ်ညိုပြီး ရွာချင်သလိုရွာခဲ့ပြီ။ တစ်ခါတစ်ရံတွင် သဲကြီးမဲကြီး၊ တစ်ခါတစ်ရံတွင် တဖွဲဖွဲနှင့် မိုးမစဲ။ ရှစ်ခွင်တိုင်းတစ်ခွင်တွင် မိုးရေတက်ရေများဖြင့် ဖွေးဖွေးလှုပ်၍နေသည်။

ကျွန်တော်၏အတွေးများမှာ ယခင်ကလို မိုးအေးအေးတွင် စာအုပ်စာပေများနှင့်လည်း မမွေ့လျော်နိုင်။ မိုးအေးအေးတွင် အတွေးနွေးနွေးဖြင့် စိတ်ကူးတည့်ရာကိုလည်း အတွေးနယ်မချဲ့နိုင်။ ကျွန်တော်တွေးနေမိသည်က သတင်းစာမျက်နှာများနှင့် လူမှုကွန်ရက်မျက်နှာစာများပေါ်တွင် မြင်တွေ့နေရသည့် ရေတဖွေးဖွေးကြားမှ ရေဘေးဒုက္ခသည်များပင်။

ကျွန်တော်ချစ်သောမိုးသည် ယခင်လိုမဟုတ်တော့။ အပူဒဏ်ကို သက်သာအောင် ရွာသွန်းရုံသာမဟုတ်။ မိုးတအေးအေးနှင့် စိတ်နှလုံးမွေ့လျော်ဖွယ်လည်း မရှိ။ သောက်ရေ၊ သုံးရေ၊ စိုက်ရေးပျိုးရေး ဖူလုံလောက်ငရုံလောက်လည်းမရွာသွန်း။ အပြိုးတကြီးနှင့် မရပ်မနား ရွာသွန်းဖြိုးသောအခါ ကျွန်တော်တို့ ပြည်သူအချို့ စားရေးသောက်ရေး၊ နေရေးထိုင်ရေး၊ သွားရေးလာရေးခက်ခဲဖွယ် အစုံ ကြုံကြရသည်။ ရေဘေးဒုက္ခသည်များဘဝ ရောက်ကြရသည်။

အစောပိုင်းက မွန်၊ တနင်္သာရီ၊ နောက် ကရင်ပြည်နယ်နှင့်ရခိုင်၊ ယခုဆယ်စုနှစ်များစွာ ရေမတိုးခဲ့သည့် ပဲခူးမြစ်ရေတိုးလာပြန်၍ ရေဘေးဒုက္ခကြုံတွေ့ကြရသည်။ ရေဘေးသင့်ပြည်သူများ ရေဘေးလွတ်ရာသို့ ရှောင်ပြေးကြရသည်။ ပြည်သူများရေဘေးသင့်သည်နှင့် သက်ဆိုင်ရာနယ်မြေဒေသအလိုက်မှ အသင်းအဖွဲ့များ ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်တပ်ဖွဲ့များက အလျင်အမြန် ကူညီကြသည်ကိုတွေ့ရသည်။ ရန်ကုန်-ဘားအံ-မော်လမြိုင်လမ်းပိုင်းနှင့် ပတ်ဝန်းကျင်ဒေသများတွင် ရေဘေးအန္တရာယ်



**ကမမောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းခွဲ ရေကြီးနစ်မြုပ်နေသည်ကိုတွေ့ရစဉ်။**
**ဓာတ်ပုံ-ကမမောင်း(ပြန်/ဆက်)**

ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။ ခရီးသွားများလည်း လမ်းခရီးတွင် ပိတ်မိနေကြသည်။

မိုးမှာဆက်လက်ရွာသွန်းနေဆဲဖြစ်၍ ယခုအချိန်အထိ ရေမကျသေးချေ။ နောက်သုံးရက်အထိ မိုးလေကြီး၍ မြစ်ရေတိုးဦးမည်ဟု သိရသဖြင့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် စိတ်မသက်သာ ဖြစ်မိသည်။ မိုးများသည်နှင့် မြို့ရွာများတွင် ရေနုတ်မြောင်းများ မကောင်းခြင်း၊ ပိတ်ဆို့နေခြင်းတို့ကြောင့် ရေကြီးရေလျှံ ပိုမိုဖြစ်ကြရသည်။ မြစ်ချောင်းများမှာလည်း တိမ်ကောလာသဖြင့် ယခုနောက်ပိုင်းနှစ်ကာလများတွင် မြစ်ချောင်းမြောင်းများ ရေကြီးရေလျှံ ဖြစ်ပေါ်နေသည်မှာအစဉ်အလာကဲ့သို့ ဖြစ်နေသည်။ ရထားလမ်း၊ ကားလမ်းများရေနစ်မြုပ်မှုများမှာလည်း ထုံးစံလိုဖြစ်နေသည်။ မြစ်ချောင်းများအနီးပတ်ဝန်းကျင်ရှိ အနိမ့်ပိုင်းကျေးရွာများမှာမူ မြေနိမ့်ရာလုံ့စိုက်သကဲ့သို့ ဒုက္ခသည်ဘဝဖြင့် ရက်ရှည်နေထိုင်ကြရသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်တစ်ခွင် ရေကြီးသည်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစိုးရတာဝန်ရှိသူများက ဖြစ်ပွားရာဒေသများသို့ အလျင်အမြန်လာရောက်ကူညီထောက်ပံ့ အားပေးနှစ်သိမ့်ခဲ့ကြသည်။ ဆိုင်ရာဆိုင်ရာ အဖွဲ့အစည်းဌာနများကလည်း နိုင်သည့်ဘက်မှ တတ်နိုင်သမျှကူညီပေးလျက်ရှိသည်။ တစ်ဆက်တည်းတွင် စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် ဘီးလင်းမြစ်များ စိုးရိမ်ရေအမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသက အသိပေးထားသည်။ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသူ ပြည်သူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်နှင့် တောင်ငူမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း၌ နေထိုင်ကြသော ပြည်သူများ အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။

ရေကြီးရေလျှံမှုများမှာ ဖော်ပြပါဒေသများတွင် ဖြစ်ပွားနေပြီး နောက်ရက်များအတွင်း ဆက်လက်ရှိနေဦးမည်ဖြစ်၍ အစိုးမရသော မိုးကိုစဲပါစေတော့ဟု ဆုတောင်းမိတော့သည်။ ပဲခူးမြစ်သည် နှစ်ပေါင်းများစွာ ရေမကြီးခဲ့သည်မှာကြာခဲ့ပြီဖြစ်သည်။ ယခုနှစ်တွင်မူယခင်နှင့်မတူ ထူးထူးကဲကဲမိုးများလာသောကြောင့် ပဲခူးမြစ်လည်း ရေကြီးရေလျှံ ဖြစ်လာပြန်သည်။ ပဲခူးမြို့ပေါ်နှင့်တကွ ပတ်ဝန်းကျင်ရပ်ရွာများအားလုံးနီးပါး ရေဖုံးလွှမ်းနေသည်ကို မြင်တွေ့နေရသည်။ ပြည်သူများအလုပ်ပျက် အကိုင်ပျက်၊ ကျောင်းသား ကျောင်းသူများ စာသင်ပျက်ဖြစ်ကြရသည်။ ပဲခူးရေကြီးမှုဖြစ်ပွားလျှင် ဖြစ်ပွားချင်း နိုင်ငံတော်သမ္မတနှင့် အစိုးရတာဝန်ရှိသူများက ရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး လှူဒါန်းထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရသည်။

ယခုနှစ်မိုးရာသီတွင် မိုးအလွန်ကောင်းနေသောကြောင့် မြစ်ချောင်း အင်းအိုင် ချောင်းမြောင်းများ ရေလျှံပြီး အနိမ့်ပိုင်းဒေသများတွင် နေထိုင်ကြသည့် ပြည်သူအများ ရေဘေးဒုက္ခခံစားကြရသည်။ ဒုက္ခမျိုးစုံကြုံတွေ့ကြရသည်။ ရေဘေးသင့်ပြည်သူများအတွက် စိတ်မကောင်းဖြစ်ရသည်။ ကျွန်တော်ချစ်သော မိုးကို အပြစ်မမြင်၊ ကျွန်တော်ချစ်သောမိုးကို ဖောက်လွဲဖောက်ပြန်ဖြစ်အောင် ဖျက်ဆီးကြသူများကိုသာ အပြစ်မြင်မိသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်ပြီး ကျွန်တော်ချစ်သောမိုးမှာ ရွာချင်သလိုရွာခဲ့ချေတော့သည်။ နောင်တွင်လည်း ရေကြီးရေလျှံဖြစ်မှုများ ဖြစ်နေဦးတော့မည်။

ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျွန်တော်တို့ ပေါ့ပေါ့တန်တန်နေ၍ မဖြစ်တော့ပြီ။ နှစ်စဉ်ကြုံတွေ့နေရသည့် ရေဘေးအန္တရာယ်မှ ပြည်သူများ လွန်မြောက်နိုင်အောင် အဖြေရှာကြရတော့မည်။ ကြိုးပမ်းအားထုတ်ကြရမည်။ ကျွန်တော်ချစ်သောမိုး ပုံမှန်ရွာသွန်းဖြိုးပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ အလေးအနက် တိုက်တွန်းချင်ပါသည်။ ။

# သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံး

**နေပြည်တော် ဇူလိုင် ၂၉**

**ကရင်ပြည်နယ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဇူလိုင်၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဟောင်သရောမြစ်ရေဝင်ရောက်မှုကြောင့် ကျုံဒိုးမြို့မှ အိမ်ထောင်စု ၇၈ စု (လူဦးရေ ၃၇၅ ဦး)တို့မှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဓမ္မာရုံပါ လေးနေရာတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ခရမ်းချောင်းရေဝင်ရောက်မှုကြောင့် ကညင်တတိုက်ကျေးရွာ၌ ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၆၀ (လူဦးရေ ၂၅၇ ဦး)တို့သည် ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေ ဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၅၇ စု (လူဦးရေ ၇၃၂ ဦး)တို့သည် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းပါ သုံးခုနှင့် လှာကမြင် ဘုန်းကြီးကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကော့ရေးကျေးရွာပါ နှစ်ရွာတို့၌ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ် တစ်လုံး သစ်ပင်ပိပျက်စီးခဲ့ကြောင်း၊ မြဝတီမြို့နယ်အတွင်း သောင်ရင်းမြစ်ရေတိုက်စားမှုကြောင့် မဲ့ထော်သလေးကျေးရွာ၌ သောင်ရင်းမြစ်ကမ်းပါး ပြိုကျခဲ့သဖြင့် သွပ်မိုး၊ ပျဉ်ကာ ဆန်စက် တစ်လုံး ရွှေ့ပြောင်းခဲ့ကြောင်းနှင့် မိုးရွာသွန်းမှုကြောင့် အမှတ်(၂)ရပ်ကွက်၌ သစ်ပင်ပိ၍ ဓာတ်တိုင် တစ်တိုင် လဲကျပျက်စီးခဲ့ကြောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ပိုင်ကျုံချောင်း ရေဝင်ရောက်မှုကြောင့် ပိုင်ကျုံမြို့ ကော့စံမိန်းကျေးရွာမှ အိမ်ထောင်စု လေးစု (လူဦးရေ ၁၅ ဦး)တို့မှာ ကော့စံမိန်းဘုန်းကြီးကျောင်းတွင် ပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း သိရသည်။

**ပဲခူးတိုင်းဒေသကြီး**

ထို့အပြင် ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ညောင်ဝိုင်းရပ်ကွက်ပါ ငါးခုနှင့် သောင်လယ်ကျေးရွာပါ ၂၅ ရွာတို့၌ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၃၃၉ စု (လူဦးရေ ၆၀၉၈ ဦး)တို့မှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းပါ ၁၈ နေရာနှင့် ဆွေမျိုးများနေအိမ်တို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သနပ်ပင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သနတ္တန်းကျေးရွာပါ ငါးရွာတို့၌ နေအိမ် ၁၄၈ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ စာကြည့်တိုက် တစ်လုံး၊ ဆေးရုံအဆောင် နှစ်ဆောင်၊ ဆေးပေးခန်း တစ်ခု အမိုးလန်၊ နေအိမ် ၄၅ လုံး၊ဝန်ထမ်းအိမ်ရာ တစ်လုံး ပြိုကျပျက်စီးခဲ့ကြောင်းနှင့် တာဝရေတံခါးကျေးရွာ၌ ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၆၄ စု (လူဦးရေ ၄၀၃ ဦး)တို့သည် ဘုန်းကြီးကျောင်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဇူလိုင် ၂၈ ရက်တွင် ပဲခူးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၄၉/၁)နှင့်(၄၈/၂)ကြား၌ ရေကျော်လျက်ရှိကြောင်းနှင့် ပဲခူး-တောင်ငူရထားလမ်းပိုင်းတို့တွင် ရေကျော်မှုများ ဖြစ်ပေါ်နေသဖြင့် နေပြည်တော်မှရန်ကုန်သို့ ထွက်ခွာမည့် အမှတ်(၃၂) အစုန်(နေပြည်တော်-ရန်ကုန်) ရထားခရီးစဉ်အား ဖျက်သိမ်းထားကြောင်း၊ ကျောက်တံခါးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် အနန်းဘော်ကျေးရွာပါ သုံးရွာတို့၌ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၃၃ စု (လူဦးရေ ၁၆၀ ဦး)တို့မှာ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ညောင်လေးပင်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် မဒေါက်မြို့ မြို့မ(၁) ရပ်ကွက်ပါ ရပ်ကွက်နှစ်ခုတို့၌ ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၁၈၆ စု (လူဦးရေ ၇၅၇ ဦး)တို့မှာ ဘုန်းကြီးကျောင်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် မဒေါက်-စခန်းသာဘူတာကြား ရထားလမ်းမိုင်တိုင် အမှတ်(၁၀၂)၌ ရေကျော်လျက်ရှိသဖြင့် ရထားသွားလာမှု ခေတ္တရပ်ဆိုင်းထားကြောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် စက်ကွင်းရပ်ကွက်၌ ရေဝင်ရောက်နေသဖြင့် အိမ်ထောင်စု ၃၈ စု (လူဦးရေ ၁၇၂ ဦး)တို့သည် မေတ္တာဦး အခမဲ့ဆေးခန်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကျောက်ကြီးမြို့နယ်အတွင်း ကျောက်ကြီးချောင်းရေမြင့်တက်မှုကြောင့် ပဲခူးရပ်ကွက်ပါ ရပ်ကွက် သုံးခုနှင့် ကျောက်ခဲကြီးကျေးရွာပါ ငါးရွာတို့မှ အိမ်ထောင်စု ၈၈ စု (လူဦးရေ ၃၉၆ ဦး)တို့မှာ ဘုန်းကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်တို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် အုန်းပင်ကွေ့ကျေးရွာပါ နှစ်ရွာတို့၌ ရေဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၅ စု (လူဦးရေ ၆၁ ဦး)တို့သည် ရွာလယ်ဘုန်းကြီးကျောင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ဝေါမြို့နယ်အတွင်း ဆင်ရွာချောင်းရေမြင့်တက်မှုကြောင့် ဆင်ရွာကျေးရွာ-ဒလန္တယ်ကျေးရွာချင်းဆက်လမ်း ပေ ၃၀ ခန့် ရေတိုက်စား၊ အုတ်တံတိုင်း တစ်ခု၊ သံဆန်ခါ ခြံစည်းရိုးတစ်ခု ပြိုလဲပျက်စီးခဲ့ကြောင်း၊ တောင်ငူမြို့နယ်အတွင်း စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၁)ရပ်ကွက်နှင့် ဆင်ကြီးကျေးရွာပါ နှစ်ရွာတို့၌ ရေဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၁၂ စု (လူဦးရေ ၄၉၂ ဦး)တို့သည် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကဝမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် နဘဲပင်ကျေးရွာပါ သုံးရွာတို့၌ ရေဝင်ရောက်သဖြင့် အိမ်ထောင်စု ၁၄၀ (လူဦးရေ ၆၅၅ ဦး)တို့သည် ဘုန်းကြီးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ဇေယျဝတီရပ်ကွက်၌ နှစ်ကျိပ်ရှစ်ဆူစေတီတော် တိမ်းစောင်း၊ အရံစေတီတစ်ဆူ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**မွန်ပြည်နယ်**

အလားတူ ဇူလိုင် ၂၇ ရက်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် မစောတံတား၌ နယ်မြေခံတပ်မှတပ်ဖွဲ့ဝင်များသည် ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်စဉ် ရေစီးနှင့်အတူမျောပါသွားခဲ့ရာ ဗိုလ်ကြီး စိုင်းသူထွန်းပါသုံးဦးမှာ ဓာတ်တိုင်များအား ဖက်တွယ်မိ၍ လွတ်မြောက်ခဲ့ပြီး တပ်သား ကျော်ကျော်ပါ သုံးဦးသည် ရေစီးနှင့်အတူ မျောပါပျောက်ဆုံးနေသဖြင့် ရှာဖွေခဲ့ရာ ဇူလိုင် ၂၈ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် မစောတံတား၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၌ တပ်သား ဖြိုးရန်နိုင်ခန့်(၂၁)နှစ်၏အလောင်းအား ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် ဘိုးလှကြီးရပ်ကွက် ရန်ကုန်-မော်လမြိုင် ကားလမ်း ရေအနက်လေးပေ အလျားပေ ၂၀၀ ခန့် ရေကျော်နေသည့်နေရာ၌ ရန်ကုန်မြို့သို့ ဆေးခန်းသုံးပစ္စည်းများထုတ်ယူရန် ယာယီတာဝန်ဖြင့် နယ်မြေခံတပ်မှ ဗိုလ်ကြီး စဠွန်းဖိုး၊ ဘီးလင်းမြို့မရဲစခန်းမှ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသူ ရဲတပ်ကြပ် အောင်ဇော်လင်းပါ လေးဦး၊ ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ ထွန်းရန်နိုင်(၂၆)နှစ်ပါ အမျိုးသား လေးဦး၊ စုစုပေါင်း ကိုးဦးတို့သည် ရေကျော်သည့်နေရာအား ဖြတ်ကူးစဉ် ရေစီးအရှိန်ဖြင့် ဆက်လက်ကူးနိုင်ခြင်း မရှိသောကြောင့် ဘီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးပါ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မြေတူးစက်အကူအညီဖြင့် ကယ်တင်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ဘီးလင်းမြစ်ရေဝင်ရောက်မှုကြောင့် ကန်သာယာရပ်ကွက်ပါ ခြောက်ခုနှင့် မဲလံဂေါင်းကျေးရွာပါ ရှစ်ရွာတို့၌ အိမ်ထောင်စု ၁၀၇၆ စု (လူဦးရေ ၄၉၆၆ ဦး)တို့သည် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းရေဘေးကယ်ဆယ်ရေးစခန်းပါ ၂၉ ခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ကျိုက်ထိုမြို့နယ်အတွင်း ကဒတ်ချောင်း ရေဝင်ရောက်မှုကြောင့် ဇေယျာမွန်ရပ်ကွက်ပါ နှစ်ခု၊ ဖက္ကလိပ်ကျေးရွာနှင့် မြို့နယ်အားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတို့မှ အိမ်ထောင်စု ၁၉၉ စု (လူဦးရေ ၉၁၆ ဦး)တို့သည် ကိုးနဝင်းဓမ္မာရုံပါ ယာယီကယ်ဆယ်ရေးစခန်းလေးခုတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ဖက္ကလိပ်ကျေးရွာနှင့် သိမ်ဇရပ်မြို့ ရွာမရပ်ကွက်တို့၌ ဓနိမိုး၊ ဓနိကာနေအိမ်ပါ ရှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီသို့

**ယမန်နေ့မှအဆက်**

(၉) ကုန်းမြေနယ်နိမိတ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင့်ကဲဖြစ်စဉ်များတွင် ထင်ရှားသည့် လတ်တလောဂေဟစနစ်ဆိုင်ရာနှင့် ဇီဝဗေဒဆိုင်ရာ ဖြစ်စဉ်များ၊ သန့်ရှင်းသောရေချို၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာ ဂေဟစနစ်များနှင့် အပင်၊ တိရစ္ဆာန်များ၏ ရှင်သန်နေထိုင်ရာ ပုံစံများအား ကိုယ်စားပြုသည့် ထင်ရှားသည့် နမူနာပုံစံများဖြစ်ရန်၊

(၁၀) သိပ္ပံ(သို့) ထိန်းသိမ်းစောင့်ရှောက်ခြင်း အမြင်ရှုထောင့်မှ ကမ္ဘာ့လူသားများနှင့်ဆိုင်သည့် အထင်ကရတန်ဖိုးရှိနေသည့် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များပါဝင်နေသည့် ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းအနေအထားအတိုင်း ထိန်းသိမ်းပြုပြင်စောင့်ရှောက်ခြင်းအတွက် အရေးပါဆုံးနှင့် အထင်ရှားဆုံးသော သဘာဝမှီတင်းနေထိုင်မှုများ ပါဝင်ရန်။

**ကမ္ဘာ့အမွေအနှစ် ကြိုးပမ်းမှု**

၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး UNESCO သို့ စတင်တင်သွင်းခဲ့ပြီး ယင်းအချိန်က ကမ္ဘာ့အမွေအနှစ် သတ်မှတ်နိုင်ရန် တိကျသည့် နယ်နိမိတ်သတ်မှတ်ချက်၊ ကာကွယ်ထိန်းသိမ်းရန် ဥပဒေများ မရှိသေးသည့်အတွက် ပြဋ္ဌာန်း၊ သတ်မှတ်ပြီးမှ ပြန်လည်တင်ပြရန် UNESCO က အကြောင်းပြန်ကြားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယင်းကာလတွင် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှသာ ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး စိစစ်တင်ပြခဲ့ပါသည်။ တင်ပြခဲ့သည့် ပျူမြို့ဟောင်းသုံးမြို့အား ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၁၄ ခုနှစ် ဇွန်လ ၁၅ ရက်မှ ၂၅ ရက်နေ့အထိ ပြုလုပ်သည့် ၃၈ ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင်နိုင်ငံများ၏ တစ်ခဲနက် ထောက်ခံမှုကြောင့် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။

ဆက်လက်၍လည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး UNESCO သို့ တင်ပြနိုင်ခဲ့ပြီး UNESCO က ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအတွက် တင်ပြထားသည့် အဆိုပြုစာတွဲပါ အချက်အလက်များ၊ ဒေသတွင်း အမွေအနှစ်ဆိုင်ရာ အခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဆောင်ရွက်နိုင်ဖွယ်ရှိပြီး ၂၀၁၈ ခုနှစ် ဘာရိန်းနိုင်ငံတွင် ပြုလုပ်မည့် ကမ္ဘာ့အမွေအနှစ်ညီလာခံတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အဖွဲ့ဝင်နိုင်ငံများကို မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်မည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများက ကိုယ်စားလှယ်များနှင့် အမွေအနှစ်ချစ်မြတ်နိုးသူများက ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ထိုက်တန်ကြောင်း ရှင်းလင်းချပြခြင်း၊ဆွေးနွေးစည်းရုံးခြင်း စသည်များ ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ်တွင် ကျင်းပသည့် ကမ္ဘာ့အမွေအနှစ်ညီလာခံက ရွေးချယ်သတ်မှတ်သည့်နိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်ညီလာခံပြုလုပ်ကာ အဖွဲ့ဝင်များက ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများ၏ ကမ္ဘာ့အမွေအနှစ်ရရှိမှု အခြေအနေအရ မြန်မာနိုင်ငံသည် နည်းပါးနေသည့် အခြေအနေတွင်ရှိနေသော်လည်း အမွေအနှစ်အဆင့်အတန်းနှင့် တန်ဖိုးသည် နိမ့်ပါးသည့်အခြေအနေတွင် မရှိပါ။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်သည့် အဆင့်အတန်း၊ တန်ဖိုးရှိသည့် ခေတ်ကာလအလိုက် ကျန်ရှိနေသည့် အမွေအနှစ်ဒေသ၊ အဆောက်အအုံများ မြန်မာနိုင်ငံတွင် များစွာရှိနေပါသည်။ လက်ရှိအနေအထားအရ အရှေ့တောင်အာရှနိုင်ငံများတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အများဆုံးရရှိထားပြီးဖြစ်သည့် နိုင်ငံမှာ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ဖြစ်ပြီး ကမ္ဘာ့အမွေအနှစ်နေရာ ရှစ်နေရာ၊ ဖိလစ်ပိုင်က ခြောက်နေရာ၊ မလေးရှားက လေးနေရာ၊ ကမ္ဘောဒီးယားက လေးနေရာ၊ လာအိုက နှစ်နေရာ အသီးသီးဖြစ်ပြီး မိမိတို့ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့က တစ်နေရာစီ ရရှိထားသည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ် မျှော်မှန်းဒေသ**

ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် အခြေခံအားဖြင့် ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများဖြစ်သည့် ခိုင်မာမှု၊ စစ်မှန်မှု စသည့် အချက်များနှင့် ပြည့်စုံလုံလောက်မှုရှိရန် လိုအပ်ပါသည်။ ယင်းအချက်များနှင့် ပြည့်စုံနေသည့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြောက်ဦးအမွေအနှစ်ဒေသသည် ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီနှင့် အခြားအမျိုးအစား ရှေးဟောင်းအဆောက်အအုံတို့ တစုတစည်း ပေါင်းစပ်တည်ရှိနေခြင်း၊ ခိုင်လုံသော အထောက်အထားများ မျက်မြင်လက်တွေ့တွေ့ရှိနေခြင်းသည် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ခိုင်လုံနေသည့် အထောက်အထား၊ အထောက်အပံ့တစ်ခုဟု ဆိုနိုင်ပါသည်။

ရခိုင်သမိုင်းကြောင်းအရ အဓိက သမိုင်းခေတ်ကြီး လေးခေတ်ရှိခဲ့ရာ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးဟူ၍ဖြစ်ပြီး ယင်းခေတ်လေးခေတ်တွင် မြောက်ဦးခေတ်သည် ရခိုင်မင်းဆက်၏ နောက်ဆုံးကာလ ဖြစ်ခဲ့ကြောင်းနှင့် နှစ်ပေါင်းရှည်ကြာစွာ တည်တံ့ခဲ့သည့် အမွေအနှစ်ဒေသတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

မြောက်ဦးခေတ်ကာလ သမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှု အထောက်အထား၊ ယဉ်ကျေးမှုအမွေအနှစ်တို့ ရှင်သန်ကြီးမားလာမှု၊ အိမ်နီးချင်းနိုင်ငံတို့မှ အနုပညာများနှင့် ဒေသတွင်း အနုပညာသည်တို့၏ ရောယှက်ပေါက်ဖွားမှု၊ အနုလက်ရာတို့၏ ခံ့ညားထည်ဝါမှုတို့သည် သမိုင်း၊ ယဉ်ကျေးမှု မည်မျှထွန်းကားခဲ့၊ မည်မျှအထိပြန့်ပွားခဲ့သည်ကို မြောက်ဦးဒေသအတွင်း သွားရောက်လေ့လာကြည့်လျှင် တွေ့မြင်သိရှိနိုင်ပါသည်။

ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း အထောက်အထားများ ဖြစ်သည့် ရေးသားမှုဆိုင်ရာ အထောက်အထား ကျောက်စာများ၊ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကိုဖော်ပြနေသည့် ဘုရားပုထိုး၊ ရှေးဟောင်းအဆောက်အအုံများ၊ ကျောက်ဆစ်ကနုတ်ပန်းလက်ရာ စသည်တို့သည် တန်ဖိုးထားဖွယ်နှင့် တန်ဖိုးမြင့်မားသည့် အနုပညာယဉ်ကျေးမှုတို့ ပိုင်ဆိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း ဖော်ညွှန်းပြသနေပါသည်။ ခိုင်မာသည့်ယဉ်ကျေးမှုအထောက်အထားများကို ရှေးလူကြီးများက ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းသယ်ဆောင်ခဲ့သည်မှာ ယနေ့ခေတ်အထိဖြစ်ကြောင်း ကျန်ရှိနေသည့် ရှေးဟောင်းအဆောက်အအုံများက သက်သေအဖြစ်တွေ့ရှိနိုင်ပါသည်။

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ရခိုင်တစ်မျိုးသားလုံးအတွက်သာမက မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ဖြစ်ပါသည်။ မြောက်ဦးဒေသရှိ ဗုဒ္ဓဘာသာ အမွေအနှစ်ဘုရား၊ စေတီပုထိုးများ၊ ပိဋကတ်တိုက်များစသည့် ဘာသာရေးဆိုင်ရာ ရှေးဟောင်းအဆောက်အအုံများ၊ နန်းတော်ရာများ၊ ကာကွယ်ရေးဆိုင်ရာ သဘာဝခံတပ်များ၊ ကျုံး၊ မြို့ရိုးများ စသည်တို့သည် ရခိုင်အမျိုးသားတို့၏ မူရင်းနန်းစံရာ နေရာဒေသတစ်ခုဖြစ်သည့် တန်ဖိုးမဖြတ်နိုင်သော မြို့ပြလူနေမှုစနစ်ကို အခိုင်အမာဖော်ပြနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**မောင်ဇေ**

ထိုသို့ အနုပညာစွမ်းရည်မြင့်မားပြီး ပြည့်စုံလုံလောက်သည့် အမွေအနှစ်များ တည်ရှိနေသည့်ဒေသကို ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုစာတွဲ (မူကြမ်း) နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အဆိုပြုစာတွဲ (အပြည့်အစုံ)ကို အပြီးသတ်ရေးသားကာ UNESCO သို့ တင်ပြသွားမည်ဖြစ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် အမွေအနှစ်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းခြင်းကို နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့အမွေအနှစ် သတ်မှတ်နိုင်ရေး UNESCO တင်ပြခြင်းလုပ်ငန်းများကိုလည်း ဒေသဆိုင်ရာများ၊ အမွေအနှစ်ချစ်မြတ်နိုးသူများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ တစ်ဖက်က ဆောင်ရွက်လျက်ရှိပါသည်။

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် နိုင်ငံတကာအဆင့်၊ အမျိုးသားအဆင့်၊ ပြည်နယ်အဆင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အဆင့်အလိုက် ကော်မတီ၊ ဆပ်ကော်မတီများကို နိုင်ငံတော်အစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်စေခဲ့ရာ ယခုကာလအထိ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး ခရီးအတန်အသင့် ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

**လုပ်ငန်းတာဝန်များ ခွဲဝေဆောင်ရွက်**

ဒေသနေပြည်သူများ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုချစ်ခင်မြတ်နိုးပြီး ထိရောက်စွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ် ပိုမိုလာစေရန် စည်းရုံးခြင်းလုပ်ငန်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မူလသွင်ပြင်လက္ခဏာများဖော်ထုတ်ထိန်းသိမ်းရေး၊ မြောက်ဦးဒေသ၏ အဓိကလေ့လာရမည့် အရင်းအမြစ်တစ်ခုဖြစ်သည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ မူလအနေအထားများ ရှာဖွေဖော်ထုတ်ရေး၊ မြောက်ဦးဒေသရှိ ကမ္ဘာ့အဆင့်ရှိ စံတန်ဖိုးများ ရှာဖွေဖော်ထုတ်ခြင်း၊ စာရင်းသွင်းရေးမှတ်ခြင်း၊ မြေပုံပေါ်တွင် မှတ်တမ်းတင်ခြင်း၊ တိကျသည့် အမွေအနှစ်ဇုန် သတ်မှတ်နိုင်ရေးဆောင်ရွက်ခြင်း၊ အဆိုပြုစာတွဲတွင် ရေးသားဖော်ပြနိုင်ရေးအတွက် ပိုမို၍သက်သေထင်ရှားသည့် အထောက်အထားများ ရွေးချယ်သတ်မှတ်ခြင်း၊ ဒေသတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ မှတ်တမ်းပြုစုခြင်း၊ မူလကတည်းကတည်ရှိခဲ့သည့် သဘာဝပတ်ဝန်းကျင်အနေအထား မပျောက်ပျက်စေရေး ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အစိုးရတစ်ခုတည်း၊ တစ်ရပ်တည်းအနေဖြင့် သီးသန့်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း မဟုတ်ဘဲ ပြည်နယ်ရှိ ဒေသခံအမွေအနှစ်ချစ်မြတ်နိုးသူများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ခြင်းဖြစ်ပြီး နိုင်ငံတကာ အထောက်အပံ့များအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အီတလီနိုင်ငံတို့၏ အကူအညီများ၊ UNESCO ၏ ပံ့ပိုးကူညီမှုများ စသည်ဖြင့် ပူးပေါင်းမှုအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းပြီးမြောက်မှုတိုးတက်မှုနှုန်းသည် လျင်မြန်သွက်လက်နေပါသည်။ ထို့အတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၏အကျိုးရလဒ် ကောင်းမွန်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

မြောက်ဦးဒေသသည် ယဉ်ကျေးမှုအမွေအနှစ်သာမက သဘာဝအမွေအနှစ်ဖြစ်သည့် လှပသည့် ရှုခင်းများကိုပါ အမွေအနှစ်ရရှိခဲ့သည့် ဒေသဖြစ်သည်နှင့်အညီ လှပသော တောင်တန်းများ၊ ရစ်ခွေစီးဆင်းနေသည့် မြစ်ချောင်း၊ ကြာနီ၊ ကြာဖြူတို့ ဖူးပွင့်လှပသည့် အင်း၊ အိုင်တို့သည် မြို့ပတ်ဝန်းကျင်ကို လှပစေရန် လွှမ်းမိုးထားသည်ကို တွေ့ရပါမည်။ သိမ်မွေ့နူးညံ့သော အလုပ်တရားများဖြင့် ပိုင်ဆိုင်နေသောဒေသသည် အမွေအနှစ်တန်ဖိုးကို တစ်ဖက်တစ်လမ်းက မြှင့်တင်နေပြီး ဒေသနေပြည်သူတို့၏ အမွေအနှစ်အပေါ် တန်ဖိုးထားမြတ်နိုးစိတ်နှင့် ကာကွယ်ထိန်းသိမ်းလိုသည့် စိတ်တို့သည် အမွေအနှစ်ရေရှည်တည်တံ့စေရေး ကြီးမားသောအထောက်အပံ့ ဖြစ်နေသကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက်လည်း အထောက်အကူတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြန်မာ့မြေပေါ်ရှိ ကမ္ဘာ့အမွေအနှစ်အဖြစ် ထပ်မံကမ္ပည်းထိုးမှတ်တမ်းတင်နိုင်ရန် မဝေးတော့ပါကြောင်း။ ။

> “သိမ်မွေ့နူးညံ့သော အလုပ်တရားများဖြင့် ပိုင်ဆိုင်နေသောဒေသသည် အမွေအနှစ်တန်ဖိုးကို တစ်ဖက်တစ်လမ်းက မြှင့်တင်နေပြီး ဒေသနေပြည်သူတို့၏ အမွေအနှစ်အပေါ် တန်ဖိုးထားမြတ်နိုးစိတ်နှင့် ကာကွယ်ထိန်းသိမ်းလိုသည့် စိတ်တို့သည် အမွေအနှစ်ရေရှည်တည်တံ့စေရေး ကြီးမားသောအထောက်အပံ့ ဖြစ်နေသကဲ့သို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက်လည်း အထောက်အကူတစ်ခုဖြစ်”

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာအောင်မျိုးဟိန်း၊ မြို့နယ်ဒုတိယပညာရေးမှူးနှင့် တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်အောင်ကြိုးစားတဲ့ကြားက နှေးနေသေးတယ်ဆိုရင် ရုံးဖုန်းတွေကို ရအောင်ဆက်သွယ်ပါ

**နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်တင်ပြလိုက်ပါသည်-**

**မေး ။ ။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အချို့မှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဒီရေဘေးဒုက္ခသည်တွေအတွက် ကူညီဆောင်ရွက်မှုအပိုင်းကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ရေကြီး ရေလျှံမှုနဲ့ ပတ်သက်တဲ့အခါ နံပါတ်(၁)က ရွှေ့ပြောင်းရတယ်။ ယာယီစခန်းတွေ ရေဘေးရှောင်စခန်းတွေမှာ နေရတယ်။ အခုကျွန်တော်တို့ တွေ့တာကတော့ တချို့နေရာတွေမှာ လူဦးရေနဲ့ ရှိတဲ့ နေရာမမျှတတဲ့ ပုံစံမျိုးရှိတယ်။ အခု စာသင်ကျောင်းတွေ ဘုန်းကြီးကျောင်းတွေမှာပဲ နေရတယ်။ နေတဲ့အခါကြတော့ လူများတယ်။ အဓိက ရင်ဆိုင်ရတဲ့ပြဿနာက အညစ်အကြေးစွန့်တဲ့ ပြဿနာတွေရှိလာတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ သတိထားစရာတွေ ဖြစ်ပေါ်လာတယ်။ အညစ်အကြေး စွန့်မယ့်နေရာက နည်းတယ်။ လူတွေက များတယ်။ နေရာတစ်နေရာထဲမှာ အဲဒါမျိုးတွေရှိတယ်။ လတ်တလောဖြေရှင်းနည်းတွေနဲ့ ရသလောက်တော့ ဖြေရှင်းပေးထား တယ်။ ရေဘေးရှောင်စခန်းဆိုတာ အခိုက်အတန့်ပဲ၊ တစ်ပတ်တန် သည်ဖြစ်စေ၊ ၁၀ ရက် တန်သည်ဖြစ်စေ ဒီလိုပဲနေရတာပါ။ ဒီနေ့ကတော့ မနေ့ကထက်စာရင် ပဲခူးတိုင်းဒေသကြီးမှာ ရေက တန့်နေသေးတယ်။ ကျတာ မရှိဘူး။ ဘီးလင်းမှာတော့ မနေ့က တော်တော်လေးတက်ပြီး ဒီနေ့တော့ နည်းနည်းတန့်နေတယ်။

လက်ရှိအခြေအနေကတော့ ရေဘေးသင့်ပြည်သူတွေအနေနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ဇူလိုင် ၂၈ ရက် ညနေအထိက တစ်သောင်းရှစ်ထောင်ခုနစ်ရာကျော်ရှိတယ်။ ဇူလိုင် ၂၉ ရက်မှာတော့ နှစ်သောင်းကျော်သွားပြီ။ မွန်ပြည်နယ်မှာလည်း တစ်သောင်းခုနစ်ထောင်၊ တစ်သောင်းရှစ်ထောင်ရှိတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း ခြောက်ထောင်ကျော်လောက်ရှိတယ်။

အခုလောလောဆယ် သတိထားနေရတာက မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးပါ။ ကရင်ပြည်နယ်မှာလည်း ဖြစ်နေတယ်။ ကရင်ပြည်နယ်မှာ တစ်သောင်းလေးထောင်နီးပါးလောက် ရေဘေးသင့်ပြည်သူတွေရှိတယ်။ အဓိက အခုဖြစ်နေတဲ့ ပဲခူးတိုင်းဒေသကြီး တစ်ခုလုံးမှာ ရေဘေးကယ်ဆယ်ရေးစခန်း ၄၂ ခုရှိတယ်။ ပြန်ပိတ်ဖို့ကတော့ လတ်တလောမဖြစ်နိုင်သေးဘူး။ မွန်ပြည်နယ် ဘီးလင်းကလည်း ဖြစ်နေပြီဆိုတော့ နဂိုရှိတာကတော့ စခန်းပေါင်း ၃၉ ခုရှိတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာလည်း စခန်း ၁၃ ခုလောက်ရှိတယ်။ ကရင်ပြည်နယ်မှာ စခန်း ၅၂ ခုရှိတယ် ။

**မေး ။ ။ တာဝန်ရှိသူတွေအနေနဲ့ အခုနောက်ထပ် ဘာတွေဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကနေပြီးတော့ ပိုမိုပြီး ထောက်ပံ့ပေးနိုင်ဖို့ လုပ်နေတာရှိတယ်။ ဥပမာအားဖြင့် မဒေါက်မှာ ရေကာတာ ပေါက်မထွက်ဖို့ အလွန်အရေးကြီးတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဌာနအသီးသီးကနေပြီးတော့ ပြည်သူတွေ ပူးပေါင်းပါဝင်ပေးဖို့လိုတယ်။ ဒါမျိုးတွေ ကျွန်တော်တို့က တိုက်တွန်းမယ်၊ ကြီးကြပ်မယ်၊ တစ်ကယ်ဖြစ်အောင် ဆောင်ရွက်ပေးမယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက ထောက်ပံ့ကူညီနေတဲ့ ဝန်ကြီးဌာနပါ၊ လိုအပ်တဲ့နေရာကို အလျင်အမြန် တုံ့ပြန်သွားမယ်။

ဥပမာ ပဲခူးတို့၊ သနပ်ပင်တို့မှာ ရေကြီးတဲ့ကြားက ပြီးခဲ့တဲ့ တစ်ရက်ကျော်က လေဘေးကြုံလိုက်တယ်။ တစ်ခါတည်း အိမ်တွေအမိုးလန်တာ၊ ပြိုတာတွေ ဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့ လိုက်ထောက်ပံ့နေတယ်။ အဲဒါမျိုးတွေကို ကျွန်တော်တို့က လတ်တလောမဆိုင်းမတွ တုံ့ပြန်တဲ့ ပုံစံမျိုးနဲ့ ကျွန်တော်တို့အဖွဲ့က မရပ်မနားပြည်သူတွေရဲ့ လိုအပ်ချက်ကို လိုက်လုပ်ပါတယ်။ အဲဒါတွေက ကျွန်တော်တို့ လုပ်တဲ့အလုပ်တွေပါ။ ဒါပေမယ့် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက အားကောင်းပါတယ်။ ပဲခူးမှာဆိုရင်လည်း လူမှုရေးအဖွဲ့တွေက အများကြီး ကောင်းပါတယ်။ ဥပမာ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးအဖွဲ့ကလည်း ရောက်လာပြီးတော့ ထမင်းထုပ်ဝေတာတွေ လုပ်တယ်။

လူမှုရေးအသင်းတွေကလည်း ဒီလိုမျိုး ထမင်းထုပ်ဝေတာတို့၊ ကူညီထောက်ပံ့တာတို့၊ ရေသန့်ဘူးဝေတာတို့ လုပ်နေပါတယ်။ နီးစပ်ရာ ပဲခူးတိုင်းဒေသကြီးဆိုရင် ဥပမာ ညောင်လေးပင်၊ ပြွန်တန်ဆာ၊ ပိန်းဇလုပ်တို့ စသည်ဖြင့် တိုက်နယ်လေးတွေကနေပြီးတော့ မြို့နယ်မှာ ဖြစ်နေတာကို အဖွဲ့လိုက် လာပြီးတော့ ထမင်းထုပ်ဝေတာတို့၊ ရေသန့်ဘူးဝေတာတို့ လုပ်နေတာတွေ့တယ်။ ပြည်သူတွေက ပူးပေါင်းပါဝင်နေကြတယ်ဆိုတာ တွေ့ရပါတယ်။ အစိုးရကလည်း လိုအပ်တာတွေ ထောက်ပံ့နေတယ်။ သူတို့ ကိုယ့်ဟာကိုယ် ထမင်းချက်စားလို့ မရနိုင်ဘူးဆိုတာ သိတဲ့အခါကျတော့ လက်ထဲမှာ ငွေနည်းနည်းရှိရင် မဆိုးဘူးဆိုပြီး ကျွန်တော်တို့က တစ်နေ့ကို ဘယ်လောက်နှုန်းနဲ့ ဆိုပြီး တွက်ပြီးတော့ ငွေကို လက်ထဲထည့်လိုက်တယ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

ဘာကြောင့်လဲဆိုတော့ သူတို့ကို ဒီလို ချက်ပြုတ်ကျွေးပြီးတော့ ထမင်းထုပ်ဝေတဲ့ဟာတွေက မပြတ်ကို ရှိနေတယ်။ သူတို့လက်ထဲမှာ ငွေလေးရအောင်ဆိုပြီးတော့ ဖန်တီးတယ်၊ လိုအပ်ရင် ကျွန်တော်တို့ ထပ်ပြီးတော့ ပံ့ပိုးမယ်။ ဒီလိုမျိုး ကျွန်တော်တို့ ဆောင်ရွက်နေတာ ရှိပါတယ်။ ကိုယ်ဝန်ဆောင်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးလေးတွေ၊ မွေးကင်းစကနေ ခြောက်လအောက် ကလေးတွေအတွက် အမေတွေကို ငွေထောက်ပံ့တဲ့ စနစ်တွေလည်း ကျွန်တော်တို့ လုပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လိုအပ်မှုတွေ ပိုရှိလာနိုင်တယ်။

**မေး ။ ။ ပြည်သူ တွေအနေနဲ့ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့မယ်ဆိုရင် ဆက်သွယ်အကူအညီတောင်းခံနိုင်မယ့် လိပ်စာနဲ့ ဖုန်းနံပါတ်ကိုလည်း ပြောကြားပေးစေချင်ပါတယ်။**

ဖြေ ။ ။ ဒါက အမြဲတမ်း TV မှာလည်းပါတယ်။ ကြေညာနေတာတွေလည်း အမြဲတမ်းရှိတယ်။ ဖုန်းနံပါတ် ၀၆၇၃၄၀၄၆၆၄၊ ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်လို့ရပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ပြောချင်တာက ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်သူတွေရဲ့ ဒုက္ခကို ကျွန်တော်တို့ မျှဝေ ခံစားတယ်။ အခုဖြစ်နေတဲ့ အရာဟာတစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ ရာသီဥတုတွေ ဖောက်ပြန်ပြီးတော့ ဖြစ်နေတယ်။ ကမ္ဘာ့နိုင်ငံအရပ်ရပ်မှာဖြစ်ပါတယ်။ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။

အခြားနိုင်ငံတွေမှာ ဒီထက်ဆိုးတဲ့ အခြေအနေတွေလည်း ရင်ဆိုင်နေရတာရှိတယ်။ ဘယ်လိုပဲ ရင်ဆိုင်နေရနေရ အတတ်နိုင်ဆုံး ကျွန်တော်တို့အနေနဲ့ ပြည်သူတွေနဲ့ ပူးပေါင်းပြီးတော့ မဖြစ်ခင် ကြိုတင်ကာကွယ်တဲ့လုပ်ငန်း၊ ထိထိရောက်ရောက်တုံ့ပြန်တဲ့လုပ်ငန်း၊ ပြန်လည်ထူထောင်တဲ့လုပ်ငန်းတွေမှာ ထိထိရောက်ရောက် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ အမြဲတမ်းရှိတယ်။ တကယ်လည်း အားထုတ်ကြိုးစားနေပါတယ်။

တစ်ခါတလေကျရင် ကျွန်တော်တို့ ဝန်ထမ်းအင်အားကလည်း နည်းတယ်၊ မရောက်သေးဘူး၊ မလာသေးဘူး၊ အဲဒီလိုမျိုးတွေလည်း ရှိတတ်ပါတယ်။ ကျွန်တော်တို့က လိုအပ်ချက်တွေ မှန်သမျှကို အရေးပေါ်ရင်ပေါ်သလို ကျွန်တော်တို့ကို ဆက်သွယ်ပါ၊ အရေးတကြီး လိုအပ်တာတွေရှိလို့ ဆက်သွယ်လိုက်ရင် ကျွန်တော်တို့က ဦးစားပေးအနေနဲ့ လုပ်ပေးပါမယ်။

ပုံမှန်အားဖြင့် ကျွန်တော်တို့ ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်တာ အကုန်လုံးကိုတော့ လုပ်နေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က လျင်မြန်အောင် ကြိုးစားနေတယ်။ သို့သော် လျင်မြန်အောင် ကြိုးစားတဲ့ကြားက နှေးနေသေးတယ်ဆိုရင်၊ အထူးလိုအပ်တယ်ဆိုရင် ဆက်သွယ်လိုက်ပါ။ အထူး ဆက်သွယ်တယ်ဆိုတာ ရုံးဖုန်းတွေကို ရအောင်ဆက်သွယ်ပါ။ ရအောင်ဆက်သွယ်လိုက်ရင် ပိုပြီးတော့ ဦးစားပေး ဆောင်ရွက်လို့လည်းရတယ်။ ပိုပြီးတော့ အာရုံစိုက်လို့လည်းရတယ်။ ကျွန်တော်တို့ရှိတဲ့ အင်အားနဲ့ အစွမ်းကုန်ကြိုးစားနေတယ်လို့ ပြောချင်ပါတယ်။

**သတင်းအဖွဲ့**

# ရွှေခါးပတ်ချန်ပီယံလုပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး GOLDEN BELT CHAMPIONSHIP 2018 ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ၅၄ ကီလိုတန်း ခန့်မောင်(ဗမာ့သွေး)နှင့် ဝမ်းဝမ်း(သုံးပန်လှ)ပွဲစဉ်တွင် ခန့်မောင်က အမှတ်ဖြင့်အနိုင်ရခဲ့သည်။

၅၇ ကီလိုတန်း စွမ်းထက်နိုင်(ဗမာ့သွေး)နှင့် ကောင်းကောင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)ပွဲစဉ်တွင် ကောင်းကောင်းက အနိုင်ရရှိခဲ့သည်။

၆၀ ကီလိုတန်း ဆူးမိုက်(ရွှေမည်းမြေ)နှင့် စောလူပျို (သုံးပန်လှ)ပွဲစဉ်တွင် ဆူးမိုက်က အမှတ်ဖြင့် အနိုင်ရခဲ့သည်။

၆၃ ဒသမ ၅ ကီလိုတန်း ရာအူးဖလုံ(ရွှေမိုးထိ)နှင့် သပြေညို(Adventure)ပွဲစဉ်တွင် သပြေညို၏ ဘယ်ညာဝိုက်လက်သီးချက်များကြောင့် ရာအူးဖလုံ ရှုံးနိမ့်ခဲ့ရသည်။

၆၇ ကီလိုတန်း အောင်ဟိန်း(သုံးပန်လှ)နှင့် ချိုင်းထူး(နဂါးမာန်)ပွဲစဉ်တွင် ချိုင်းထူးက အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ပရိသတ်များအကြိုက်တွေ့ခဲ့သည့် ပြိုင်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

၄၉-၅၃ ကီလိုတန်း အမျိုးသမီးပွဲစဉ် လင်းယုန်မေ(ဗမာ့သွေး)နှင့် စိန်တစ်ပွင့်(ဇာတိမာန်)ပွဲစဉ်တွင် လင်းယုန်မေက အနိုင်ရခဲ့သည်။

ယနေ့ပွဲစဉ်သို့ မြန်မာနိုင်ငံအတွင်းရှိ ဒေသအချို့တွင် လမ်းခရီးသွားလာမှုအခက်အခဲများရှိခြင်းကြောင့် ကစားသမားအချို့ လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိကြောင်း သိရသည်။

ရွှေခါးပတ်ချန်ပီယံလုပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးရာလက်ဝှေ့ကလပ်အသင်းပေါင်းစုံမှ အကောင်းဆုံးလက်ဝှေ့သမားများကို ဖိတ်ခေါ်ပြီး ဝိတ်တန်းအလိုက် အတန်းခုနစ်တန်းတွင် တစ်တန်းလျှင် ရှစ်ဦးရွေးချယ်ကာ ကွာတားဖိုင်နယ်၊ ဆီမီး ဖိုင်နယ်၊ ဗိုလ်လုပွဲအဆင့်ဆင့်ယှဉ်ပြိုင်ပြီး ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ ခုနစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပွဲတွင် အမျိုးသမီးဝိတ်တန်း တစ်တန်းပါဝင်မည်ဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံတစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။

**အေးမင်းသူ၊ ဟိန်းထက်လင်း**

# မုက္ခမူတာ ကျိုးပေါက်မှု သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၉**

ညောင်လေးပင်မြို့နယ် မုက္ခမူတာ ကျိုးပေါက်မှုဖြစ်ပေါ်နေပါသဖြင့် ပတ်ဝန်းကျင်မှ ကျေးရွာများဖြစ်သည့် ငါးကျီးအိုင်၊ ဗမော်တော၊ ဧက ၅၀၀၊ ချောင်းကျိုး၊ စည်ပင်နှင့် လေးအိမ်စုရွာများသို့ ရေဝင်ရောက်ပြီး ရေကြီးရေနစ်မှုများ ဖြစ်ပေါ်လာနိုင်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်ဆောင်ရွက်နိုင်ပါရန်နှင့် ပြည်သူလူထုကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ ရခိုင်စည်တော်ရွမ်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့်စကား ပြောကြားထားပြီး ဂေါပကအဖွဲ့ဦးဆောင်နာယက ဦးဘရွှေက သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဗဟန်းမြို့နယ် မဏ္ဍလာကံယုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေတုထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးစိုးဝင်းက လှူဒါန်းရခြင်းအကြောင်းကို လျှောက်ထားပြီး ဗဟန်းမြို့နယ် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဉာဏထံမှ ဝါဆိုသင်္ကန်းလှူဒါန်းရခြင်း သြဝါဒတရားတော်ကို ပရိသတ်များက နာကြားကြကာ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာကြားကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးတင်ညွန့်က ကျေးဇူးတင်စကားလျှောက်ထားပြီး ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစောသိန်းက "ရန်ကုန်မှာရှိတဲ့ အဂ္ဂမဟာဘွဲ့ရ ရခိုင်ဆရာတော်ကြီးတွေ၊ အခြားပင့်ဖိတ်ထားတဲ့ဆရာတော်တွေ၊ ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးက ရန်ကုန်မှာရောက်နေတဲ့ ဆရာတော်ကြီးတွေအားလုံး ၃၉ ပါးကို ဝါဆိုသင်္ကန်းကပ်လှူတဲ့ပွဲဖြစ်ပါတယ်။ အခုလို ရခိုင်ဆရာတော်ကြီးတွေကို တစုတစည်းတည်းဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောသည်။

**သတင်းစဉ်**



# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ တေးသံရှင်များ အခမဲ့တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဇူလိုင် ၂၇ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတတီးဝိုင်းအဖွဲ့နှင့် တေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲ ကျင်းပခဲ့သည်။

အဆိုပါဖျော်ဖြေပွဲတွင် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ ဖြူလှ၊ Aဒေး၊ မေသဇင်၊ ဇင်သူဇာထွန်း၊ R ဝါလင်း၊ ဖုန်းဝေသွင်၊ စလားနှင့် လင်းသစ်တို့က နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖျော်ဖြေခဲ့ကြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုစိတ်ဝင်စားလာစေရေးနှင့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေနိုင်စေရေးတို့အတွက် လစဉ် တစ်လတစ်ကြိမ် အခမဲ့ဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ ဒေသအသီးသီး၌နေထိုင်ကြပုံကို တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။

**သတင်းစဉ်**

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်အရ-

**စစ်တောင်းမြစ်**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ခုနစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ်**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ပဲခူးမြို့တွင် အမြင့်ဆုံးစံချိန်တင်ရေမှတ်မှ တစ်ပေခန့် ပြန်လည်ကျဆင်းခဲ့သည်။


**သံလွင်မြစ်**


သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။


**ဘီးလင်းမြစ်**


ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။


**ကြေးမုံ**




ကြေးမုံ



# မွန်ပြည်နယ် ဘီးလင်းမြို့နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအား ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**ကျောက်တံခါး ဇူလိုင် ၂၉**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့်အတူ ဘီးလင်းမြို့ ယာယီရေဘေးရှောင် စခန်းများရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး လိုအပ်သောဆန်ရိက္ခာဖိုး၊ စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေး အကူအညီများပေးအပ်ခြင်း၊ ကယ်ဆယ်ရေးတာဝန်ထမ်းဆောင်နေစဉ် ပျောက်ဆုံးခဲ့သော တပ်မတော်သား သုံးဦးအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ စက်တပ်လှေငါးစင်း ပေးအပ်ခြင်းနှင့် ရေဘေးခိုလှုံရာ အဆောက်အအုံ (cyclone shelter) နှစ်လုံး ဆောက်လုပ်ရန်တို့ကို စီစဉ်ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘီးလင်းမြို့ပေါ်ရှိ သာသနဝိပုလ္လကာရီ ဘုန်းတော်ကြီးကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသော ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာဖိုး၊ စားသုံးဆီ၊ ငါးသေတ္တာနှင့် လူမှုရေး အကူအညီများ ထောက်ပံ့ပေးပြီး ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များ အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကွင်းချောင်းဝကျေးရွာ ဆေးချောင်းဝဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသော ရေဘေးရှောင် ပြည်သူများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်ရိက္ခာဖိုးများ၊ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၁၁၀ ကျော်အား ပေးအပ်သည်။



ဆက်လက်၍ ကျောက်ကြီးမြို့နယ် နတ်သံကွင်းမြို့ရှိ စစ်တောင်းမြစ် ရေကာတာ ရေတိုးဝင်မှု အခြေအနေကို ကြည့်ရှုပြီး ရေကာတာကြွံခိုင်မှု အတွက် စုပေါင်း၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေကြသော ပြည်သူများကို ကျေးဇူးတင် အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ကျောက်ကြီးမြို့နယ် မိုးကုတ်ဝိပဿနာ ဘုန်းတော်ကြီးကျောင်း တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများ ကို အားပေးစကား ပြောကြားပြီး ဆန်ရိက္ခာဖိုးများ၊ မသန်စွမ်းများ၊ ကိုယ်ဝန် ဆောင်များ၊ မွေးကင်းစကလေးများနှင့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၅၉ သိန်းကျော်ကို ပေးအပ်သည်။ **သတင်းစဉ်**

# ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀၀၀ လှူဒါန်းသွားမည်

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံအတွင်း လတ်တလော ရေကြီးရေလျှံ ဖြစ်ပွားနေသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀၀၀ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် အလှူငွေ ကျပ်သိန်း



၅၀၀ ကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ် အစိုးရရုံးတွင် ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးမျိုးဆန်းက ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော နေရာကဏ္ဍ အသီးသီးတွင် အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀၀ ကို ပြည်နယ် ဘဏ္ဍာအခွန်နှင့် စည်ပင်ဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများထံ ပေးအပ် လှူဒါန်းခဲ့သည်။

ပြည်နယ် ဘဏ္ဍာအခွန်နှင့် စည်ပင်ဝန်ကြီးက "ကမ္ဘောဇဘဏ်အနေဖြင့် ယခုနှစ်မှ လှူဒါန်းခြင်း မဟုတ်ဘဲ ယခင်ကလည်း လှူဒါန်းခဲ့တဲ့အတွက် ဂုဏ်ပြု ချီးကျူးပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေကျပြီး အိမ်ပြန်ချိန်တွင် နောက်ထပ် နှစ်ရက်၊ သုံးရက်စာ အစားအသောက်များ ထည့်ပေးရန် လမ်းညွှန်ထားတဲ့ အတွက် ယခုအလှူငွေနဲ့ လိုအပ်တာတွေ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဖောင်ဒေးရှင်းတည်ထောင်သူ ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့ ဦးဆောင်မှုဖြင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားနေသော ဒေသအတွင်းရှိ ကမ္ဘောဇဘဏ်ခွဲများသည် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံ ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေဘေးသင့် ပြည်သူများထံ အမြန်ဆုံးနှင့် အထိရောက်ဆုံး ကူညီ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ရေကြီးနစ်မြုပ်မှုဖြစ်ပွားနေသောဒေသများရှိ ကမ္ဘောဇ ဘဏ်အရာထမ်း၊ ဝန်ထမ်းများက နီးစပ်ရာ ပရဟိတ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းများသို့ နံနက်စာ၊ နေ့လယ်စာနှင့် ညစာများ ချက်ပြုတ်လှူဒါန်းခြင်း၊ ရေသန့်၊ ဆေးဝါးနှင့် လိုအပ်သောပစ္စည်းများကို နေ့စဉ် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာ ဖောင်ဒေးရှင်းသည် နိုင်ငံအတွင်း လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ်ပံ့ပိုးကူညီ လှူဒါန်းပေးလျက်ရှိပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ စသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အထိ စုစုပေါင်း ငွေကျပ် ၁၄၄ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ဒုံသမိချောင်းရေမြင့်တက်လာမှုကြောင့် ဈေးမသွယ်အထက်ကျေးရွာအနိမ့်ပိုင်းနေသူများ ဘေးလွတ်ရာရွှေ့ပြောင်း

**သထုံ ဇူလိုင် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒုံသမိ ချောင်းရေမြင့်တက်လာသောကြောင့် ဈေးမသွယ်အထက် ကျေးရွာအနိမ့် ပိုင်းတွင် နေထိုင်ကြသည့် လူနေအိမ် များအတွင်းသို့ ရေများဝင်ရောက် လာရာ အိမ်ထောင်စုအချို့ ဘေးလွတ် ရာသို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိ ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ဈေးမသွယ် အထက် ကျေးရွာရှိ ရပ်ကွက်လေးခု အနက် သုံးခုတို့မှ လူဦးရေပေါင်း ၆၀၀ ကျော်ခန့် နေထိုင်ရာ အိမ်ခြေ ပေါင်း ၁၅၀ ကျော်အတွင်း ရေဝင် ရောက်နေပြီး ရေဘေးကယ်ဆယ်ရေး စခန်းဖြစ်သည့် ကျေးရွာ မူလွန် ကျောင်းဝင်း အတွင်းသို့ အိမ်ခြေ ၅၀ မှ ကျေးရွာနေ ပြည်သူ ၂၀၀ ကျော်တို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

"အနိမ့်ဆုံးအပိုင်းမှာဆို ရေ ခြောက်ပေကျော်လောက် ရှိတယ်။ စခန်းကိုတော့ နေလို့မရတော့တဲ့ သူတွေလောက်လာကြတာပေါ့၊ အချို့ ကလည်း နီးစပ်ရာရွှေ့ပြောင်းနေကြ သလို ကြမ်းခင်းမမြုပ်သေးတဲ့ ခြေတံ ရှည်အိမ်အချို့ကလည်း မပြောင်းကြ သေးဘူး။ မိုးဆက်များနေဦးမယ် ဆိုရင်တော့ စိုးရိမ်ရမယ့်အခြေအနေ ထိရှိလာနိုင်ပြီးတော့ ပြောင်းရွှေ့လာ မယ့်လူဦးရေလည်း တိုးလာနိုင်တယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်သိန်းက ပြောသည်။



ဒုံသမိချောင်းရေမှာ ဇူလိုင် ၂၉ ရက် တိုင်းထွာချက်အရ စိုးရိမ်ရေ မှတ် ၁၄ ပေသို့ ရောက်ရှိနေပြီး သထုံမြို့နယ်အတွင်း အဆိုပါ ချောင်းတစ်လျှောက်ရှိ ကျေးရွာများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေ ကြောင်း သိရသည်။

ဇူလိုင် ၂၉ ရက်အထိ ဒူးရင်း ဆိပ်ကျေးရွာတွင် ရေဘေး ကယ်ဆယ်ရေးစခန်း နှစ်ခု၊ အိမ်ထောင်စု ၉၄ စု၊ လူဦးရေ ၄၄၂ ဦး၊ ဈေးမသွယ်အထက် ကျေးရွာ၌ စခန်းတစ်ခု၊ အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၄၈ ဦးနှင့် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်တွင် စခန်းတစ်ခု၊ အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၂၀ စုစုပေါင်း ရေဘေးကယ်ဆယ်ရေး စခန်းလေးခု၌ အိမ်ထောင်စုပေါင်း ၁၉၄ စုမှ လူဦးရေ ၉၁၀ လာရောက် ခိုလှုံနေကြပြီး ဘေးလွတ် ရာ ရွှေ့ပြောင်း နေထိုင်ကြသူများအား သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် တာဝန်ရှိသူများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**သက်ဦး(သထုံ)**

## ဂန့်ဂေါ၌ မူခင်းကျဆင်းရေး ဆွေးနွေးပွဲ ကျင်းပ

**ဂန့်ဂေါ ဇူလိုင် ၂၉**

ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့၊ ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ မှုခင်း ကျဆင်းရေးအတွက် တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင် ၂၈ ရက်က ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်ရာ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မင်းလွင်က ဆွေးနွေးပွဲကျင်းပ ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ် များက ရဲနှင့်ပြည်သူ ပူးပေါင်း၍ မှုခင်း ကျဆင်းရေး ဆောင်ရွက်မှုများ၊ ယာဉ် စည်းကမ်း ထိန်းသိမ်းရေး၊ မူးယစ် ဆေးဝါးထိန်းချုပ်ရေး၊ မကြာမီကာလ တွင် ဂန့်ဂေါမြို့၌ ကျင်းပမည့် အလွတ် တန်း ဘောလုံးပြိုင်ပွဲတွင် လုံခြုံရေး ဆောင်ရွက်နိုင်ရေး ကိစ္စများကို ဆွေးနွေးကြသည်။**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးလျက်ရှိ

**ဖနောင်ပင် ဇူလိုင် ၂၉**

ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ဇူလိုင် ၂၉ ရက်တွင်ကျင်းပရာ ပြည်သူများ မဲပေးလျက်ရှိကြကြောင်း၊ အဓိကအတိုက်အခံပါတီမှာ လွန်ခဲ့သည့်နှစ်အတွင်းက တရားရုံးချုပ်၏အမိန့်ဖြင့် ဖျက်သိမ်းခံခဲ့ရပြီးဖြစ်သဖြင့် လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်၏ ပါတီမှာ ရွေးကောက်ပွဲတွင် အလွယ်တကူပင် အောင်မြင်မည့် လက္ခဏာပြသလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

### မဲပေးရန်မှတ်ပုံတင်ထားသူ ရှစ်သန်းကျော်ရှိ

ကမ္ဘောဒီးယားနိုင်ငံ၌ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့သည့် စစ်ပွဲပြီးဆုံးခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂက ကြီးမှူးကျင်းပသော ရွေးကောက်ပွဲ ကျင်းပခဲ့ပြီးချိန်နောက်ပိုင်း ဆဋ္ဌမအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲ၌ မဲပေးရန် မှတ်ပုံတင်ထားသူ ရှစ်သန်းကျော်ရှိပြီး မဲရုံများကို နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



ဝန်ကြီးချုပ် ဟွန်ဆန်သည် ၁၉၈၅ ခုနှစ်မှစ၍ အာဏာရရှိလာခဲ့သည်။ ဟွန်ဆန်သည် ခမာနီအဖွဲ့တွင် အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ခဲ့သော်လည်း ဘက်ပြောင်းခိုလှုံခဲ့ကာ ၁၉၈၀ ပြည့်လွန်နှစ်များက ဗီယက်နမ်၏ သိမ်းပိုက်မှုကာလအတွင်း ခေါင်းဆောင်အဖြစ် တင်မြှောက်ခံခဲ့ရသည်။


ဟွန်ဆန်၏ ကမ္ဘောဒီးယား ပြည်သူ့ပါတီ (စီပီပီ)သည် ၁၉၉၈ ခုနှစ်မှစ၍ ရွေးကောက်ပွဲတိုင်းတွင် အောင်ပွဲခံအနိုင်ရရှိခဲ့သည်။ အသက် ၆၅ နှစ်ရှိ ဟွန်ဆန်သည် အာဏာရရှိလာခဲ့သည်မှာ နှစ်ပေါင်း ၃၃ နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ မိမိအုပ်စိုးစဉ်ကာလအတွင်း နိုင်ငံတော်ကြီး ငြိမ်းချမ်းတည်ငြိမ်၍ စီးပွားရေးတိုးတက်လျက်ရှိသည်ဟု ဟွန်ဆန်က ကြွေးကြော်လေ့ရှိသည်။

### အာဏာရပါတီ အောင်ပွဲခံရန်သေချာ

ပြည်သူလူထုအတွင်း ဟွန်ဆန်၏ ရေပန်းစားမှု မည်မျှရှိသည်ကို ထောက်ချင့်သိရှိနိုင်ရန် မဲပေးသူဦးရေ မည်မျှရှိသည်ကို လေ့လာစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ စီပီပီပါတီ၏ အဓိကပြိုင်ဘက် စီအင်န်အာရ်ပီပါတီကို တရားရုံးချုပ်က လွန်ခဲ့သည့်နှစ်တွင် ဖျက်သိမ်းစေခဲ့ပြီးနောက် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ အောင်ပွဲခံရန် သေချာကြောင်းနိုင်ငံရေး လေ့လာဆန်းစစ်သူများက ပြောကြားကြသည်။

**အေအက်ဖ်ပီ**





# ဝါရှင်တန်သို့ ရုရှားသမ္မတ ပူတင် အလည်အပတ်သွားရောက်မည်

**မော်စကို ဇူလိုင် ၂၉**

ရုရှားသမ္မတဗလာဒီမာပူတင်က ဝါရှင်တန်မြို့သို့ အလည်အပတ်သွားရောက်ရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် သမ္မတထရန့်ကိုလည်း မော်စကိုမြို့သို့ အလည်အပတ်လာရန် ဖိတ်ကြားထားပြီးဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

တောင်အာဖရိကသို့ ခရီးသွားရောက်နေစဉ်အတွင်း မီဒီယာများသို့ အထက်ပါအတိုင်း သမ္မတပူတင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုလအစောပိုင်းက သမ္မတထရန့်နှင့် သမ္မတပူတင်တို့သည် ဖျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့် ဆီးရီးယားပြည်တွင်းစစ်ပွဲဆိုင်ရာ အရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သမ္မတပူတင်က မီဒီယာများအား ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါကိစ္စရပ်များကို နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် ထပ်မံဆွေးနွေးရန် လိုအပ်သေးကြောင်း သမ္မတပူတင်က ဆိုသည်။

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးပြေလည်စေရန် သမ္မတပူတင်က ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတွင် ရုရှားအစိုးရအား ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုများရှိခြင်းကြောင့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကျင်းပမည့်နေရာနှင့် အချိန်ကို သမ္မတပူတင်က သေချာစွာ စိစစ်ရွေးချယ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

မော်စကိုမြို့သို့ အလည်အပတ်လာရောက်ရန် သမ္မတပူတင်၏ တရားဝင်ဖိတ်ကြားချက်ရရှိခဲ့ပြီးနောက် သမ္မတထရန့်က သွားရောက်လည်ပတ်ရန် သဘောတူညီသည့် အစီရင်ခံစာတစ်ရပ်ကို အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရက်ရှ် ဆန်းဒါးစ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါတီငယ်များနှင့် တစ်သီးပုဂ္ဂလတို့ ပူးပေါင်းကာ ညွန့်ပေါင်းဖွဲ့ရန် အီမရန်ခန်းပြင်ဆင်

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၉**

ပါကစ္စတန် ရွေးကောက်ပွဲအပြီး ဝန်ကြီးချုပ်ရာထူး၌ တာဝန်ထမ်းဆောင်နိုင်သူအဖြစ် ထင်ကြေးပေးခံရသူ အီမရန်ခန်းသည်အနည်းဆုံး ပါတီငယ်လေးတစ်ပါတီနှင့် တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားများနှင့် တွေ့ဆုံကာ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရစ်ကက်အားကစားသမားဘဝမှ နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းလာခဲ့သူ အီမရန်ခန်း၏ ပါတီသည် ရွေးကောက်ပွဲတွင် မျှော်လင့်ခဲ့သည်ထက် ထောက်ခံမှုပိုမိုရရှိခဲ့သည်။ ပါကစ္စတန် တရားမျှတရေး လှုပ်ရှားမှုအဖွဲ့အမည်ရှိ ၎င်း၏ပါတီသည် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၁၆ ဒသမ ၈၆ သန်း ရရှိခဲ့ပြီး အဂတိလိုက်စားမှုဖြင့် အကျဉ်းကျခံနေရသော ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ဖ်၏ ပါကစ္စတန် မွတ်စလင်လိဂ်အမည်ရှိပါတီကမူ ထောက်ခံမဲ ၁၂ ဒသမ ၈၉ သန်း ရရှိခဲ့သည်။

သို့ရာတွင် ခန်း၏ပါတီမှာ အမတ်နေရာ ၁၁၆ နေရာအတွက်သာ ရွေးချယ်တင်မြှောက်ခံရသဖြင့် အမတ်နေရာ ၂၇၂ နေရာရှိ အမျိုးသားလွှတ်တော်တွင် အမတ်အများစုအနေအထားကို မရနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အီမရန်ခန်းသည် အဓိကပါတီကြီးများနှင့် ညွန့်ပေါင်းဖွဲ့ရန် မလိုလားကြောင်း၊ အနည်းဆုံးပါတီငယ်တစ်ပါတီနှင့် တစ်သီးပုဂ္ဂလအမတ်လောင်းများနှင့်တွေ့ဆုံကာ ညွန့်ပေါင်းအစိုးရအဖွဲ့ဖွဲ့စည်းရန် ပြင်ဆင်လျက်ရှိကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အငြင်းပွားဖွယ်ရာ ပါကစ္စတန်ရွေးကောက်ပွဲတွင် မဲမသမာမှုများ ပြုလုပ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲလျက်ရှိပြီး ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒပြသွားရန် စီစဉ်လျက်ရှိကြသည်။ **အေအက်ဖ်ပီ**



# အင်ဒိုနီးရှားနိုင်ငံ လွမ်ဘွတ်ကျွန်း၌ မြေငလျင်လှုပ်မှုကြောင့် ၁၄ ဦးထက်မနည်း သေဆုံး



**ဂျကာတာ ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွား လာရောက်မှုများပြားသည့် လွမ်ဘွတ်ကျွန်း၌ အင်အားပြင်း မြေငလျင်လှုပ်မှုဖြစ်ပွားရာ ၁၄ ဦးထက်မနည်း သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်းရှိ လွမ်ဘွတ်ကျွန်း၌ ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီထိုးခါနီးတွင် လှုပ်ခဲ့သော မြေငလျင်ကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်အလုံးပေါင်း ရာပေါင်းများစွာမှာလည်း ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ မြေငလျင်လှုပ်စဉ် ဒေသခံပြည်သူများသည် ကြောက်အားလန့်အားဖြင့် နေအိမ်ပြင်ပသို့ ရောက်ရှိအောင် ထွက်ပြေးခဲ့ကြရသည်။ မြေငလျင်လှုပ်မှုကြောင့် ခြေကျင်ခရီးထွက် သူများ အသုံးပြုလေ့ရှိသည့် တောင်တက်လမ်းများ တစ်လျှောက်တွင်လည်း မြေပြိုမှုများ ဖြစ်ပွားခဲ့ရသည်။

လွမ်ဘွတ်ကျွန်း၏ မြောက်ဘက်တွင် မြေငလျင်လှုပ်မှု ဖြစ်ပေါ်ခဲ့ပြီး အင်အားပြင်းထန်သော နောက်ဆက်တွဲ မြေငလျင်နှစ်ခုနှင့် နောက်ဆက်တွဲ မြေငလျင်ငယ် ၁၀၀ ကျော် ထပ်မံလှုပ်ခဲ့သည်။

မြေငလျင်ကြောင့် လူပေါင်း ၄၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ဆူတိုဖိုပါဝိုက ပြောကြားသည်။

မြေငလျင်ကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် ရင်ဂျာနီတောင်၏ ခြေကျင်ခရီး အပန်းဖြေထွက်သူများ အသုံးပြုသော လမ်းများကို ပိတ်ထားလိုက်ရကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

**အေအက်ဖ်ပီ**

# မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာအား အီတလီမြေသို့ ခေါ်ယူရန် ဂျူဗင်တပ်ပစ်မှတ်ထား

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းသည် ပေါ့ဘာအား ပြန်လည်စာချုပ်ခေါ်ယူရန်အတွက် အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိပြီး ဂျူဗင်တပ်အသင်းသည် လွန်ခဲ့သည့်နှစ်နှစ်က ပေါ့ဘာအား မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မန်ယူအသင်းအနေဖြင့် ပေါ့ဘာအား ပြန်လည်ရောင်းချရန် စီစဉ်လျက်ရှိနေခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်အသင်းမှာ တိုက်စစ်မှူး ဟီဂူအင်အား ချယ်လ်ဆီးအသင်းသို့ ရောင်းချရန် စီစဉ်ခဲ့ပြီးနောက် ပေါ့ဘာအား ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအား ခေါ်ယူခဲ့ပြီးနောက် အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးနှင့် ညီမျှသည့် ဝင်ငွေပြန်လည်ရရှိရန်အတွက် ဟီဂူအင်၊ ရူဂါနီ၊ ကယ်လ်ဒါရာတို့ကို ပြန်လည်ရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအယ်လ်လီဂရီ လက်ထက်တွင် ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်၌ အောင်မြင်မှုရရှိခဲ့ခြင်းကြောင့် ပေါ့ဘာအား အီတလီမြေသို့ ပြန်လည်ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်ပြီး ပေါ့ဘာသည် ဂျူဗင်တပ်အသင်းတွင် လေးနှစ်ကြာပါဝင်ကစားပေးခဲ့သူဖြစ်သည်။



# အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးအား ချယ်လ်ဆီးအသင်း ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူမည်

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေးအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေးသည် လက်ရှိတွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းနောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီး စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန်အတွက်လည်း သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။

အာဆင်နယ်အသင်းနည်းပြ အီမာရီအနေဖြင့် ကွင်းလယ်ကစားသမား အာရွှန်ရမ်ဆေးမှာ အာဆင်နယ်အသင်းတွင် ဆက်ရှိနေမည်ဟု ယုံကြည်ထားပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းတွင် မြင်တွေ့ရမည်ဟု မျှော်လင့်ထားသည်။

လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်အသင်းတွင် ကွင်းလယ်ကစားသမား ရမ်ဆေးဆက်ရှိနေမည်ဟု ယုံကြည်ထားသည့်အပြင် အာဆင်နယ်အသင်းမှ ထွက်ခွာသွားမည်ဆိုလျှင်လည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ ခွင့်ပြုသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းကမူ ကွင်းလယ်ကစားသမား ရမ်ဆေးအား အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီအချိန်အတွင်း စတမ်းဖို့ဒ်ဘရစ်ချ်သို့ ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်းလည်း သိရသည်။

ဝေးလ်ကွင်းလယ်ကစားသမား ရမ်ဆေးသည် နိုင်ငံလက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၅၃ ပွဲပါဝင်ကစားပေးထားပြီး ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်မူ ဝေးလ်အသင်းအား ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းက ဝေးလ်ကွင်းလယ်ကစားသမား ရမ်ဆေးအား ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး လက်ရှိတွင် ရမ်ဆေး၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ အထိ ပေးမည်ဖြစ်ကြောင်း သိရသည်။






# လီဗာပူးက တိုက်စစ်မှူး အိုရီဂီအား ရောင်းချမည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းအထိ သတ်မှတ်ထား

လီဗာပူးအသင်းသည် တိုက်စစ်မှူး အိုရီဂီအား ရောင်းချရန် ဆန္ဒရှိနေကြောင်း သိရသည်။ ဘယ်လ်ဂျီယံတိုက်စစ်မှူး အိုရီဂီအား လီဗာပူးအသင်းက ရောင်းချရန်ဆန္ဒရှိနေရာတွင် ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းအထိ သတ်မှတ်ထားကြောင်း သိရသည်။

လက်ရှိတွင် ဝက်ဖို့ဒ်အသင်းက လီဗာပူးတိုက်စစ်မှူး အိုရီဂီအား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

တိုက်စစ်မှူး အိုရီဂီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝုလ်ဖ်ဘတ်အသင်းတွင် အငှားချထားခြင်းခံခဲ့ရသူဖြစ်ပြီး ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် လီဗာပူးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အိုရီဂီအနေဖြင့် လီဗာပူးအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိရန် မျှော်လင့်လျက်ရှိသော်လည်း လီဗာပူးအသင်းနည်းပြ ကလော့ကမူ တိုက်စစ်မှူး စတားရစ်ချ်ကို အသင်း၏ ပွဲထွက်ကစားသမားအဖြစ် အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

# ခရစ္စတီယန်ပူလီဆစ်အား ရောင်းချရန် ဒေါ့မွန်ပြင်ဆင်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသည် ခရစ္စတီယန်ပူလီဆစ်အား ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ်ရှိ တိုက်စစ်မှူးကို ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး လက်ရှိတွင် ဒေါ့မွန်အသင်းအနေဖြင့် ပူလီဆစ်အား ရောင်းချရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ခရစ္စတီယန်ပူလီဆစ်၏ လက်ရှိစာချုပ်သက်တမ်းသည် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကျန်ရှိနေသေးကြောင်းလည်း သိရသည်။

ခရစ္စတီယန်ဆန်သည် ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ဘွန်ဒက်လီဂါပွဲစဉ် ၃၂ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၇ ပွဲမှာ ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ယင်းသို့ ပွဲပေါင်း ၃၂ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ဒေါ့မွန်အသင်းနှင့်အတူ ၂၃၁၂ မိနစ်ပါဝင်ကစားခွင့်ရရှိခဲ့ပြီး သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးပေးနိုင်မှု ငါးကြိမ်ရှိခဲ့ကြောင်း သိရသည်။

ပူလီဆစ်သည် အမေရိကန်နိုင်ငံ လက်ရွေးစင်အသင်းနှင့်အတူ ၂၁ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး လာမည့် စက်တင်ဘာလတွင် အသက် ၂၀ ပြည့်မည်ဖြစ်ကာ ဘွန်ဒက်လီဂါနှင့် ချန်ပီယံလိဂ်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။



ငွေကြယ် - ရေးသားသည်

# ဘားအံမြို့နယ်တွင် စက်လှေတစ်စင်းတိမ်းမှောက်မှုကြောင့် သုံးဦး သေဆုံး

**ဘားအံ ဇူလိုင် ၂၉**
ဘားအံမြို့နယ် ဒေါ်လန်းကျေးရွာမှ သာယာကုန်းကျေးရွာသို့ လူငါးဦးတင်ဆောင်မောင်းနှင်လာသည့် စက်လှေတစ်စင်း ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ညောင်ရွှေကွင်းအတွင်း တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

"မိုးရာသီအတွင်း လိုင်းပြေးဆွဲတဲ့ ဟွန်ဒါစက်တပ်မောင်းတဲ့ စက်လှေအသေးပါ။ စက်လှေကို အော်ဒါငှားရမ်းခဲ့တာလို့ သိရပါတယ်။ ညောင်ရွှေကွင်းအတွင်းမှာ တိမ်းမှောက်ခဲ့တာပါ။ နှစ်ဦးဆယ်ယူရရှိပြီး ပျောက်ဆုံးနေတဲ့သုံးဦးကို ဝိုင်းဝန်းရှာဖွေရာမှာ ယနေ့မွန်းလွဲပိုင်းက အခင်းဖြစ်နေရာနဲ့ ကိုက် ၁၀၀ ကျော်လောက် အင်းအတွင်းကနေ အလောင်းသုံးလောင်းကို ဆယ်ယူရရှိပါပြီ"ဟု သာယာကုန်းကျေးရွာနေ ကိုမောင်ဦးက ပြောသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး စက်လှေမောင်းသူ ကောက်ရ(ခ)ကျော်နိုင် ၄၉ နှစ် ဒေါ်လန်းကျေးရွာ လှိုင်းဘွဲ့မြို့နယ်နေသူအား အိန္ဒြနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## ထီးချိုင့်မြို့နယ်အတွင်းမှ တရားမဝင်ကျောက်မျက်ခဲသားများ သိမ်းဆည်းရမိ

**ထီးချိုင့် ဇူလိုင် ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်) လမ်းဆုံနေရာမှတရားမဝင်ကျောက်မျက်ခဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၈ ရက် ည ၈ နာရီခွဲခန့်တွင် ထီးချိုင့်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် ဧရာဝတီတံတား(ထီးချိုင့်)လမ်းဆုံ ကြက်သွန်ခင်းကျေးရွာအနီးတွင် ယာဉ်အဝင်/အထွက်များကို ရှာဖွေစစ်ဆေးစဉ် အံ့စာတုံး လေးဘီးယာဉ်ကို ရပ်တန့်ခိုင်းစဉ် မရပ်ဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ လက်ဆွဲအိတ်နှစ်လုံးအတွင်းမှ တရားမဝင်ကျောက်မျက်ခဲသား ၁၁၆ ခု ရှာဖွေတွေ့ရှိခဲ့သည်။ ထွက်ပြေးမောင်းနှင်သွားသော ယာဉ်နှင့်ပစ္စည်းပိုင်ရှင်ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ထီးချိုင့်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုရဲ**

# ပင်လောင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**
မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထီနားကောင်းကျေးရွာ၏ အရှေ့ဘက်ရှိ ခွန်ထွန်းရင်လော၏ တောင်ယာတဲကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာနေ မခမ်းလာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၈၀ ကိုလည်းကောင်း။

အလားတူ ဇူလိုင် ၂၇ ရက် ည ၇ နာရီခန့်က ရန်လုံကျိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာ၏တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ ရှောင်တခင်ပိတ်ဆို့စစ်ဆေးဆောင်ရွက်စဉ် ရန်လုံကျိုင်းကျေးရွာဘက်မှ အမျိုးသားတစ်ဦး လမ်းလျှောက်လာနေသည်ကို တွေ့ရှိရပြီး ၎င်းသည် လက်ထဲမှအထုပ်တစ်ထုပ်ကို ပစ်ချကာ လာရာလမ်းအတိုင်း နောက်ပြန်လှည့်ပြေးသဖြင့် အထုပ်အားစစ်ဆေးရာ အိုက်စ် နှစ်ထုပ်(အလေးချိန် ၁ ဒသမ ၅၄ ကီလို)နှင့် ဘိန်းဖြူဘလောက်တုံး လေးတုံး(အလေးချိန် ၁ ဒသမ ၃ ကီလို)တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ခွန်ထွန်းရင်လောနှင့် မခမ်းလာတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မိုးကောင်း၌ ငွေကျပ် ၃၈ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခံရ

**မိုးကောင်း ဇူလိုင် ၂၉**
ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇူလိုင် ၂၈ ရက်က နေအိမ်တစ်အိမ်တွင် ငွေကျပ် ၃၈ သိန်းခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့ အရှေ့ရပ်ကွက်နေ ဒေါ်ညိုညိုထွေး(၅၆) နှစ်သည် ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီက မိုးကောင်းမြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းသို့ ဈေးရောင်းချရန် နေအိမ်နှင့် ခြံဝင်းကို သော့ခတ်ထားရှိပြီး သွားရောက်ခဲ့ရာမှ ညနေ ၆ နာရီတွင် ဈေးသိမ်းပြီး အိမ်ပြန်ရောက်စဉ် အခေါက်ရွှေနှစ်ကျပ်သား ဆွဲကြိုးတစ်ကုံး၊ အခေါက်ရွှေလက်ကောက် ငါးကွင်း၊ တရုတ်စာတန်းပါ လေးထောင့်ဆွဲပြား ငါးမူးသားတစ်ခု၊ ကျောက်နီလက်စွပ်တစ်ကွင်း စုစုပေါင်းတန်ဖိုးငွေကျပ် ၃၈ သိန်းခန့်နှင့် ငွေစက္ကူသုံးသောင်းကျပ် ပျောက်ဆုံးခဲ့သဖြင့် မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူသူအား အမြန်ဆုံးဖော်ထုတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဆူညံခြင်းမပြုလုပ်ရန် တားမြစ်ရာမှ ဓားထိုးမှုဖြစ်

**နေပြည်တော် ဇူလိုင် ၂၉**
မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကွင်း(၃၁)ကျေးရွာတွင် ဇူလိုင် ၂၉ ရက်က မစန်းစန်းဦးနှင့် ကိုအောင်ဆန်းလင်းတို့သည် ယောက်ဖဖြစ်သူ ကိုဘိုဝအား ၎င်းတို့အိမ်ရှေ့လမ်းမပေါ်တွင် တစ်ရွာတည်းနေ ထွန်းအောင်ကျော်က ဓားနှင့်ထိုး၍ လဲကျနေသောကြောင့် ကွင်း(၃၁)ရဲကင်းရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အကြောင်းကြားချက်အရ ကွင်း(၃၁)ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကိုဘိုဝတွင် ထိုးသွင်းဒဏ်ရာများရရှိ၍ သေဆုံးနေသည်ကိုတွေ့ရှိရသည်။ စစ်ဆေးမေးမြန်းချက်အရ ညဘက်လူချိန်တိတ်ချိန်၌ ထွန်းအောင်ကျော်သည် အရက်သောက်စားမူးယစ်ပြီး ၎င်း၏မိခင်ဖြစ်သူနှင့် အော်ဟစ်စကားများနေ၍ ဆယ်အိမ်စုမှူး ဖြစ်သူ ကိုဘိုဝက ရပ်ကွက်အတွင်း ဆူညံခြင်းမပြုရန် တားမြစ်၍ ထွန်းအောင်ကျော်အိမ်မှအပြန် လမ်းမပေါ်တွင် ထွန်းအောင်ကျော်က နောက်မှလိုက်ပြီး ကိုဘိုဝအား ဓားဖြင့်ထိုး၍ ထွက်ပြေးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် ထွန်းအောင်ကျော်အား သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တောင်ဘုရားတောင်စောင်း၌ လူသေအလောင်းတစ်လောင်းတွေ့ရှိ

**ပုဏ္ဏားကျွန်း ဇူလိုင် ၂၉**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်ဘုရားတောင်စောင်း၌ ဇူလိုင် ၂၈ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်က အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း ပုဏ္ဏားကျွန်း(မြို့မ)ရဲစခန်းမှ သိရသည်။

ဦးရာဇ်တောင်ဘုရားတောင်စောင်း၌ အမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်ဦးနှင့်အဖွဲ့က ရဲစခန်းသို့ လာရောက်သတင်းပေးမှုအရ သွားရောက်စစ်ဆေးခဲ့ရာ ဦးရာဇ်တောင်ဘုရား သံဝေဇနိယလေးဌာန ဘုရားဓမ္မာရုံအောက် တောင်စောင်းတောင်ဘက်သုံးမိုင်ခန့်တွင် အသက်(၃၀)အရွယ် အမည်မသိ အမျိုးသမီးအလောင်းတစ်လောင်း ပုပ်ပွသေဆုံးနေကြောင်းတွေ့ရှိရ၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်တွင် အမျိုးသမီးတစ်ဦး နွားလှည်းပေါ်မှ ပြုတ်ကျသေဆုံး

**နေပြည်တော် ဇူလိုင် ၂၉**
မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် ငှက်မီးကျေးရွာတွင် အမျိုးသမီးတစ်ဦး နွားလှည်းပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းအရ ရွှေညောင်ဖူးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့် အတူသွားရောက် စစ်ဆေးခဲ့သည်။ အဆိုပါကျေးရွာနေ ကိုဇော်(၃၇)နှစ်နှင့် သမီး ဖြစ်သူ မနှင်းနှင်းဝေ(၁၆)နှစ်တို့ နှစ်ဦးသည် ယာခင်းမှ ငှက်မီးကျေးရွာသို့ နွားလှည်းဖြင့် ပြန်လာစဉ် ချောင်းရေထဲ၌ ကိုဇော်က နွားလှည်းရပ်၍ နေအိမ်အတွက် သုံးရေဆင်းခပ်စဉ် မနှင်းနှင်းဝေသည် နွားလှည်းပေါ်မှ ထိုင်ကာ နွားကြိုးအား ဆွဲထားရာမှ နွားများလန့်ပြီး ရှေ့သို့ပြေးသဖြင့် အတင်းလိုက်ဆွဲရာ လှည်းပေါ်မှ ပြုတ်ကျ၍ ချောင်းထဲရှိ ကျောက်ခဲဖြင့် ဦးခေါင်းနောက်စေ့ကို ရိုက်မိ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ရမည်းသင်းမြို့နယ် ရွှေညောင်ဖူးနယ်မြေရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကလောမြို့နယ်တွင် သံချေးတက်နေသည့် အမြောက်ဆန်အဟောင်းများ တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၉**
ကလောမြို့နယ် မကွေကျေးရွာနေ ဦးမြင့်အေး၏နေအိမ်၌ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရပ်ကွက် ၂ စခန်းသာနေ သန့်ဇင်ဖြိုး(၃၅)နှစ်သည် အဆောက်အအုံဆောက်လုပ်ရန် ဖောင်ဒေးရှင်းတူးစဉ် အရှည် ၁၁ လက်မ၊ အချင်း သုံးလက်မခန့်ရှိ သံချေးတက်နေသည့် ထိပ်ဖူးပါအမြောက်ဆန် အဟောင်း သုံးခု တွေ့ရှိသဖြင့် ကလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး နယ်မြေခံတပ်သို့ အပ်နှံခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# အမြန်လမ်းမကြီးတွင် ယာဉ်တစ်စီး တိမ်းမှောက်

**နေပြည်တော် ဇူလိုင် ၂၉**
ဒိုက်ဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ နေပြည်တော်မှ ရန်ကုန်သို့ သာကေတမြို့နယ် (၃)ရပ်ကွက်နေ မျိုးလှိုင်(၃၈)နှစ် မောင်းနှင်ကာ ကျော်ဇင်ဝင်းပါ ငါးဦး လိုက်ပါလာသည့်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် မျိုးလှိုင်အား အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# အခါကြီးရက်ကြီး

ဆူးငှက်

မန္တလေးသည် ပဉ္စမသင်္ဂါယနာတင်ခဲ့သော မင်းတရားကြီး တည်ထားခဲ့သည့်မြို့မို့ ဘာသာသာသနာ ထွန်းပရောင်လျှံ ထိန်ခဲ့သည်။ ၁၂၄၇ ခုနှစ်နောက်ပိုင်း ဘာသာသာသနာညှိုးနွမ်းပြီး မန္တလေး၏ ကြီးမားထင်ရှားလှသည့် ဘုန်းကြီးကျောင်းတိုက်ကြီးများမှ တိုက်နေသံဃာတော်များပင် မန္တလေးကိုစွန့်ခွာကာ မြို့နယ်ကျေးလက်များဆီ တိမ်းရှောင်ကြရသည်။ ထိုအခြေအနေတွင် အမြော်အမြင် ကြီးမားသော မြို့မိမြို့ဖကြီးများကဦးဆောင်၍ ဘာသာရေး၊ သာသနာရေး အသင်းကြီးများ ဖွဲ့စည်းပြီး ပြန်လည်ခုခံကာကွယ်ကာ မူလအခြေမပျက်အောင် ကြိုးစားခဲ့ကြ၏။

## မန္တလေး၏ ပြတိုင်းစေ့

ဤသို့ ကြိုးပမ်းခဲ့ကြမှုကြောင့်လည်း ၁၂၆၀ ပြည့်နှစ်ဝန်းကျင် မန္တလေးသည် ယခင် ရတနာပုံနေပြည်တော်ခေတ်ကို မမီစေကာမူ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ကြံ့ခိုင်တောင့်တင်းခဲ့သည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ မန္တလေးတွင် ကြီးမားခံ့ထည်သော ဘုန်းကြီးကျောင်း တိုက်ကြီးများ၌ ရဟန်းတော်များ ပြန်လည်စိုပြည်လာသည်။ နံနက်အရုဏ်တက်သည်နှင့် မန္တလေး၏ ပြတိုင်းစေ့တွင် ဆွမ်းခံထိုင် ကိုယ်တော်များဖြင့် ဝါဝါထိန်ခဲ့သည်။ အိမ်များတွင် ဆွမ်းခံထိုင်ကိုယ်တော်များ၊ ရပ်ကိုယ်တော်များအပြင် ပြထိပ်ဝင်းထိပ်ထွက်ပြီး အိုးကြီး၊ အိုးငယ်အသွယ်သွယ်နှင့် ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူကြသည်။ ရပ်ကွက်အတွင်း စုစည်း၍လည်း ဘုံဆွမ်းကို တစ်ပတ်တစ်ကြိမ် အနည်းဆုံး လောင်းလှူကြ၏။

## ဝါတွင်း ဝါပတ်

ဥပုသ်နေ့ဆိုလျှင် မနက်မိုးမလင်းမီကတည်းက နိဗ္ဗာန်ဆော်၏နှိုးဆော်သံ၊ ပရိတ်ရွတ်သံ၊ ကြေးစည်သံများစည်ဝေခဲ့သည်။ ဝါတွင်း ဝါပတ်ဥပုသ်နေ့တိုင်းသည် မန္တလေး၏ အထင်ကရအလုပ်ပိတ်ရက်၊ ဆိုင်ပိတ်ရက်များဖြစ်၏။ ဥပုသ်နေ့တွင် ဆိုင်ပိတ် အလုပ်နားခြင်းကိစ္စမှာ မန္တလေး၌ ထုထည်အင်အားကြီးမားလှသဖြင့် အခြားဘာသာခြားများသည်ပင်လျှင် အပြန်အလှန်လေးစားကာ ဥပုသ်နေ့ကို အလုပ်ပိတ်ရက်အဖြစ်နားနေခဲ့ကြသည်။ ထိုစဉ်က ဘာသာခြားများကိုယ်တိုင်ကလည်း အယူအဆအစွဲအလမ်း မကြီးမားကြဘဲ လူမျိုးနှင့်တိုင်းပြည်၏ ရိုးရာဓလေ့များကို နှစ်နှစ်သက်သက်လိုက်နာစောင့်ထိန်းခဲ့ကြသည်။ ယခင် မန္တလေးဈေးချိုတော်အရှေ့ဘက်တိုက်တန်းကြီး ဆိုင်နံပါတ် ၂၈ ယ၊ ၂၉ယ၊ ၃၀ ရှိ 'ဖွာဇူလာနန်ဂျီ' ပန်းကန်ဆိုင်မှ ပန်းကန်သည် ဒေါ်မြသည် ဘာသာခြားပေမင့် ဘုန်းကြီး၊ ရဟန်းနှင့် ရိုးရာဓလေ့အပေါ် သိတတ်ရိုသေလိုက်လျောတတ်လှသည်မှာ စံနမူနာပြလောက်သည်ဟုဆို၏။

## ဝါတွင်း ဥပုသ်နှင့် အရုဏ်တော်

မန္တလေးမှာ ယခင်က အရုဏ်တော်အသင်းကြီးများ ရပ်ကွက်တချို့တွင် ရှိခဲ့ဖူးသည်။ အစောဆုံး အရုဏ်တော်အသင်းကြီးကတော့ မြောက်ပြင်က 'မီးပြအရုဏ်တော်ကြီး' ဖြစ်မှာပေါ့။ 'မီးပြ အရုဏ်တော်' က မဟာမုနိဘုရားကြီး အမရပူရမြို့သို့ ရခိုင်ပြည်နယ်မှ သယ်ယူပင့်ဆောင်သောအခါ ရှေ့ပြေး 'မီးပြ' ပေးရသော အသင်းအဖွဲ့ဖြစ်သည်ဟု ဆို၏။ မန္တလေးမှာ ဥပုသ်တော်ရပ် အရုဏ်တော်၊ မီးပြအရုဏ်တော်၊ ရွှေလုံအရုဏ်တော်၊ မိတ္တအရုဏ်တော်၊ ပေါက်ပေါက်တန်း အရုဏ်တော်များ စသည်ဖြင့် ရှိခဲ့ဖူးပါသည်။ ယခု မိကျောင်းတံတားလမ်းပေါ်က မိတ္တအရုဏ်တော် အသင်းကြီးကတော့ ယနေ့ထက်တိုင် တည်မြဲရှင်သန်နေဆဲဖြစ်ပါသည်။

အရုဏ်တော်အသင်းအဖွဲ့များသည် ရှေးမြန်မာရှင်ဘုရင်များ ထွက်တော်မူသည့်အခါ ပါဝင်မည့် ကျိုင်း၊ သိုင်း၊ တံခွန်၊ အလံ၊ ရွှေယပ်၊ ငွေယပ်၊ ကွမ်းတောင်၊ ပန်းတောင်စသည့် အဆောင်အယောင်များအတိုင်း စနစ်တကျ အစီအစဉ်အတိုင်း ထည့်သွင်းကာ ကြေးစည်၊ ထိုးနရီ၊ မောင်းစည် စသည့်တူရိယာပစ္စည်းများလည်း ပါဝင်၏။ ထို့ပြင် ဆိုင်းထမ်းကြီးများဖြင့် ရွှေဆွမ်းအုပ်၊ ငွေဆွမ်းအုပ်၊ မြသပိတ်၊ ရေတော်၊ ပန်းတော်များလည်း ပါရှိသည်။

အရုဏ်အဖွဲ့များသည် ဝါတွင်းကာလရောက်သောအခါ ပထမဆုံးဥပုသ်နေ့ဖြစ်သော ဝါဆိုလပြည့်နေ့ကို မဟာမုနိ၊ ဒုတိယ ဥပုသ် ဝါဆိုလပြည့်ကျော် ၈ ရက်ကို ရွှေကျီးမြင်၊ တတိယဥပုသ် ဝါဆိုလကွယ် အိမ်တော်ရာ စသည်ဖြင့် ဥပုသ်နေ့တိုင်း အစီအစဉ်ဆွဲထားသည့် ဘုရားစေတီများသို့ နံနက် အရုဏ်မတက်မီ ၃ နာရီခွဲလောက်မှစ၍ ဆီမီးတထိန်ထိန်၊ ကြေးစည်သံ တဝေဝေ၊ ထိုးနရီသံ မောင်းသံတဒူဒူဖြင့် တံခွန်ကုက္ကား၊ ကျိုင်း၊ ကသိုင်း၊ အောင်လံများ လွှင့်ထူကာ အရုဏ်ဆွမ်း ကပ်ကြ၊ ဝတ်တက်ကြသည်။ နံနက် ၆ နာရီခန့်တွင် ဝတ်တက်ပြီးသောအခါ ထွက်လာစဉ်က အစီအစဉ်အတိုင်း အရုဏ်တော်အဖွဲ့ကြီး ပြန်လာကြသည်။

မြို့သူမြို့သား၊ ရက်ကွက်သူ ရပ်ကွက်သားတွေက ဆွမ်းကပ်ပြန်လာသော အရုဏ်တော် အဖွဲ့ကြီး နံနက်စောစောတွင် ကျက်သရေရှိတာ လှည့်လည်လာသည်ကို ကြိုဆိုစောင့်ကြည့်ကြ၏။ အရုဏ်တော်အဖွဲ့တံဆိပ်နှင့် စာတန်းပါ ကတ္တီပါဆိုင်းဘုတ်ကြီးကို ဝတ်ဖြူစင်ကြယ်ဝတ် လူငယ်နှစ်ဦးက ကိုင်ဆောင်ပြီး ၎င်းနောက် သာသနာ့အောင်လံများ၊ ရောင်စုံတံခွန်အလံများ၊ ယင်းနောက် အရုဏ်တော်အဖွဲ့ နိဗ္ဗာန်ဆော်၊ ၎င်းနောက် အသင်းလူကြီးများက ရွှေစလွယ်၊ ငွေစလွယ်များဖြင့် မြသပိတ်၊ ရွှေဖလား၊ ငွေဖလားများ ပိုက်လျက် ယင်းနောက် ထမ်းစင်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓရုပ်ပွားတော်၊ ယင်းနောက်၊ ကျိုင်းကိုင်၊ သိုင်းကိုင်၊ ရေတော်၊ ကွမ်းတောင်ကိုင်များ၊ ယင်းနောက် ကြေးစည်ထိုးနရီ၊ ရွှေမောင်း၊ ငွေမောင်းများ၊ ယင်းနောက် ပန်းကိုင် အရုဏ်တော်အဖွဲ့သားများ၊ စနစ်တကျ လှည့်လည်ကြခြင်းဖြစ်သည်။

> အခါကြီး၊ ရက်ကြီးများ ဆိုလျှင် တစ်မြို့လုံးရှိ ဆိုင်တံခါး၊ အလုပ်တံခါးအားလုံး ပိတ်ကာ မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်၊ သကျသီဟ၊ အိမ်တော်ရာ၊ ရှင်ပင်ပက်လက် ရေစက်လက် . . .

## ဥပုသ်ပိတ်သော အစဉ်အလာ

ထို့ကြောင့် မန္တလေးတွင် ထိုစဉ်ကတည်းက ဥပုသ်နေ့ဆိုလျှင် ဆိုင်ပိတ်ရက်၊ အလုပ်ပိတ်ရက်များအဖြစ် အစဉ်တစိုက်လေးစားခဲ့သည်။ အစိုးရနှင့်ဆိုင်သော အရောင်းဆိုင်များပင်လျှင် စနေ၊ တနင်္ဂနွေမပိတ်ကြဘဲ ဥပုသ်သာပိတ်သော အစဉ်အလာလည်း ရှိခဲ့ဖူးသည်။ ၁၃၀၀ ပြည့်ကာလ နယ်ချဲ့ဆန့်ကျင်ရေးဒီရေ ပြင်းထန်နေသောကာလတွင် မန္တလေးဈေးချိုတော်၌ ပုဒ်မ ၂၇ (၇) ထုတ်ပြန်လိုက်သဖြင့် ဈေးချိုကို သပိတ်မှောက်ကာ ဈေးချိုအနောက်ဘက် အိမ်တော်ရာဘုရားဝင်းအတွင်း ဈေးထွက်ကြသောအခါ ဈေးချိုတော်ရှိ ဘာသာခြားများကပင် အားတက်သရောလိုက်ပါဈေးထွက်ကာ 'အိမ်တော်ရာဘုရားဈေး' အား ကြီးကြပ်ကွပ်ကဲသည့် ဘုန်းကြီး၊ ရဟန်းများ၏အစီအမံနှင့် ပူးပေါင်းပါဝင်ခဲ့ကြ၏။

ဆိုလိုသည်မှာ မန္တလေးသည် ဥပုသ်နေ့ကို အားလပ်ရက်အဖြစ်သတ်မှတ်ကာ ဘာသာသာသနာနှင့် ဆက်စပ်ပတ်သက်သည့် ကုသိုလ်ရေးကိစ္စများကို ဆက်တိုက်ဆောင်ရွက်ခဲ့သည့် အစဉ်အလာသည် သံမဏိသား၊ ကျောက်သားကျောက်စိုင်ကြီးအလား ခိုင်ခံ့ဝင့်ထည်ခဲ့သည်။ ကဆုန်လပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တပို့တွဲလပြည့်၊ တပေါင်းလပြည့်ကဲ့သို့သော အခါကြီး၊ ရက်ကြီးများဆိုလျှင် တစ်မြို့လုံးရှိ ဆိုင်တံခါး၊ အလုပ်တံခါးအားလုံးပိတ်ကာ မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်၊ သကျသီဟ၊ အိမ်တော်ရာ၊ ရှင်ပင်ပက်လက် ရေစက်လက် စသောဘုရားများ၌ စည်ကားခဲ့သည်။ ကဆုန်လပြည့်နေ့တွင် ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ ဗောဓိကုန်းတို့ တိုးမပေါက်၊ စတုဒိသာများ၊ တီးဝိုင်းများ၊ ညောင်ရေသွန်း လှည့်လည်ပွဲများဖြင့် ယဉ်ကျေးသိမ်မွေ့လှသည်။ ဝါဆိုလပြည့်နေ့မှာရောလူတိုင်းလက်မှာ ဝါဆိုပန်းစည်းလေးတွေကိုင်ကာ မန္တလေးတောင် ခြသေ့်ကြီးနှစ်ကောင်အတက်တွင် ပြည့်ကျပ်နေသည်။ မဟာမုနိဘုရားကြီးတွင်လည်း အရုဏ်တက် မျက်နှာသစ်တော်ရေအမီ နရည်းဗုံတောင်တီးသံကြားသည်နှင့် ဂန္ဓကုဋိတိုက်တံခါးဝ၌ ကျိတ်ကျိတ်တိုးစည်ကားနေ၏။ လူရွယ်လူငယ်အားလုံးမှာ သေသပ်သောဆံပင်၊ မြန်မာဆန်ယဉ်ကျေးသော အဝတ်အစားများဖြင့် တစ်ဦးနှင့်တစ်ဦး လေးစားချစ်ကြည်စွာ ဘုရားသွားကျောင်းတက်ကြသည်။

## ပြည့်ဝန်းသောလပြည့်၏ အေးမြမြလရောင်အောက်မှာ

သီတင်းကျွတ်လပြည့်နေ့ကား ကျောက်တော်ကြီးဘုရားပွဲဖြင့် ပျော်ပွဲရွှင်ပွဲပါဝင်သော်လည်း စန္ဒမုနိဘုရားစိန်တောင်ဝန်းရံသည့် ရင်ပြင်တွင် နာနတ်ယို၊ စွံပလွန်ယို၊ ဆီးဖြူသီးငါးပိကြော်၊ ရေနွေးကြမ်းတို့ဖြင့် လုံမပျိုများက ဧည့်ခံ၊ လုလင်လေးများက ယဉ်ကျေးစွာ စားသောက်ရင်း လူငယ်ဘာသာဘာဝ ရင်ခုန်ကြည်နူးခဲ့ကြ၏။ ပြည့်ဝန်းသောလပြည့်၏ အေးမြမြလရောင်သည် အမှတ်ရဖွယ်ညချမ်းအဖြစ် သိမ်မွေ့စွာ ကန့်လန့်ကာဖွင့်ပေးခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့မှာရော မန္တလေး၏ပြတိုင်းစေ့ ကထိန်တွေမှာ လှူကြတန်းကြ၊ တီးဝိုင်း၊ အငြိမ့်များ ကပြကြ၊ ကြည်နူးကြ။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ (အဖိတ်နေ့)တွင် နေ့လယ်စာ စောစောစားသောက်ပြီး စစ်ကိုင်းသို့ကူးကြသည်။ စစ်ကိုင်း-မန္တလေးကား လမ်းမကြီးတွင် ကားတွေအားလုံး အနောက်ဘက်ကမ်းဆီ ဦးတည်ကြသည်။ တံတားအတက် ရွှေကြက်ယက်လမ်းခွဲကတည်းက များပြားလှသည့် ကထိန်ကားတွေက အတောင့်လိုက်ဖြစ်နေသည်။ တံတားပေါ်မှာလည်း ကားတန်းကြီးမဆုံးသေးပေ။ ထိုကားတန်းကြီးသည် တောင်ရိုးသရက်ပင်ဆိပ်ထိ အဆက်မပြတ်တော့၊ အဖိတ်နေ့ညချမ်း စစ်ကိုင်းတောင်ပေါ် ကားသံ၊ လူသံ၊ တူရိယာသံ၊ အသံချဲ့စက်အသံတို့ဖြင့် စီစီညံလို့။ အလင်းပေါက်တောင်ရိုးရှိ ချောင်တိုင်းကို လှည့်ပတ်သွားလာကြသည့် မိန်းမပျိုလေးတိုင်း မှဲ့တစ်ပေါက်မစွန်းခဲ့၊ စောင့်ရှောက်ကြ၊ ကူညီကြသည်။

ပုညရှင်ရင်ပြင်၊ ဥမင်သုံးဆယ်ရင်ပြင်များတွင် ဝိုင်းဖွဲ့သီချင်းဆိုတီးမှုတ်ကခုန်ကြ၏။ လပြည့်နေ့ ကထိန်သင်္ကန်းကပ်၊ ရေစက်ချပြီးမှ မန္တလေးပြန်ကြသည်။ ထိုညမန္တလေးမှာ ပြတိုင်းစေ့မုန့်လုံးရေပေါ်ကျွေးကြသည်။ ပွဲသကူပစ်ကြသည်။ တစ်ပြဝင်တစ်ပြထွက် ခြေကျင်အုပ်လိုက် ပျော်ပျော်ပါးပါးမုန့်လုံးရေပေါ်စားကြ၊ ပွဲသကူရှာကြ၊ ကျီးမနိုးပွဲကို သိမ်မွေ့စွာကစားကြနှင့် လင်းသည်အထိ။

## အခါကြီးရက်ကြီး

သည်ဘက်နှစ်ပိုင်းတွေမှာ မန္တလေး၌ ဥပုသ်နေ့ပိတ်သော ဆိုင်တွေ၊ အလုပ်တွေ အလွန်နည်းပါးသွားသည်။ မြို့ခံတွေလောက်သာ သည်အစဉ်အလာကို မပျက်မယွင်း စောင့်ထိန်းကြ၏။ မြို့ခံတွေကလည်း ဆင်ခြေဖုံးမှာ မြို့သစ်တွေမှာဆိုတော့ လူမြင်ကွင်း မြို့လယ်ကောင်တွင် ဥပုသ်ပိတ်သော ဆိုင်မရှိသလောက်ရှားသွား၏။ ဝါတွင်း အရုဏ်တော်အသင်းများလည်း အနည်းငယ်သာကျန်တော့ရာ မနည်း အားခဲ အသက်ဆက်နေကြရ၏။ ဝါတွင်းဥပုသ်နေ့တွင် မနက်စောစောဓမ္မာရုံပြေးကာ သီလယူ၊ ထို့နောက် လုပ်ငန်းခွင်ဆီသို့ ကိုယ်စီ အရောက်ပြေးကြရသည်ချည်း။ ဝမ်းတစ်ထွာအရေးက နိစ္စဓူဝ ထက်ကြပ်မကွာ ရိုက်ပုတ်နေသည့်သဘော။ သည်တော့လည်း ဝါတွင်းဝါပတ် မပြောပါနှင့် အခါကြီး၊ ရက်ကြီး လပြည့်လိုနေ့မျိုးပင်လျှင် ဆိုင်ဖွင့်ဈေးရောင်း သွားလာရောင်းဝယ်ကြကာ မသိလိုက်မသိဘာသာ ဖြတ်သန်းသွားကြသည်။ တစ်ခုတော့ရှိသည်။ တရုတ်နှစ်သစ်ကူးဆိုလျှင်တော့ ဘာမှဝယ်မရတော့၊ ရောင်းမရတော့၊ အားလုံးရပ်နား၊ တိတ်ဆိတ်၊ လမ်းပေါ်ရှင်းလင်း။

တကယ်တော့ မန္တလေး၊ မန္တလေးနှင့် တသသလုပ် လွမ်းလှသော မိမိကိုယ်တိုင်ပင် 'အခါကြီး ရက်ကြီး' ဟူသော သတ်မှတ်ချက်များ ပျောက်ကွယ်ခဲ့ သည့်ကာလ အတော်ရှည်ကြာခဲ့ပေပြီ။



## တိုတိုထွာထွာဖတ်စရာ

## မင်းဘူး၌ ကျောက်ရိုးစီရေမြောင်းတူးဖော်နေမှု ကွင်းဆင်းကြည့်ရှု

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ် ၄ ရပ်ကွက် ယင်းမာလမ်းအား ကျောက်ရိုးစီ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက မင်းဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနွဲ့အောင်၊ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်နွဲ့နွဲ့ဝင်းက လုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ပြီးစီးနိုင်ရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအတွက် ပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## တံတားဦး၌ စာသင်ကျောင်းဆောင်သစ် လှူဒါန်း

**တံတားဦး**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြင်းစိုင်းကျေးရွာအုပ်စု မြင်းစိုင်းကျေးရွာ သီရိရတနာ တိုင်းရင်းသား (ပရဟိတ)ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းသို့ မြန်မာ့သြဘာလုပ်ငန်းစုက ဆောက်လုပ်လှူဒါန်းသည့် စာသင်ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

မြန်မာ့သြဘာလုပ်ငန်းစု မန္တလေးတိုင်းဒေကြီး တိုင်းတာဝန်ခံ ဦးအောင်မိုးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို လျှောက်ထားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို သီရိရတနာ တိုင်းရင်းသား (ပရဟိတ) ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်း နာယကဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒထံ ဆက်ကပ်လှူဒါန်းသည်။

တံတားဦးမြို့နယ်အနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ကိုးကျောင်းရှိပြီး မူလတန်း ကျောင်းသားဦးရေ ၇၁၇ ဦး၊ အလယ်တန်းကျောင်းသားဦးရေ ၃၉၈ ဦးကြောင်း သီရိရတနာ တိုင်းရင်းသား (ပရဟိတ) ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း နာယကဆရာတော်က ပြောကြားသည်။

**မြို့နယ်ပြန်/ဆက်**

## ဆောမြို့နယ်၌ မြို့နယ်စီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**ဆော**

ဂန့်ဂေါခရိုင် ဆောမြို့နယ် မြို့နယ်စီမံကိန်းရေးဆွဲရေးတွင် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော် ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ဇူလိုင် ၂၃ ရက်မှ ၂၅ ရက်ထိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ရုံးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ သက်ရတနာထွန်း၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ဝင်များ၊ ဆောမြို့နယ်ရှိ ကျေးရွာအုပ်စု ၆၃ အုပ်စုမှ ကျေးရွာသူကျေးရွာသားများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ **(၄၆၅)**

## မင်းလှ ရေနံတွင်းဟောင်းနေရာများတွင် စိုက်ပျိုးနိုင်ရန်ပြုပြင်

**မကွေး**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ရေနံမြော်အများစု၏ရေနံထွက်ရှိမှုမှာ ခေတ်ကောင်းစဉ်အချိန်ကနှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာကျဆင်းသွားခဲ့ပြီး ရေနံမထွက်တော့သည့် တွင်းဟောင်းနေရာများ ပတ်ဝန်းကျင်တွင် သီးနှံများ စိုက်ပျိုးမည်ဆိုပါက အချိန်များစွာယူ၍ ပြုပြင်ရမည်ဖြစ်ကြောင်း ထန်းကိုင်း ရေနံမြော်ဒေသနေ တောင်သူများထံမှ သိရသည်။

ရေနံတွင်းတစ်တွင်း၏ ၁၅ ပေ ပတ်လည်ဝန်းကျင်တွင် ရေနံများပေကျံနေသဖြင့် ရေနံထွက်ရှိမှုမရှိသော်လည်း ရေနံ၏ အခိုးအငွေ့အပူရှိန်လက်ကျန်များရှိနေကြောင်း၊ ရေနံတူးရာတွင် တွင်းတစ်ခုနှင့်တစ်ခုကြား ပေ ၃၀ ခန့်သာ ဝေးကွာသဖြင့် ရေနံလုပ်ကွက်အတွင်း မြေဧကပေါင်းများစွာမှာ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုမရှိကြောင်း ဒေသခံများကပြောသည်။

**ဇေယျာတု(မကွေး)**

## ချမ်းအေးသာစံမြို့၌ ကျန်းမာရေးပညာပေးဟောပြော

**မန္တလေး**

ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် အခမဲ့ ဘီပိုး၊ စီပိုးစစ်ဆေးပေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အသည်းဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာ ညိုမီခိုင်သန်းလှိုင်က အသည်းရောင်အသားဝါရောဂါနှင့် ဘီပိုး၊ စီပိုးများအကြောင်းကိုလည်းကောင်း၊ ခွဲစိတ်ကုပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာရှိန်မြင့်က အသည်းကင်ဆာရောဂါအကြောင်းကိုလည်းကောင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် သည်းခြေအထူးကုဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနွယ်နီက အသည်းခြောက်ရောဂါကြောင့် ဖြစ်ပေါ်နိုင်သော အစာအိမ်သွေးယိုခြင်း အကြောင်းကိုလည်းကောင်း ကျန်းမာရေးပညာပေးဟောပြောပြီး တက်ရောက်လာသူများအား ဘီပိုး၊ စီပိုး ရှိ-မရှိ အခမဲ့ သွေးဖောက်စစ်ဆေးပေးသည်။ **မောင်ပြည်သူ(မန္တလေး)**

## မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး မန္တလေးကျုံးပတ်အပြေးပြိုင်ပွဲကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၂၉**




မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီတို့၏ ဦးဆောင်မှုဖြင့် BMB Sport Event က ကြီးမှူး၍ Mandalay City Run ကျုံးပတ်အပြေးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၅ နာရီခွဲက ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ကျင်းပသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က တာလွှတ်ပေးသည်။ ပြိုင်ပွဲတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ၊ မြန်မာဘောလုံးအကယ်ဒမီတို့မှ ကျောင်းသား ကျောင်းသူ ၄၀၂၅ ဦးနှင့် သက်ကြီးအားကစားသမားများ ကျုံးတစ်ပတ်အပြေးပြိုင်ပွဲ ပါဝင်ဆင်နွှဲကြသည်။

အမျိုးသားပြိုင်ပွဲတွင် ကောင်းမြင့်စံက စံချိန် ၃၃ မိနစ် ၂၂ ဒသမ၈၃ စက္ကန့်ဖြင့် ပထမ၊ ထက်မြက်မှူးက စံချိန် ၃၅ မိနစ် ၀၈ ဒသမ ၅ စက္ကန့်ဖြင့် ဒုတိယ၊ အောင်ကိုထွေးက စံချိန် ၃၅ မိနစ် ၄၂ ဒသမ ၃၂ စက္ကန့်ဖြင့် တတိယဆုရရှိသည်။ အမျိုးသမီးပြိုင်ပွဲတွင် စန္ဒာလင်းက ၄၁ မိနစ် ၁ ဒသမ ၄၂ စက္ကန့်ဖြင့် ပထမ၊ သန်းသန်းစိုးက စံချိန် ၄၁ မိနစ် ၃၈ ဒသမ ၀၅ စက္ကန့်ဖြင့် ဒုတိယ၊ သီရိနိုင်က စံချိန် ၄၂ မိနစ် ၀၂ ဒသမ ၂၂ စက္ကန့်ဖြင့် တတိယဆုများရရှိပြီး ကျန်နှစ်သိမ့်ဆုရရှိသူ ရှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုကျပ် သုံးသိန်း၊ တတိယဆုကျပ်နှစ်သိန်း၊ နှစ်သိမ့်ဆု ကျပ်တစ်သိန်းချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်သော သက်ကြီး အားကစားသမားများအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က အမှတ်တရလက်ဆောင်များ ချီးမြှင့်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ စုပေါင်းပန်းချီပြပွဲခင်းကျင်းပြသ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတောင်ခြေရှိ ပန်းချီပြခန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ C&K Art Exhibition ပန်းချီ၊ ပန်းပုပြပွဲကို ဇူလိုင် ၂၈ ရက်မှ စတင်၍ ခင်းကျင်းပြသသည်။

အဆိုပါပန်းချီပြပွဲတွင် ဒုတိယနှစ်နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်းတို့တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦးတို့က ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်နှင့် မြန်မာ့ရိုးရာဟန် ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၉၈ ကားနှင့် တီထွင်ဖန်တီးထုဆစ်ထားသည့် ပန်းပုရုပ် ခုနစ်ခုတို့ကို စုပေါင်းပါဝင်ပြသခြင်းဖြစ်ပြီး သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဖန်တီးရေးဆွဲထားသော ပန်းချီ၊ ပန်းပုလက်ရာများ၏ လိုအပ်ချက်များကို အကြံပြုပေးနိုင်ရန် ရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ကြောင်း ပန်းပုဌာနမှ ဒုတိယနှစ်ကျောင်းသား ကိုအောင်သန်းစိုးက ပြောကြားသည်။

"ကျွန်တော်တို့ ဝါသနာအလျောက် ရေးဆွဲထုဆစ်ထားတဲ့ ပန်းချီ၊ ပန်းပုတွေကို လာရောက်ကြည့်ရှုပြီး ဝေဖန်အကြံပြုပေးဖို့ ဖိတ်ခေါ်ပါတယ်။ ကျောင်းပြီးသွားရင်လည်း ဒီပညာရပ်တွေကို ဆက်လက်လေ့လာသင်ယူသွားမှာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ ပန်းချီ၊ ပန်းပုပြပွဲသို့ လာရောက်လေ့လာကြည့်ရှုသူ ပန်းချီဆရာကြီး ဦးခင်မောင်သန်း(မန္တလေး)ကလည်း "ယဉ်ကျေးမှုအနုပညာ တက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူတွေ ရေးဆွဲထားတဲ့ ပန်းချီလက်ရာတွေကို မြင်တွေ့ရတာ ထူးခြားမှုတွေရှိတယ်လို့ ခံစားမိတယ်။ ကိုယ့်ရဲ့ ဝါသနာအလျောက် စိတ်ဝင်တစား အားထုတ်ရေးဆွဲထားကြတာ တွေ့ရလို့ ပန်းချီလောကအတွက် အားတက်မိပါတယ်" ဟု ပြောကြားခဲ့သည်။

ပန်းချီ၊ ပန်းပုပြပွဲကို ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း ပြသသွားမည်ဖြစ်ပြီး ဝယ်ယူသိမ်းဆည်းစုဆောင်းထားလိုသူများအတွက် ပန်းချီအမျိုးအစားအပေါ်မူတည်၍ တစ်ကားလျှင် ငွေကျပ်သုံးသောင်းမှ တစ်သိန်းကျော်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## မြဝတီမြို့၌ ကျေးရွာချင်းဆက်ကတ္တရာလမ်းပိုင်း ချောင်းရေတိုက်စား၍ ပျက်စီး

**မြဝတီ ဇူလိုင် ၂၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ ဇူလိုင် ၂၇ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ထီးဝါပလောကျေးရွာအုပ်စုနှင့် ကော့ကော်ကျေးရွာအုပ်စု ကျေးရွာချင်းဆက် ကတ္တရာလမ်းပိုင်းမှ ထီးဝါပလောကျေးရွာနှင့် ဇရပ်ဖြူကုန်းကျေးရွာလမ်းကြားတွင် တည်ရှိသည့် ကွန်ကရစ်ပိုက်ပြွန်မြုပ် မြောင်းငယ်ဖြတ် ကတ္တရာလမ်းသည် တောင်ကျရေစီးဆင်းမှုကြောင့် မြေကျွံကျကာ အရှည် ပေ ၃၀ ခန့်၊ အကျယ် ၁၈ ပေခန့် အနက် ၁၀ ပေခန့် ရေတိုက်စားပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ထီးဝါပလောကျေးရွာအုပ်စုနှင့် ကော့ကော်ကျေးရွာအုပ်စု ကျေးရွာချင်းဆက် ကတ္တရာလမ်းပိုင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သောလမ်းပိုင်းဖြစ်သည်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ကျေးရွာပြည်သူများက ယာယီတံတား တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ ဇူလိုင် ၂၉ ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာ မြဝတီခရိုင်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီမှ သစ်နှင့်သံအတွက် ငွေကျပ် ရှစ်သိန်းထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ယာယီတံတားကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ၊ နယ်မြေခံနယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လမ်းမကြီးသည် ထီးဝါပလော၊ ထီးလော့သေ၊ ကျော်ခို့၊ ကွီးလေး၊ ကော့ကော်၊ ကုန်းမလေး၊ သိကတီ၊ ထိုးသူခီး၊ တရိဂျိုး၊ မဲပလဲ့ဝါးခီး၊ ဒေလော့ဖျာအစရှိသည့် ကျေးရွာများသို့ ဆက်သွယ်သွားလာသည့် အဓိကလမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မတ္တရာမြို့ ယဉ်ကျေးလိမ္မာသင်တန်းသို့ စာရေးကိရိယာများလှူ

**မတ္တရာ ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ (၆) ကြိမ်မြောက်ဖွင့်လှစ်မည့် ဗုဒ္ဓ၊ ဓမ္မ၊ ယဉ်ကျေးလိမ္မာသင်တန်းသား ၄၅၀၀ အတွက် သင်ထောက်ကူ ယဉ်ကျေးလိမ္မာသင်တန်း စာအုပ်များ၊ စာရေးကိရိယာများနှင့် သပိတ်ကျင်းမြို့နယ်၊ စဉ့်ကူးမြို့နယ်နှင့် ကျောက်မြောင်းမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူ ၂၈၉၅၃ ဦး စုစုပေါင်း ၃၃၄၅၃ ဦးအတွက် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် သစ္စာရွှေပြည် မဟာစည်ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရေဘေးကယ်ဆယ်ရေးစခန်းများအားလှည့်လည်ကြည့်ရှု



**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ပေါ်တွင်ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်စခန်းများသို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးကိစ္စရပ်များအား လှည့်လည်ကြည့်ရှုကာ နှစ်သိမ့်အားပေးစကားပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သည် ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်တို့နှင့်အတူ မြသာလျောင်းဘုရား ရေဘေးကယ်ဆယ်စခန်းနှင့် ကလျာဏီသိမ်ကယ်ဆယ်ရေးစခန်းများသို့သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှစ်သိမ့်အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးစခန်းတာဝန်ရှိသူများက နေထိုင်စားသောက်မှုကိစ္စများ၊ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

ထို့နောက် ဗုဒ္ဓအသံမွေ့ဗိမာန်တွင်ဖွင့်လှစ်ထားရှိသည့် ကယ်ဆယ်ရေးစခန်းဗဟိုဌာနချုပ်တွင် အလှူရှင် ရန်ကုန်မြို့နေ ဒေါ်သီသီထွန်း Foremost Star Travel&Tour ကုမ္ပဏီနှင့် အခြားအလှူရှင်များက လာရောက်လှူဒါန်းသော အလှူငွေ၊ ဆန်ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများအား တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးနှင့်အတူ လက်ခံခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဇူလိုင် ၂၉ ရက် နံက် ၆ နာရီခွဲတိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ၉၆၈ စင်တီမီတာမှ ၉၅၀ စင်တီမီတာသို့ ပြန်လည်ကျဆင်းသွားပြီဖြစ်သည်။ ပဲခူးမြစ်ရေသည် စိုးရိမ်ရေအမှတ် ၈၈၀ စင်တီမီတာအထက် ကျော်လွန်လာသဖြင့် ပဲခူးမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာသုံးရွာတို့ ရေနစ်မြုပ်မှုဖြစ်ပေါ်သဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းမှစတင်ပြီး ကယ်ဆယ်ရေးစခန်း ၃၂ ခု ဖွင့်လှစ်ပေးထားရာ ရေဘေးရှောင်ပြည်သူ ၂၅၇၂၃ ဦးရှိကြောင်းသိရသည်။

ပဲခူးခရိုင်တစ်ခုလုံးအနေဖြင့် ပဲခူးမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၃၂ ခု၊ သနပ်ပင်မြို့နယ်တွင် တစ်ခု၊ ကဝမြို့နယ်တွင် သုံးခု၊ ဒိုက်ဦးမြို့နယ်တွင် လေးခု၊ ညောင်လေးပင်မြို့နယ်တွင် ငါးခု၊ ရွှေကျင်မြို့နယ်တွင် ၃၈ ခု စုစုပေါင်းကယ်ဆယ်ရေးစခန်း ၈၃ စခန်း၊ ရေဘေးရှောင်ပြည်သူ ၅၁၇၅၈ ဦးရှိကြောင်း သိရသည်။

အဆိုပါရေဘေးရှောင်ပြည်သူများအား နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက အသင့်စားသောက်နိုင်ရန် ထမင်းထုပ်များ၊ ရေသန့်ဘူးများ၊ မုန့်များ၊ အလှူငွေများ၊ ဆန်၊ ဆီနှင့် အခြားအသုံးအဆောင်ပစ္စည်းများ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ဖျာပုံမြို့နယ်၌ ဝါဆိုပန်းခူး ဆက်ကပ်လှူဒါန်းပွဲ၌ ရိုးရာလှေပြိုင်ပွဲ ထည့်သွင်းကျင်းပ



**ဖျာပုံ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အပြောင်ကျေးရွာ၌ ရိုးရာဓလေ့အတိုင်း ဝါဆိုပန်းခူးဆက်ကပ်လှူဒါန်းခြင်းနှင့် ရိုးရာလှေပြိုင်ပွဲကို ဇူလိုင် ၂၈ ရက် နံနက်တွင် အပြောင်ချောင်းအတွင်း ကျင်းပသည်။

"ဒီရွာက နှစ်စဉ် ရိုးရာလှေတွေနဲ့ ရွာသူ၊ ရွာသားလူငယ်တွေစုပြီး ဝါဆိုပန်းခူးတဲ့ဓလေ့ရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း အစဉ်အလာမပျက် ကျင်းပခြင်းဖြစ်ပါတယ်။ ထူးခြားတာက ရိုးရာလှေလှော်ပွဲတွေ မတွေ့ရတာကြာနေတဲ့ လူငယ်တွေ ရိုးရာဓလေ့တွေ မြတ်နိုးတတ်အောင် ဒီနှစ်မှာ ရိုးရာလှေပြိုင်ပွဲ ထည့်သွင်းကျင်းပရခြင်းဖြစ်ပါတယ်" ဟု အပြောင်ကျေးရွာမှ ကိုလှဝင်းထိန်က ပြောသည်။

အဆိုပါ ဝါဆိုပန်းခူးဆက်ကပ်လှူဒါန်းပွဲကို အပြောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသား လူငယ်များနှင့် စိတ်ပါဝင်စားသည့် ဖျာပုံမြို့ပေါ်မှ လူငယ်များ ပူးပေါင်းကာ ဝါဆိုလပြည့်ကျော် ၁ ရက် နံနက် အရုဏ်တက်ချိန်မှစ၍ ရိုးရာလောင်းလှေတစ်စီး၊ ထရော်လှေလေးစီးဖြင့် အပြောင်ကျေးရွာချောင်းအတိုင်း အပြောင်ကျေးရွာ၊ ကျုံကူကျေးရွာ၊ ဖျာပုံတမံကျေးရွာအတွင်းရှိ ချောင်းရိုးများမှ ဝါဆိုပန်းများ ဆွတ်ခူးခဲ့ကြသည်။

ထို့နောက် ဖျာပုံတမံဘုန်းတော်ကြီးကျောင်း၊ အပြောင်ကျေးရွာ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ ဇဗ္ဗူထိန်လင်းဘုန်းတော်ကြီးကျောင်းတို့၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါဆိုပန်းများ စုပေါင်းကပ်လှူ ကုသိုလ်ပြုခဲ့ကြပြီး ရိုးရာလှေပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါလှေပြိုင်ပွဲသို့ ရိုးရာလှေအဖွဲ့ကိုးဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရွာသူရွာသားလူငယ်များကလည်း စက်လှေ ၁၅ စီးဖြင့် ချောင်းရိုးတစ်လျှောက် လိုက်လံအားပေးပူးပေါင်းပါဝင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ဝါဆိုလှိုင်းခုန်ပွဲဓလေ့ပေါ်ထွန်းပြီး ပင်လယ်ကမ်းခြေ၌ အပန်းဖြေရေလှိုင်းစီးသူများဖြင့် စည်ကားလျက်ရှိ

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ ဝါဆိုလပြည့်ကျော် (၁) ရက်ကို ဝါဆိုပန်းခူးသည့်နေ့ရက်အဖြစ်သတ်မှတ်ကာ နံနက်ပိုင်းကစ၍ ဒေသခံလူငယ်လူရွယ်များ စုပေါင်းကာ ဝါဆိုလအတွင်းဖူးပွင့်ကြသည့် တောတောင်နေရာအနှံ့မှ ပန်းများကိုတပျော်တပါး လိုက်လံခူးယူကြပြီး ညနေပိုင်းတွင် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆိုပန်းအဖြစ်ကပ်လှူပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူဒါန်းပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့် ရိုးရာဓလေ့များရှိသော်လည်း ဝါဆိုပန်းများ လိုက်လံခူးယူကြသည့် အလေ့အထများမှာ ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

ဝါဆိုပန်းများခူးယူကြသည့် အလေ့အထများ ပျောက်ကွယ်ခဲ့သော်လည်း ဝါဆိုပန်းကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်းဓလေ့များမှာ ဟိုင်းကြီးကျွန်းဒေသအနှံ့ ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ထို့အတူ ယခင်က ဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် ဝါဆိုပန်းခူးရင်း လူနည်းစုဖြင့်ပင်လယ်ရေကစားကြသည့်အလေ့အထများ ရှိနေခဲ့ပြီး ယခုအခါ ဒေသခံများစုပေါင်း၍ အပန်းဖြေရေလှိုင်းစီးခြင်း၊ ရေကစားခြင်းများပြုလုပ်ကြသည့် ဝါဆိုလှိုင်းခုန်ပွဲဟူသည့်အမည်နာမဖြင့် ဟိုင်းကြီးကျွန်းဒေသတွင် အလွန်စည်ကားသည့် ရိုးရာဓလေ့တစ်ခုအဖြစ် ဒေသအနှံ့ပေါ်ထွန်းလာသည်။

ယနေ့ ဝါဆိုလပြည့်ကျော် (၁) ရက်နေ့၌ ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ကမ်းခြေအပါအဝင် မော်တင်စွန်း၊ ပြင်ခရိုင်၊ မေဒါအိုင်၊ သက္ကယ်သောင်စသည့် ပင်လယ်ကမ်းခြေများတွင် ဒေသခံတစ်သောင်းခန့် အပန်းဖြေပင်လယ်ရေလှိုင်းစီးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အပန်းဖြေ ရေကစားကြသူများသည် ဇူလိုင် ၂၈ ရက်နံနက်ပိုင်းမှစ၍ ပင်လယ်ကမ်းခြေများဆီသို့ တဖွဲဖွဲရောက်ရှိလာကာ စားသောက်ဖွယ်ရာများရောင်းချသူများ၊ ဘောလုံးကန်သူများ၊ ပင်လယ်ရေလှိုင်းစီးသူများဖြင့် ပျော်ရွှင်စွာ အပန်းဖြေလျက်ရှိပြီး မွန်းလွဲပိုင်းတွင် ရေကစားရာကမ်းခြေဆီများဆီမှ အသီးသီးပြန်လည်ထွက်ခွာသွားကြပြီးနောက် ညနေပိုင်းတွင် ကျေးရွာအလိုက် ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများကို ကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းမှာ ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ကမ်းခြေကျေးရွာများ၏ ပြောင်းလဲလာသည့် ရိုးရာဓလေ့တစ်ခုပင် ဖြစ်သည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



## တိုတိုထွာထွာဖတ်စရာ

### ညောင်လေးပင်မြို့၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟုတ်လင်ကွမ်အင်း ဘုံကျောင်းခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ် ၃ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) မှ တပ်ဖွဲ့စုမှူး ရဲမှူးမောင်မောင်ဝင်းက မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော လူကုန်ကူးမှုဖြစ်စဉ်ကိုလည်းကောင်း၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) မှ ရဲအုပ်ကျော်ကျော်က လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုများနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ညောင်လေးပင်မြို့မရဲစခန်း ဒုရဲမှူးဌေးဝင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးပြောကြားပြီး ဒေသခံပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၅၇၈)**

### အင်းစိန်၌ မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် ဦးစံကျော်စု (၁) လမ်းရှိ ပုညကြိယာဓမ္မာရုံ၌ ဇူလိုင် ၂၆ ရက် ည ၇ နာရီခွဲတွင် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့ကို ဟောပြောရာ ပြည်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၆၈၄)**

### ဒိုက်ဦး၌ ရေဘေးသင့်သူများအတွက် စားစရာနှင့်အထည်များလှူ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းထားသော ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဆန်များ၊ စားစရာနှင့် အဝတ်အထည်များကိုစုစည်း၍ ဇူလိုင် ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ရေဘေးကျရောက်ရာနေရာများသို့ သွားရောက်လှူဒါန်းပေးခဲ့ပြီး ရေဝင်နေသောအိမ်များရှိ ပစ္စည်းများအား ကူညီရွှေ့ပြောင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဇူလိုင် ၂၇ ရက်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပသည်။

စီမံကိန်းကျေးရွာများဖြစ်သော မှော်အင်းရွာ၊ ဆင်မနီရွာနှင့် ဥတိုချောင်းဖျားကျေးရွာတို့အား စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ စီအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာစီမံကိန်းကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သူရိန်ထွန်း(ပဲခူး)**

# ဘိလပ်ပြည်သားမြန်မာ့သူရဲကောင်း

ME (ယူကေ)

> ဖခင်ဖြစ်သူ Vertannes Stephen Vertannes မှာ ရန်ကုန်မြို့တွင် အခွန်အရာရှိအဖြစ် ၁၉၃၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းအား ရန်ကုန်မြို့၌ပင် ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ လူငယ်လေး Vertannes မှာ ၁၉၄၁ ခုနှစ် ဂျပန်စစ် မဖြစ်ပွားခင်အထိ ရန်ကုန်မြို့၌ ပညာသင်ကြားခဲ့ . . .

'စစ်မှုထမ်းကောင်းဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားလေး ကျင်းပမလို့ လေးလေး။ မြန်မာအသိုင်းအဝိုင်းက လူကြီးတစ်ဦးအနေနဲ့ တက်ရောက်ပေးပါ လေးလေးခင်ဗျ'လို့ ဆိုပြီး ကျွန်တော့်ရဲ့ညီလို တူသားလို ရင်းနှီးခင်မင်သူက ဖိတ်ကြားလာပါတယ်။ ထူးထူးထွေထွေ ပြန်မမေးတော့ပါဘူး။ 'အေးပါကွာ တက်ရတာပေါ့လို့' တိုတိုပဲ ပြန်အဖြေပေးလိုက်တယ်။ သူက ပွဲတိုင်းလိုလို ကျွန်တော့်အား မပျက်မကွက် ဖိတ်ကြားတတ်သူ၊ ကျွန်တော်သာ တက်ရောက်ဖို့ ပျက်တဲ့အခါ ပျက်နေပြီး ဒီတစ်ခါတော့ သူပြောတဲ့ရက်မှာ ကျွန်တော်လည်း အားနေ၊ ပင်စင်စားတစ်ဦးပဲ အားရမှာပေါ့ ပြောလိုက ပြောနိုင်မည် ဖြစ်သော်လည်း ကျွန်တော့်မှာကား မြေးနှစ်ဦး ရှိသည်။ သမီးငယ်က မွေးထားသော သားနှစ်ဦးပင်။ ဒီမြေးနှစ်ယောက်ကြည့်ရတာ ကျွန်တော့်မှာ အလုပ်တစ်ခုမက နှစ်ခုပင် ဖြစ်နေတော့တာပဲ။

အဲဒီနေ့က လမ်းမှာလာရင်း လန်ဒန်မြို့ရဲ့ ပြောစမှတ်တစ်ခုဖြစ်တဲ့ ယာဉ်ကြောပိတ်ဆို့မှုကြီးထဲမှာ ကျွန်တော်တစ်ယောက် ပိတ်မိနေပါပြီ။ ပွဲချိန်ကစတော့မယ်။ ဒီယာဉ်တန်းနဲ့တော့ ဘယ်လိုမှ အချိန်မီရောက်ဖို့မမြင်။ အေးအေးလူလူ အချိန်ကိုက် ထွက်လာမိတာ ငါ့အမှားပဲဟု ရေတွက်မိပါတယ်။ အင်း . . . ခုမှ ပွဲအကြောင်း ဂယနဏ မမေးမိလိုက်တာ ခက်တော့တာပဲဟုလည်း တွေးမိလိုက်တယ်။ ဩော် ကိစ္စမရှိလောက်ပါဘူး၊ စစ်မှုထမ်းကောင်းတံဆိပ်နဲ့ ငါနဲ့ ဘာဆိုင်တာမှတ်လို့၊ ငါက အငြိမ်းစားဆရာဝန် အားလပ်ချိန် ဝါသနာအရ စာလေးဘာလေးရေးတဲ့ စာရေးဆရာ ငါ့ကိုခင်လို့ သက်သက်ဖိတ်တဲ့ပွဲပဲ ဖြစ်မှာပါဟု တစ်ကိုယ်တည်း ဖြေသိမ့်လိုက်သည်။

ထင်သည့်အတိုင်းပင် ပွဲပြီးချိန်နီးကာမှ ကပ်ရောက်သွားပါတယ်။ ရုံးဝန်ထမ်းအားလုံးကတော့ ကျွန်တော့်အား 'ပြုံးရွှင်စွာပင် ဆီးကြိုကြတယ်။ သို့သော် နောက်ကျမှ ရောက်လာရသည်မို့ မျက်နှာ ဘယ်ထားရမှန်းမသိ။ အခန်းထဲက လူတွေအားလုံး ပွဲမပြီးခင်လေး စကားလက်စသတ်နေကြပြီး ကျွန်တော့်တူက ကျွန်တော့်လက်ကိုဆွဲကာ မိတ်ဆက်ပေးမလို့ဟု ဆိုပြီး လူတစ်ဦးထံ ခေါ်သွားပါတယ်။ အရပ်ရှည်ရှည် အသားဖြူဖြူဘိုတစ်ဦးပင်။ ရင်ဘတ်မှာလည်း တံဆိပ်ကြီးတွေနဲ့။ အဲ သေချာကြည့်တော့မှ လွတ်မြောက်ရေးတံဆိပ်နဲ့ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်တွေကို တပ်ဆင်ထားတာတွေ့ရတယ်။ ထိုအချိန်ကျမှ သိလိုက်သည်။ ဩော် ဆုပေးတာအင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ယောက်ကို ပေးတာကိုး။ သူကပဲ စတင်မိတ်ဆက်သည်။ သူ့အမည်မှာ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Desmond George Stephen Vertannes ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်မှာ အမှုထမ်းဆောင်ခဲ့တဲ့အတွက် တပ်မတော်က ၎င်းအား ယခုလို စစ်မှုထမ်းတံဆိပ်နှစ်ခု ချီးမြှင့်ခဲ့တာကို ဝမ်းသာဂုဏ်ယူမဆုံးကြောင်း၊ လန်ဒန်မြို့ မြန်မာသံရုံးမှာ အခမ်းအနားနဲ့တကွ စီစဉ်ပေးကြတဲ့ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဦးကျော်စွာမင်းနဲ့ စစ်သံမှူး ဗိုလ်မှူးချုပ် တင်မောင်ဆွေတို့ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာသံရုံးအဆောက်အအုံမှာလည်း လန်ဒန်မြို့ရဲ့ သမိုင်းဝင်ရှေးဟောင်း အဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းတင်ထားတယ်လို့ သိရှိရပါကြောင်း၊ ဒီနေ့ဟာ သူ့အတွက်တော့ မမေ့နိုင်တော့မယ့် အမှတ်တရနေ့လေးဖြစ်ကြောင်း၊ မြန်မာပြည်ကိုလည်း မကြာခဏ သတိရလျက်ရှိကြောင်းစသည်ဖြင့် သီကာပတ်ကုံး မရပ်မနားပြောနေပါတော့တယ်။ ကျွန်တော့်တူတစ်ဖြစ်လဲ သံအမတ်ကြီးက ပြုံးပြုံးနဲ့ပဲ နားထောင်ပြီးနောက် ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။ ကျွန်တော်လည်း သူ့အကြောင်း သေသေချာချာ မသိပါဘဲလျက် စစ်မှုထမ်းကောင်းတံဆိပ်ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ယာဉ်ကြောပိတ်မိနေသည့်အတွက် နောက်ကျသွားတာ တောင်းပန်ကြောင်းဖြင့် လောကွတ်စကားပြန်ဆိုရပါတယ်။

အခမ်းအနားက ပြီးဆုံးသွားပါတယ်။ ဧည့်သည်တွေကလည်း ပြန်ကြပြီ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့် အခုမှ အစပျိုးပါတယ်။ မြန်မာ့တပ်မတော်မှာ စစ်မှုထမ်းခဲ့တဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးဆိုတာ ကျွန်တော့်အတွက်တော့ စိတ်ဝင်စားဖွယ်အပြည့်။ သူက ဘယ်သူဘယ်ဝါလဲ။ မြန်မာ့တပ်မတော်မှာ ဘယ်တုန်းက ဘာတာဝန်ထမ်းဆောင်ခဲ့တာလဲ။ ဘယ်လိုစွမ်းဆောင်ရည်ကြောင့် စစ်မှုထမ်းကောင်းတံဆိပ်ကို ချီးမြှင့်ခံရတာလဲ။ စာရေးဆရာပီပီ အတွေးများစွာနဲ့ ကျွန်တော့်တူတော်မောင်ကို မေးခွန်းထုတ်နေမိသည်။ သူ့ခမျာလည်း အခမ်းအနား ဖြစ်မြောက်ရေး စီစဉ်ညှိနှိုင်းကြားနေခဲ့ရလို့ မောနေရောပေါ့။ ကျွန်တော်သိချင်သည်များကို တစ်ခွန်းတည်းပဲ ဖြေရှာတယ်။ လေးလေး သိချင်ရင် သူကိုယ်တိုင်ရေးပေးထားတဲ့ ကိုယ်ရေးမှတ်တမ်း ကျွန်တော့်မှာရှိတယ်။ လေးလေးကိုပေးမယ်တဲ့။

စာရေးဆရာဆိုတာ တေးသွားလေးတစ်ပုဒ်၊ စာလေးတစ်ပိုဒ်၊ အပြုံးလေးတစ်ပွင့်၊ ပန်းလေး တစ်ဖူးတစ်ငုံကိုပင် ဂန္ထဝင်တေးသွား၊ သမိုင်းဝင်ဝတ္ထု၊ မော်ဝင်အပြုံး၊ 'မြိုင်ဝန်ဟေနန်းသဖွယ် ရေးတတ် ဖွဲ့တတ် ကြတာဘဲလေ' ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) Desmond George Stephen Vertannes (ကြည်း ၅၁၉၄) ၏ ကိုယ်ရေးမှတ်တမ်းလေးက စာရေးဝါသနာပါလှတဲ့ ကျွန်တော့်အတွက်တော့ တစ်သက်တာ မှတ်တမ်းပင်။ ဆေးထိုးအပ်သာ ကိုင်ခဲ့သော ကျွန်တော့်ရဲ့ ကလောင်လက်မှာ ဘဝတစ်လျှောက် သေနတ်ကိုင်ခဲ့တဲ့ ဒုတိယဗိုလ်မှူးကြီးဆိုသူ အကြောင်းကို အလိုအလျောက်ပင် သီကုံးရေးဖွဲ့ခဲ့မိပါတော့တယ်။



### ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ
### အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ဘန်ဂလောမြို့

အိန္ဒိယနိုင်ငံ တောင်ဘက်ပိုင်းရှိ ဘန်ဂလောမြို့လေးမှာ ဗြိတိသျှတို့အုပ်ချုပ်စဉ်အချိန် ၁၈၃၁ ခုနှစ်မှ ၁၈၈၁ ခုနှစ်အထိ အုပ်ချုပ်ရေးဆိုင်ရာဌာနချုပ် တည်ရှိရာ မြို့လေးဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၇ ခုနှစ်အထိ ဗြိတိသျှတို့က အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးရုံးဌာနများကို ဖွင့်လှစ်ထားရှိခဲ့သည်။ ထိုဘန်ဂလောမြို့လေးရှိ ဗိုလ်သင်တန်းကျောင်းတွင် သင်တန်းတက်ရန် ဗိုလ်လောင်း Vertannes တစ်ယောက် ရောက်ရှိလာခဲ့သည်။ ထိုစဉ်က သူ၏ အသက်မှာ ၁၉ နှစ်။ အိန္ဒိယ ဘာသာစကားတတ်မြောက်ခြင်း မရှိသဖြင့် အိန္ဒိယ၏ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့။ အမှန်တော့ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း) Vertannes သည် အိန္ဒိယနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့သူမဟုတ်သလို အင်္ဂလန်ပြည်တွင် မွေးဖွားခဲ့သူလည်းမဟုတ်ပါပေ။

ဖခင်ဖြစ်သူ Vertannes Stephen Vertannes မှာ ရန်ကုန်မြို့တွင် အခွန်အရာရှိအဖြစ် ၁၉၃၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရာ ၎င်းအား ရန်ကုန်မြို့၌ပင် ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ လူငယ်လေး Vertannes မှာ ၁၉၄၁ ခုနှစ် ဂျပန်စစ် မဖြစ်ပွားခင်အထိ ရန်ကုန်မြို့၌ ပညာသင်ကြားခဲ့သည်။ ထို့နောက် ၎င်း၏ဖခင်မှာ အိန္ဒိယအရန်တပ်ဖွဲ့တွင် ဗိုလ်မှူးအဖြစ် တာဝန်ကျသဖြင့် အိန္ဒိယနိုင်ငံသို့ ၁၉၄၂ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။ လူငယ်လေး Vertannes လည်း ကော်လ်ကတ္တားမြို့တွင် ၁၈ လ ကြာ ပညာသင်ကြားခဲ့သည်။ ယခုနောက်ဆုံးတော့ ဗိုလ်သင်တန်းကျောင်းသို့ ၁၉၄၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တစ်နှစ်နီးပါးခန့် တက်ရောက်ကာ အိန္ဒိယမြောက်ပိုင်းရှိ Burma Regimental Centre ၌ ခြေလျင်တပ်ရင်းသင်တန်းသို့ ဆက်လက် တက်ရောက်ခဲ့သည်။ သင်တန်းပြီးသောအခါ Burma Intelligence Corps ၌ တာဝန်ကျသည်။ ထို့နောက် $2^{nd}$ British Division နှင့် $17^{th}$ Indian Division of the $14^{th}$ Army တို့တွင် အဆင့်ဆင့် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ တာဝန်များ ထမ်းဆောင်နေချိန်ပင် ဒုတိယကမ္ဘာစစ်ကြီးလည်း ဆုံးခန်းတိုင်ခဲ့သည်။ ဗိုလ်ကြီးအဆင့်ရာထူး ရရှိပေပြီ။

### ၁၉၄၆ ခုနှစ်၊ မတ်လ
### မြန်မာနိုင်ငံ၊ မြစ်ကြီးနားမြို့

စစ်ဟူသည် 'မီး' ဟု ဆိုလျှင် မီးကိုငြိမ်းနိုင်သည့် ရေမှာ ငြိမ်းချမ်းရေးသာ ဖြစ်သည်။ ပထမကမ္ဘာစစ်ဖြင့် တစ်ကမ္ဘာလုံး တောက်လောင်အပြီးတွင် ဒုတိယကမ္ဘာစစ်ဆိုသည်က လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ထပ်မံလောင်မြိုက်စေခဲ့သည်။ ယခုတော့ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီ။ မီးသည် ရေနှင့်တွေ့က ငြိမ်းရသည်သာ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသဖြင့် အပျော်ရဆုံးထဲတွင် စစ်သားတစ်ယောက်ဖြစ်သည့် ဗိုလ်ကြီး Vertannes ကိုယ်တိုင်လည်း အပါအဝင်ပင်။ ထပ်ဆင့်ပျော်ရသည်က ပြန်တမ်းဝင်အရာရှိအဖြစ် သူမွေးဖွားရာ မြန်မာပြည်တွင် တာဝန်ထမ်းဆောင်ခွင့်ရခြင်းကြောင့်တည်း။

ဗိုလ်ကြီး Vertannes မှာ ၁၉၄၆ ခုနှစ် မတ်လမှ ၁၉၄၈ ခုနှစ်အထိ ကချင်သေနတ်ကိုင် တပ်ရင်း (၂)တွင် တာဝန် ထမ်းဆောင်ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီ။ လွတ်လပ်ရေးနှင့်အတူ ရောင်စုံသူပုန်သောင်းကျန်းမှုကား ယှဉ်တွဲပါလာခဲ့သည်။ ဂိုဏ်းဂဏ၊ နိုင်ငံရေး အယူဝါဒများ ကွဲလွဲမှုကြောင့် ကွန်မြူနစ်များက ပုန်ကန်ကြသည်။ ပုန်ကန်ထကြွမှုများမှာ မြန်မာပြည်အနှံ့ မီးခိုးကြွက်လျှောက်ပမာ ပျံ့နှံ့လျက်ရှိသည့်အချိန်တွင် သူ့အနေဖြင့် ဗမာ့သေနတ်ကိုင် တပ်ရင်း (၆)တွင် ဆက်သွယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

### ဗမာပြည်ကွန်မြူနစ်ပါတီ (Burma Communist Party-BCP) တောခိုပြီ။

မီးလောင်ရာလေပင့်ဆိုသကဲ့သို့ သူပုန်ထကြွရာနေရာတိုင်းတွင် ဝါဒမှိုင်းမှာ တိုက်လျက်ရှိတော့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို ထောက်ခံသူ စစ်သားများမှာ ဗမာ့သေနတ်ကိုင် တပ်ရင်းမှ နုတ်ထွက်ကုန်ကြသည်။ တပ်မှနုတ်ထွက်သည့် ဦးရေမှာ တစ်နေ့တခြား များပြားလာရာ အစိုးရသစ္စာခံ အမာခံတပ်ဖွဲ့များ၏ အင်အားကို တိုးချဲ့ရန် လိုအပ်လာခဲ့သည်။ လွတ်လပ်ရေးခရီးလမ်းသည် မခူးခင်က ညွှတ်၍ ကြွေသည့် ပန်းပမာရှိချေပြီ။ ထိုအချိန်တွင် ဗိုလ်ကြီး Vertannes မှာ ဗိုလ်မှူးကြီး လဇွန်တန်အား ကူညီအားဖြည့်ရန် တာဝန်ကျ ရောက်ခဲ့သည်။ ဗိုလ်မှူးကြီးလဇွန်တန်မှာ မြစ်ကြီးနားမြို့ရှိ ကချင်သေနတ်ကိုင်တပ်ရင်း (၁) နှင့် တပ်ရင်း (၄) တို့ကို ကြီးကြပ်ကွပ်ကဲနေရသူဖြစ်သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လမှ စတင်ကာ တပ်ရေးဗိုလ်ကြီးအဖြစ် ဗိုလ်မှူးကြီးလဇွန်တန်၏ တပ်ရင်းနှစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

### အမိန့်
### ပြင်ဦးလွင်မြို့မြောက်ပိုင်းစစ်ဌာနချုပ်အား ပြန်လည်သိမ်းပိုက်ရန်

၁၉၄၉ ခုနှစ် အစောပိုင်းတွင်ဖြစ်သည်။ ကရင်တပ်ဖွဲ့ တောခိုခဲ့ပြီး ပြင်ဦးလွင်မြို့ရှိ မြောက်ပိုင်း စစ်ဌာနချုပ်အား သိမ်းယူခဲ့သည်။ သို့ဖြစ်၍ ယခုအမိန့်အရ ကချင်သေနတ်ကိုင်တပ်ရင်း (၁) မှာ ရန်သူ့လက်မှ စစ်ဌာနချုပ်ကို ပြန်လည်သိမ်းပိုက်ရမည်ဖြစ်သည်။

### စစ်ဆင်ရေး စတင်ခဲ့ပြီ

တပ်ရင်း (၁) အင်အားကို စုစည်းပြီးနောက် မြစ်ကြီးနားမြို့မှ လားရှိုးမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး လားရှိုးမှ တစ်ဆင့် ပြင်ဦးလွင်မြို့သို့ ချီတက်ခဲ့သည်။ ပြင်ဦးလွင်မြို့တွင် ကရင်တပ်ဖွဲ့နှင့် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့သည်။ ရန်သူတပ်မှာ အသာစီးရသည့် အနေအထားဖြစ်သော်လည်း စစ်တွင် ဗျူဟာသည် အဓိကကျရာ မဟာဗျူဟာမြောက်မှု၊ တပ်ဖွဲ့ဝင်များ၏ ရှပ်ရှပ်ချွံချွံ တိုက်ထုတ်မှုတို့ကြောင့် နောက်ဆုံးတွင် ရန်သူတပ်များ လက်နက်ချ အရှုံးပေးခဲ့ရသည်။ ပြင်ဦးလွင်မြို့ မြောက်ပိုင်းစစ်ဌာနချုပ်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် အောင်ပွဲမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

# တာချီလိတ်၌ မယ်ဆိုင်ချောင်းရေပြန်ကျဆင်း၍ ကျန်ရှိသည့်သဲနုန်းများအား ရှင်းလင်း

**တာချီလိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ တောင်ပေါ်ဒေသများတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့၌ မယ်ဆိုင်ချောင်းရေများ ဝင်ရောက်ခဲ့ရာ ယင်းချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တင်ကျန်ခဲ့သည့် သဲနုန်းများ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ တပ်မတော်သားများက ပူးပေါင်း ကူညီဆောင်ရွက်ရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးသည်။

တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများပြားပါက မြေနိမ့်ပိုင်း ရပ်ကွက် အချို့တွင် နှစ်စဉ်ချောင်းရေများ ဝင်ရောက်လေ့ရှိသဖြင့် ရေကြီးရေလျှံခြင်းကြောင့် ဆုံးရှုံးမှုများမဖြစ်စေရေး ကယ် ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ဝိုင်းမော်မြို့နယ်ရှိ မိုးစပါးစိုက်ခင်းများအတွင်း ယခင်နှစ်များထက် ရွှေခရုပိုးကျရောက်မှုလျော့နည်း

**ဝိုင်းမော် ဇူလိုင် ၂၉**

ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် မိုးစပါးစိုက်ရာသီတွင် စပါးဖျက် ရွှေခရုပိုးများကျရောက်မှုမှာ ယခင်နှစ်ထက် သိသိသာသာနည်းသွားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မာဌေးက ပြောကြားသည်။

"ခရုကျရောက်တာကတော့ ဝိုင်းမော်မြို့နယ်အတွင်းမှာ ဝါရှောင်၊ နန့်ဝါနဲ့ ဝူယန်ကျေးရွာ အုပ်စုတွေမှာ ကျရောက်မှုများပါတယ်၊ ခရုနှိမ်နင်းဖို့ဆိုပြီး ဒေသခံတောင်သူတွေကို ဆန်ခါခုံးတွေဝေပေးခဲ့ပါတယ်၊ ခရုကြိုက်တတ်တဲ့ နာနတ်သီးခွံ၊ ပိန္နဲသီးခွံတွေချပေးခြင်းအားဖြင့် ခရုတွေက အဲဒီအစားအစာတွေကို လာရောက်စုဝေးစားသောက်တဲ့အချိန်မှာ အလွယ်တကူဖမ်းဆီးပြီး အိတ်ထဲမှာထည့်ထားတော့ မျိုးဆက်ပြန့်ပွားမှုမရှိတော့ဘဲ ခရုတွေနည်းပါးပျောက်ကွယ်သွားတာဖြစ်ပါတယ်၊ ဝူယန်ကျေးရွာမှာတော့ ရွှေခရုကောက်နှိမ်နင်းပွဲကို နှစ်စဉ်ဆောင်ရွက်လာရာမှာ ဒီနှစ်အတွက် ရွှေခရုကောက်နှိမ်နင်းပွဲကို မကြာခင်ဆောင်ရွက်တော့မှာဖြစ်ပါတယ်" ဟု ဒုတိယဦးစီးမှူး ဒေါ်ခင်မာဌေးက ရှင်းလင်းပြောကြားသည်။

ဝိုင်းမော်မြို့နယ်အတွင်း ၂၀၁၈ခုနှစ် မိုးစပါးစိုက်ရာသီတွင် လျာထားဧက ၄၃၀၀၀ ကျော်အနက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ လယ်မြေများအတွင်း ရွှေခရုပိုးကျရောက်မှု နည်းပါးသွားသော်လည်း လုံးဝပပျောက်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေခံတောင်သူများပူးပေါင်းကာ ဩဂုတ် ၁ ရက်တွင် နှိမ်နင်းရေးလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## တိုတိုထွာထွာဖတ်စရာ

### ကျောက်ပန်းတောင်း၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အေးရွာကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဆင့် ဖွင့်လှစ်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အဆိုပါ အေးရွာကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖြစ်မြောက်ရေးအတွက်၊ ကျေးရွာပြည်သူများပူးပေါင်း၍ ကျေးရွာပိုင်ရန်ပုံငွေဖြင့် မြေသုည ဒသမ ၇၄ ဧကကို ဝယ်ယူခဲ့ပြီး အဆိုပါမြေပေါ်တွင် ဝဲလောင်ကျောက်ကာ ဆရာတော် ဘန္ဒန္တညာဏိန္ဒက ငွေကျပ်သိန်း ၁၈၀ ကျော်အကုန်ခံ၍ ပေ ၆၀ × ပေ ၃၀ အုတ်ကာ၊ သွပ်မိုး၊ သမံတလင်းခင်း တစ်ထပ်ကျောင်း ဆောင်အားဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

### ပူတာအိုမြို့၌ စည်းရုံးရေးမှူးများ သင်တန်းဆင်းပွဲကျင်းပ

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ပထမနှစ်စက်ဝန်းအတွက် စည်းရုံးရေးမှူးများသင်တန်း အပိုင်း ၂ သင်တန်းဆင်းပွဲကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ သင်တန်းကာလ ခြောက်ရက်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပူတာအိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းအတွက် ခန့်အပ်ထားသည့် ဝန်ထမ်းများ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ် နည်းပညာအကြံပေးအဖွဲ့ ဝန်ထမ်းများ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂၉ရက် နံနက် ၉ နာရီက တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ပြုလုပ်သည်။

မော်ဟန်ဘိနယ် သစ်တောတာဝန်ခံ တောအုပ်ဦးအောင်မိုးဦးက တရားမဝင်သစ်လျော့နည်းပပျောက်ရေးနှင့် သစ်တောဥပဒေအကြောင်းအရာများကိုလည်းကောင်း၊ မိုးညှင်းမြို့နယ် သဘာဝစိမ်းလန်းစိုပြည်ဖွံ့ဖြိုးရေးအသင်း (NGDA) ဥက္ကဋ္ဌ ဦးတင်ဝယ်က ဒေသခံပြည်သူများ၏သစ်တောတည်ထောင်ခြင်းလုပ်ငန်းများအကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းအရာများကိုလည်းကောင်း၊ FLEGT (ကချင်)မှ ကော်မတီဝင် ဦးရဲဝင်းထိုက်က သစ်တောထွက်ပစ္စည်းများကိုတရားမဝင်သစ်ထုတ်လုပ်မှုလျှော့ချရေး တရားဝင်သစ်ထုတ်လုပ်ရောင်းချနိုင်ရေးအကြောင်းအရာများနှင့် FLEGT VPA (EU -မြန်မာ နှစ်နိုင်ငံ တရားဝင်သစ်ရောင်းချနိုင်ခွင့်) အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**နီတိုး(မိုးညှင်း)**

# လားရှိုး၌ မိုးသည်းထန်စွာရွာသွန်း၊ ရေကန်တောင် ရေကန်အမှတ်(၁) ကန်ပေါင်အချိန်မီထိန်းသိမ်းဆောင်ရွက်

**လားရှိုး ဇူလိုင် ၂၉**

လားရှိုးမြို့တွင် ဇူလိုင် ၂၈ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လားရှိုးမြို့ပေါ်ရှိ ရပ်ကွက်အများစုတွင် ရေကျော် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ဇူလိုင် ၂၈ ညပိုင်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက် ၁ ကျောက်တောင်ရပ်ကွက်တွင်လည်း ရေကျော်နေ၍ အေတီချောင်းရေမြင့်တက်နေသည်ကို တာဝန်ရှိသူများက စောင့်ကြည့်နေကာ လိုအပ်သည်များကို စီစဉ်ထားရှိနေပြီး လားရှိုးမြို့ ရပ်ကွက်နေရာအနှံ့အပြားမှ ရေကျော်ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် အမှတ် ၅ ရပ်ကွက် အထက်မန်အိုင်လမ်းသွယ် ၂၀ မှ နေအိမ်အုတ်တံတိုင်း ပေ ၆၀ ခန့် ပြိုလဲခဲ့ကာ ရေကန်တောင် ရေကန်အမှတ် (၁) တွင် မိုးများရွာသွန်းမှုကြောင့် ကန်ရေလျှံကာ ကန်ပေါင်ကျိုးနေမှုအား နယ်မြေခံ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သဲအိတ်များဖြင့်တာဖို့ခြင်းလုပ်ငန်းများကို အချိန်မီ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ရပ်ကွက်အတွင်းရှိလမ်းများပေါ်သို့ ရေကျော်မှုကြောင့် ကျန်ရစ်သော နုန်းများ၊ အမှိုက်များကိုလည်း ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းပူးပေါင်းသန့်ရှင်းရေးများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ အဝေရာလမ်း ဟူးမွန်ဆည်သွားလမ်း တံတားအား ယမန်နေ့ည ၁၁ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းနေချိန် ADVAN အမျိုးအစားယာဉ်သည် ဖြတ်မောင်းစဉ် ရေမြောင်းအတွင်းထိုးကျသွားခဲ့ပြီး ရေစီးနှင့် အတူမျောပါသွားခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက် ရေမြောင်းအတွင်းမှ ADVAN အမျိုးအစားယာဉ်အား ဆယ်ယူထားရှိပြီးဖြစ်သော်လည်း ယာဉ်မောင်းနှင့်ယာဉ်ပေါ်ပါရှိသူများ မတွေ့ရှိသဖြင့် ဆက်လက်ရှာဖွေမှုများကို ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**



# ကျောင်းသား ကျောင်းသူများအတွက် ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများ အောင်မြင်စွာ ဖွင့်လှစ်သင်ကြား

**ရန်ကုန် ဇူလိုင် ၂၉**

တယ်လီနောမြန်မာအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက် သုံးလတာကာလအတွင်း ဒစ်ဂျစ်တယ်နည်းပညာသင်တန်း လေးခုကို အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

နွေရာသီကျောင်းပိတ်ရက် သုံးလတာကာလအတွင်း ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်း အပတ်စဉ်လေးခုမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူ ၂၅၀၀၀ ကျော်တို့အား အခြေခံကွန်ပျူတာ ကျွမ်းကျင်မှုနှင့် အင်တာနက်အား ဘေးကင်းစွာအသုံးပြုနိုင်မည့်အချက်များအား သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပညာရေးကဏ္ဍတိုးတက်စေရန် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများအား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် လက်ပ်တော့ အလုံးရေ ၂၄၀ ကျော်ကိုလည်း အဆိုပါအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနသို့ တယ်လီနောမြန်မာက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တယ်လီနောမြန်မာမှ Chief Corporate Affairs Officer ဖြစ်သူ Mr.Hans Martin Hoegh Henrichsen က "ကျောင်းသား၊ ကျောင်းသူတွေ ခေတ်မီ အခြေခံဒစ်ဂျစ်တယ်နည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်လာစေဖို့နဲ့ အွန်လိုင်းကတစ်ဆင့် ရရှိနိုင်တဲ့ အချက်အလက်တွေကို ကလေးတွေအကျိုးရှိစွာ အသုံးချစေနိုင်ဖို့ ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေ ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုတတ်မြောက်လာစေဖို့ ရည်ရွယ်ပါတယ်။ နောက်နှစ်မှာ ဒီစီမံကိန်းကို တိုးချဲ့လုပ်ဆောင်သွားဖို့ စီစဉ်နေပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၀၀၀၀ လောက်ထိ သင်ကြားပေးနိုင်မယ်လို့ ရည်ရွယ်ထားပါတယ်" ဟုပြောသည်။

တယ်လီနောမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အနာဂတ်သို့ လျှောက်လှမ်းမည့် လမ်းစဉ်တွင် လိုအပ်သော အခြေခံအုတ်မြစ်များအား တည်ဆောက်နိုင်ရေးအတွက် အထောက်အကူပြုမည့် စီမံကိန်းများကို ၎င်း၏လူမှုအကျိုးပြုစီမံကိန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ဆောင်လျက်ရှိပြီး ၎င်း၏အလင်းအိမ်ဒစ်ဂျစ်တယ် နည်းပညာဖွံ့ဖြိုးရေးစင်တာများမှ လက်ရှိကာလတွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၃၀၀၀၀ ကျော်တို့အား စမတ်ဖုန်းနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဘေးကင်းသော အင်တာနက်အစီအစဉ်များမှတစ်ဆင့် အင်တာနက်အား အကျိုးရှိရှိ ဘေးကင်းစွာမည်သို့ အသုံးပြုရမည်ဆိုသည်ကို ကျောင်းသား၊ ကျောင်းသူပေါင်း ၁၆၀၀၀၀ ကျော်တို့အား သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် တယ်လီနောသည် မကြာသေးမီကလည်း Myanmar Metropolitan College နှင့် ပူးပေါင်း၍ မဟာဗျူဟာမြောက် အိုင်စီတီစီမံခန့်ခွဲမှုဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) အတွက် ကျောင်းသား၊ ကျောင်းသူ ၂၀ တို့အား လေးနှစ်ကျော်ကြာပညာသင်ဆုများ ပေးအပ်သွားမည့် အစီအစဉ်တစ်ရပ်ကိုလည်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ရာမည**

# ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှုနည်းသည့် ၃၅ ယာဉ်လိုင်း ခရီးသည်စီးနင်းမှုများပြား

**ရန်ကုန် ဇူလိုင် ၂၉**

မြောက်ဥက္ကလာပမှ ရန်ကုန်မြို့တွင်းသို့သွားရန် စီးနင်းနေရသော ယာဉ်လိုင်းများတွင် ယာဉ်လိုင်း ၃၅ သည် အခြားယာဉ်လိုင်းများထက် ယာဉ်ပိတ်ဆို့မှုနည်းသည်ဟု ကျောက်ရေတွင်းမှတ်တိုင်မှ ရန်ကုန်မြို့တွင်းသို့ နေ့စဉ်သွားနေရသူ ကိုဖိုးဇော်က ဆိုသည်။

ကျောက်ရေတွင်းမှ ရန်ကုန်မြို့တွင်းသို့သွားရာတွင် သမိုင်း-ဘုရင့်နောင်လမ်းကြောင်းအတိုင်း သခင်မြပန်းခြံသို့ ယာဉ်လိုင်းတစ်လိုင်း၊ ပြည်လမ်းအတိုင်း မော်တင်သို့ ယာဉ်လိုင်းတစ်လိုင်း၊ ကမ္ဘာအေးစေတီလမ်းအတိုင်း ဆူးလေသို့ ယာဉ်လိုင်းတစ်လိုင်း၊ ကမ္ဘာအေးစေတီလမ်း စက်မှု(၁)-တာမွေ-ကျောက်မြောင်း-ပန်းဆိုးတန်းသို့ ယာဉ်လိုင်း တစ်လိုင်း အသီးသီးရှိသည်။

ယင်းယာဉ်ကြောများအနက် ပြည်လမ်းယာဉ်ကြောသည် အခြားယာဉ်ကြောများထက် နေ့ပိုင်းတွင် ယာဉ်ပိတ်ဆို့မှုနည်းသည်။ ပြည်လမ်းနှင့် ပါရမီလမ်းဆုံတစ်နေရာနှင့် ဟံသာဝတီအဝိုင်းတစ်နေရာတွင်သာ ယာဉ်ကြောကျပ်ခြင်းရှိသည်။ သို့သော် ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီဝန်းကျင် ယာဉ်ကြောရှင်းချိန် ကျောက်ရေတွင်းမှ မော်တင်ခရီးစဉ်တွင် မိနစ် ၂၀ သာ ကြာမြင့်သည်။

မြောက်ဥက္ကလာပ မြို့အဝင်ဘုန်းကြီးလမ်းအနီးနှင့် ရန်ကုန်လေဆိပ်သို့ လမ်းလွှဲအသုံးပြုခွင့်ရလာသဖြင့် ယခင်က မြို့တွင်းမှအလာ အဝိုင်းနေရာတွင် ယာဉ်ကွေ့ရခြင်းမျိုး ယခုမရှိသဖြင့် အဝိုင်းနေရာတွင် ယခင်ထက် ယာဉ်ပိတ်မှုလျော့ကျလာသည်။

မြောက်ဥက္ကလာ-ကျောက်ရေတွင်းမှတ်တိုင်မှ ရန်ကုန်မြို့တွင်းသို့သွားရာတွင် ပြည်လမ်းအတိုင်း မော်တင်သို့




ပြေးဆွဲနေသော YBS 35 ယာဉ်လိုင်းစီးသူ ပိုများသည်။ ယာဉ်ကြောပိတ်ချိန်တွင် ယင်းခရီးစဉ်တွင် ကြာမြင့်ချိန် တစ်နာရီဝန်းကျင်သာကြာပြီး မြို့တွင်းမော်တင်သို့ တိုက်ရိုက်ရောက်ရှိသည်။

မြို့တွင်းမှ မြောက်ဥက္ကလာပသို့သွားသော ယာဉ်လိုင်းခရီးစဉ်များတွင် ရွာမကွေ့၊ သမိုင်းလမ်းဆုံ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်လမ်းဆုံ၊ ဟံသာဝတီအဝိုင်း၊ ပါရမီ၊ ပြည်လမ်းဆုံ၊ ကမ္ဘာအေးစေတီလမ်း၊ ဆီဒိုးနား၊ ချော်တွင်းကုန်း၊ တာမွေလမ်းကြောင်းတွင် မင်္ဂလာဈေး၊ ယုဇနပလာဇာနှင့် တာမွေ စသည့်နေရာအသီးသီးတွင် ယာဉ်ပိတ်ဆို့မှုများ ကြုံတွေ့ရတတ်သည်။ ပုံမှန်ရုံးဖွင့်ရက်များတွင် ယာဉ်ကြောပိတ်ဆို့မှုနည်းသော လမ်းကြောမရှိသလောက်ဖြစ်သည်။ ယင်းအချိန်တွင် ပြည်လမ်းအတိုင်း ကျောက်ရေတွင်း၊ မြောက်ဥက္ကလာပ မယ်လမုဘုရားဘက်မှ ရန်ကုန်မြို့တွင်းသို့သွားသည့် ၃၅ ယာဉ်လိုင်းသည် ယာဉ်ပိတ်ဆို့ခြင်းနည်းသဖြင့် ခရီးသည်များ အားထားစီးနေရသည်ဟု ဆိုသည်။ ယာဉ်အစီးရေလည်း များသည်ဟု ခရီးသည်တစ်ဦးက ဆိုသည်။

**မောင်စေအောင်**

# မြန်မာ ယူ-၂၃ အသင်း ထိုင်းကလပ်နှင့် ခြေစမ်းပွဲကစားမည်

**မန္တလေး ဇူလိုင် ၂၉**

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ ထိုင်းကလပ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံ၌ လေးရက်ကြာ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ထိုင်းလိဂ်ဝမ်း ကလပ် Police Tero အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် Police Tero အသင်းနှင့် ခြေစမ်းပွဲကို Training Match အဖြစ်သာ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကွင်းပိတ်ကစားမည်ဖြစ်သည်။ Police Tero အသင်းသည် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူ ပါဝင်ကစားနေသည့်အသင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဆက်ဆံရေးကောင်းများရှိသောကြောင့် မြန်မာ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲကစားရန် သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ကျင်းပသည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**




# ပဲခူးရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ပဲခူး ဇူလိုင် ၂၉**

ပဲခူးမြို့ ရပ်ကွက်နှင့် ကျေးရွာများတွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်ကြသော ရေဘေးရှောင်ပြည်သူများ၏ ကျန်းမာရေးကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးဆေးပေးခန်း ၂၈ ခုဖွင့်လှစ်၍ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိအခြေအနေတွင် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများ၏ ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိကြောင်းနှင့် ကိုယ်လက်ကိုက်ခဲဖျားနာမှုများသာရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေလွှမ်းမိုးမှုနှင့်အတူ မြွေအန္တရာယ် စိုးရိမ်ရသည့်အတွက် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် မြွေဆိပ်ဖြေဆေး အလုံအလောက်စီစဉ်ထားရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဆေးရုံသို့ အချိန်မီပေးပို့ရန် လိုအပ်ကြောင်း ပြည်သူ့ဆေးရုံအုပ်ကြီးက ပြောကြားသည်။

ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအနေဖြင့် ရေကြီးမှုနှင့်အတူ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ကူးစက်ရောဂါများ အထူးသတိပြုကြရန်နှင့် မိမိတို့၏ အညစ်အကြေး၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရန် ကယ်ဆယ်ရေးစခန်းရှိ တာဝန်ရှိသူများက အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**အိမ်မဲ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက(ကြို့ကုန်း) မြတ်လေးရတနာခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှပူးပေါင်း၍ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြည်သူ့စကားဝိုင်းတွင် ကျေးလက်နေပြည်သူများနှင့် နိုင်ငံရေးဗဟုသုတ၊ လူထုအခြေပြုဒေသဖွံ့ဖြိုးရေး၊ ဒေသစီမံချက်များ ဖော်ထုတ်ခြင်းဆိုင်ရာ၊ စိုက်ပျိုးရေးနည်းပညာ အလေ့အကျင့်ကောင်းများဆိုင်ရာ၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်နှင့်စိန်ခေါ်မှုများ၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်သူများက နိုင်ငံရေးဗဟုသုတများ၊ လူထုအခြေပြုဒေသဖွံ့ဖြိုးရေးစီမံချက်များ၊ စိုက်ပျိုးရေးနည်းလမ်းများ၊ သန့်ရှင်းသောသောက်သုံးရေရရှိရန်နည်းလမ်းများ၊ ကျေးလက်နေပြည်သူတို့၏ လိုအပ်ချက်များကိုမေးမြန်းကြရာ သက်ဆိုင်ရာဌာနအသီးသီးက ကဏ္ဍအလိုက်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဒေသခံ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နာဂဒေသ၌ လေ့ကားထစ် စိုက်ပျိုးမြေနှင့် မြေရိုင်းဧက ၂၅၀ ဖော်ထုတ်ပေးသွားမည်

**မုံရွာ ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြေရိုင်းဖော်ထုတ်ခြင်းနှင့် လှေကားထစ်လယ်ယာမြေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဖော်ထုတ်ပေးနိုင်ရန်အတွက် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

“နာဂဒေသမှာ သွားလာဖို့ခက်ခဲတဲ့ ကျေးရွာတွေကို ရွေးချယ်ဖော်ထုတ်ပေးတာပါ။ ရွှေ့ပြောင်းတောင်ယာစိုက်တာက မြေဆီမြေနှစ်တွေ ဆုံးရှုံးတယ်။ သစ်တောတွေ ပြုန်းတီးတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတယ်။ အဲဒါတွေကို ရှောင်ရှားနိုင်ဖို့နဲ့ နှစ်စဉ် သစ်တောတွေကို ခုတ်ထွင်ရှင်းလင်းစရာမလိုဘဲ အေးအေးဆေးဆေး စိုက်ပျိုးလို့ရနိုင်မယ့် လှေကားထစ်စိုက်ခင်းတွေ၊ မြေရိုင်းဖော်ထုတ်ခြင်းတွေကို လုပ်ဆောင်ပေးတာပါ။ လုပ်ငန်းတွေကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ တင်ဒါစနစ်နဲ့လုပ်ဆောင်မှာပါ။ အခုအခြေအနေမှာတော့ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ကို စောင့်နေပါတယ်”ဟု စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်က ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ တိုက်ရုံကျေးရွာတွင် မြေရိုင်းဧက ၁၅၀ ဖော်ထုတ်ခြင်းနှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ဟားဝါးအပေါ်ရွာ၊ ဟားဝါးအထက်ရွာနှင့် ဟားဝါးအောက်ကျေးရွာတို့တွင် လှေကားထစ်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ရှုန်းထွက်လိုက်ပါတော့

**သိုက်စိုးထွန်း (နတ်ရွာ)**

မူးယစ်ဆေးဝါးစွဲနေတဲ့သူတွေအကြောင်းကို တွေးနေမိတယ်။ ဒီမူးယစ်နွံအိုင်ကြီးထဲကနေ ဘာကြောင့်များ ရုန်းမထွက်နိုင်ကြတာပါလိမ့်၊ ဒီလောက်မကောင်းတဲ့ ဆေးဝါးတွေကို ဘာဖြစ်လို့များ စွဲလမ်းနေကြတာပါလိမ့်လို့။

သူတို့ကတော့ ပြောကြမှာပေါ့လေ။ မကောင်းတဲ့ဟာဆိုရင် ဘယ်စွဲပါ့မလဲ။ ကောင်းလို့သာ စွဲတာပေါ့လို့။ ဒါလည်း စဉ်းစားစရာပါပဲ။ ဟုတ်တော့ဟုတ်မှာပါ။ ကောင်းနေတဲ့ဟာမို့လို့သာ စွဲလမ်းနေကြတာဖြစ်မှာပါပဲ။ ဒါပေမယ့် အဲ့ဒီကောင်းပါတယ်ဆိုတဲ့ဟာက တကယ်ကောကောင်းနေတာဟုတ်ရဲ့လား။ ကောင်းတယ်လို့ထင်နေတာများလားပေါ့။

ဒါက သေချာစဉ်းစားရတော့မယ့်ကိစ္စပါ။ စွဲလမ်းတာကတော့ဟုတ်ပြီ။ ကောင်းတယ်လို့ထင်နေတာကလည်း သေချာနေပြီ။ ဟုတ်တယ်။ မကောင်းဘူးလို့ ယုံကြည်နေတဲ့အရာတစ်ခုကို ဘယ်သူကမှ စွဲလမ်းမှာမဟုတ်ဘူး။ မစွဲရုံတင်မက စမ်းကိုသုံးကြည့်ဖြစ်မှာမဟုတ်ဘူး။ တကယ်လို့ မတော်တဆသုံးမိသွားရင်လည်း မကောင်းမှန်းသိသွားရင်တော့ ချက်ချင်းကို ရပ်တန်းကရပ်ပစ်လိုက်ကြမှာပါပဲ။

အခုဟာကတော့ တစ်ခါမှမသုံးဖူးသေးတဲ့သူတွေကလည်း စမ်းပြီးသုံးမိတဲ့သူကသုံးမိကြသလို၊ စမ်းကြည့်မိတဲ့သူတွေလည်း စွဲလမ်းသွားကြတယ်ဆိုတော့ တစ်ခုတော့သေချာနေပြီ။ ကျန်တဲ့သူတွေ ကောင်းတယ်၊ မကောင်းဘူးပြောကြတာအသာထား။ သုံးစွဲမိတဲ့သူ၊ သုံးစွဲနေတဲ့သူတွေကိုယ်တိုင်ကတော့ ဒီမူးယစ်ဆေးတွေဟာ တကယ်ကိုကောင်းတဲ့ ခံစားမှုတွေကို ပေးစွမ်းနိုင်တယ်လို့ ယုံကြည်နေလို့သာလျှင် ဒါတွေကို ဆက်ပြီး စွဲစွဲလမ်းလမ်း တရှိုက်မက်မက်သုံးစွဲနေကြတာဖြစ်ရမယ်လို့ ယူဆမိတယ်။

ဒါဆိုရင် ဘာတွေကောင်းတာလဲလို့ စဉ်းစားစရာရှိလာပြန်ရော။ မူးယစ်ဆေးနဲ့ပတ်သက်လို့ အကျွမ်းတဝင်မရှိလှပေမယ့် သူနဲ့နီးစပ်တဲ့ အရက်သေစာနဲ့ပတ်သက်တဲ့ သောက်သုံးသူတွေနဲ့တော့ နီးစပ်နေတာဖြစ်တဲ့အတွက် သူတို့ရဲ့ခံစားချက်လေးတွေအပေါ်မှာ ကိုယ်ချင်းစာနိုင်အောင် မေးမြန်းစူးစမ်းကြည့်မိတယ်။ ဘာတွေကောင်းလို့များ ဒီအရက်တွေကို သောက်ဖြစ်နေတာလဲလို့ မေးကြည့်မိတယ်။ ဒါမျိုးက အမေးမတတ်လို့ပဲဖြစ်ဖြစ်၊ တစ်ဖက်က အခြေအနေမကောင်းလို့ပဲဖြစ်ဖြစ် အခန့်မသင့်ရင် ထအရိုက်ခံရမယ့်ကိန်းဆိုတော့ လူမြင်တိုင်းလည်းမေးလို့က ဖြစ်တာမဟုတ်ဘူးလေ။ ခင်မင်ရာခင်မင်ရာ၊ ပတ်သက်ရာ ပတ်သက်ကြောင်းလေးတွေကိုပဲ မေးကြည့်ရတာပေါ့။

## ဘဝအမောတွေပြေပျောက်

ရင်းနှီးတဲ့ ဦးကြီးတစ်ယောက်ကတော့ပြောတယ်။ 'ဟကောင်ရာ၊ မင်းကလည်း ကောင်းမကောင်းသိချင်ရင် သောက်တဲ့အခါကြည့်ပါလား။ ကောင်းတဲ့ဟာဆိုရင် သောက်လိုက်တာနဲ့မျက်နှာလေးကို ပြုံးသွားမှာပေါ့ကွာ။ အခုဟာက ကြည့်ပါလား၊ ကောင်းတဲ့အရက်လို့ ပြောလိုက်တာနဲ့ မျက်နှာကြီးကို ရှုံ့တွသွားတာ။ အဲ့သလို မျက်စိကြီးမှိတ်၊ မျက်နှာကြောကြီး ရှုံ့တွနေအောင် သောက်ပြီးတော့မှ အင်း၊ ကောင်းဟဆိုတာမျိုး လေကွာတဲ့။ ဒါဆိုဘာလို့များ သောက်နေရသေးလဲဗျာဆိုတော့ အရသာကိုကြိုက်တာမဟုတ်ဘူးဟ။ သောက်ပြီးရင် မူးနေရတာလေးကို ကြိုက်တာတဲ့။ မူးနေတော့ကော ဘာတွေကောင်းသလဲလို့ ဆက်မေးတော့ သူသိသလို၊ သူနားလည်ခံစားမိသလိုပြောပြပါတယ်။ အရက်သောက်ပြီးလို့ မူးသွားတဲ့အခါ လောကဓံတရားတွေကြောင့် စိတ်ဆင်းရဲနေတာတွေ ခဏတာလွင့်ပါးသွားတဲ့အကြောင်း၊ ဘဝအမောတွေပြေပျောက်သွားတဲ့အကြောင်း၊ အရင်က ကိုယ်မပြောရဲတဲ့ကိစ္စမျိုးကို မူးနေတဲ့အချိန်မှာ ပြောရဲသွားကြောင်း၊ စိတ်လွတ်ကိုယ်လွတ်ပြောခွင့်ဆိုခွင့်၊ ကလော်တုတ်ခွင့်ရသွားတဲ့အတွက် ရင်ထဲမှာ ပေါ့ပါးသွားတဲ့အကြောင်း၊ ဒါ့ကြောင့်မို့ ဒီဟာလေးကို တစ်ခါတစ်ခါမှာ ရဲဆေးလို့ပင် ခေါ်ကြတဲ့အကြောင်း စသည်ဖြင့် အစုံပါပဲ။ အရက်နဲ့ပတ်သက်ပြီးတော့ ကောင်းကျိုးအဖြာဖြာတွေကို ဖွင့်ဆိုရှင်းပြပေးတယ်။

သူပြောနေတာကတော့ အမှန်ပါပဲ။ သူ့စိတ်အမြင်၊ သူ့အထင်မှာ တကယ့်ကိုအမှန်လို့လက်ခံထားတဲ့ အရာတွေကို ပြောပြနေတာပါပဲ။ သူမလိမ်ပါဘူး။ ဟုတ်လည်းဟုတ်မှာပါပဲ။ လူမှန်သမျှ သူသူကိုယ်ကိုယ်ဟာ ကောင်းတယ်လို့ထင်နေတဲ့အရာတွေကိုသာ စွဲလမ်းတတ်ကြတာဟာ သဘာဝပဲလေ။

ဒါပေမယ့် အဲ့သလိုကောင်းခန်းကိုရောက်ပြီးတဲ့အချိန်၊ ကောင်းခန်းကာလကုန်ဆုံးသွားတဲ့အချိန်မှာ ဆက်ပြီးတော့ ကောင်းနေရင်လည်းတော်သေးရဲ့။ နဂိုအနေအထားကို ပြန်ရောက်သွားလေတော့ အခက်။ မူးမူးနဲ့ ပတ်ရမ်းလိုက်တာ အချုပ်ခန်းထဲရောက်မှ မှားပါပြီဆိုပြီး နောင်တတွေရ။ အဖေကယ်ပါ၊ အမေကယ်ပါ တွေဖြစ်ကုန်တာမျိုးလည်းရှိတယ်။ အချုပ်တွေအနှောင်တွေဆီ မရောက်ဘူးပဲထားဦးတော့ အရပ်ထဲကတော့ မရှိသေ မလေးစားတဲ့အထဲကို ရောက်သွားရပြီ။ အထူးသဖြင့် သောက်ပြီးတဲ့အချိန် ကိုယ့်ကိုကြွေနဲ့ကိုယ် မနေနိုင်

> **မြွေအကိုက်ခံကြည့်တာကမှ ဆေးရုံကို အချိန်မီ ရောက်ရင် အသက်ဘေးက လွတ်နိုင်ပါသေး တယ်။ မူးယစ်ဆေးကို အစပြုပြီးစမ်းကြည့်မိရင် တော့ စမ်းရင်း စမ်းရင်း နဲ့ ဘယ်လိုမှ . . .**

တဲ့ သူတွေဆိုရင် ရွာရပ်က မလေးစားကြတော့ဘူး။ အလကားပါကွာ၊ မူးလာရင် ဂြိုဟ်ကြွနေတဲ့သူဆိုတာမျိုး ပြောလာကြတယ်။ အလွန်အကျွံ မူးတဲ့ရမ်းတဲ့သူမျိုးဆိုရင် တချို့က ခပ်ဝေးဝေးကနေ ရှောင်သွားကြတော့တာ။ လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တတေတေ ဆိုသလိုပဲ သူ့ဆိုးမျိုးကို သူတစ်ယောက်တည်းသာမက သူ့မိသားစု၊ သူ့ပတ်ဝန်းကျင်ကပါ ခံလိုက်ကြရတယ်။ တချို့ကပြောသေးတယ်။ အသောက်ပျက်လို့ မရဘူးတဲ့။ အသောက်ပျက်ရင် အသက်ပျောက်သွားနိုင်တယ်တဲ့။ ထားပါတော့။ ဒါက အရက်။

## လူတိုင်းကလက်မခံ

အရက်ကမှ တော်သေးတယ်လို့ပြောရမယ်။ အရက်ကို ခါးခါးသီးသီးငြင်းပယ်ကြတဲ့ လူ့အသိုင်းအဝိုင်းဆိုတာ မရှိသလောက်ရှားလာကြပြီ။ လွန်တာမလွန်စေနဲ့ ဆိုတာမျိုးတောင်ပြောလာကြပြီ။ ဂုဏ်သရေရှိ လူကြီးမင်းတို့ တည်ခင်းဧည့်ခံတဲ့ ညစာစားပွဲတွေ၊ ကြင်စဦး ဇနီးမောင်နှံတို့ရဲ့ မင်္ဂလာယူရမယ့်အချိန်ဖြစ်တဲ့ မင်္ဂလာ ညစာစားပွဲ တွေမှာတောင်မှ သူမပါရင်မပြီးသလောက် ဖြစ်နေကြတယ်။ ဒီလိုပြောတာက အရက်ကို ကောင်းပါတယ်လို့ ဆိုလိုတာမဟုတ်ပါ။ သူ့ကို လက်မခံတဲ့သူနည်းလာတာကိုသာ ရည်ညွှန်းလိုခြင်းဖြစ်ပါတယ်။

မူးယစ်ဆေးကျတော့ ဘယ်သူကမှ လက်မခံကြဘူး။ စွဲနေတဲ့သူမဟုတ်တဲ့သူမှန်သမျှ၊ မူးယစ်ဆေးနဲ့ စီးပွားရှာနေတဲ့သူမဟုတ်တဲ့သူမှန်သမျှပေါ့လေ။ ဘယ်သူမှ လက်မခံကြပါဘူး။ လူတိုင်းကလက်မခံတဲ့ကိစ္စကြီးကို ဘာကြောင့်များ စွဲစွဲလမ်းလမ်းသုံးစွဲနေကြတာပါလိမ့်ဆိုတာ စဉ်းစားစရာဖြစ်နေတယ်။

တချို့ကတော့ ပြောကြတယ်။ ဆေးသုံးရတော့ပျော်တယ်တဲ့။ ငြိမ်တဲ့ဆေးဆိုရင်လည်း စိတ်အာရုံတွေကြည်လင်ငြိမ်သက်ပြီးတော့ တစိမ့်စိမ့်အတွေးလေးနဲ့ တသိမ့်သိမ့်လေးခံစားနေရတယ်တဲ့။ ကိုယ့်စိတ်ကူးလေးကွန့်မြူးရာနောက်ကို အာရုံတွေကလိုက်သွားပြီးတော့ စိတ်ကူးလေးထဲမှာ ကိုယ်လိုရာတွေရနေတယ်တဲ့။ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်နေတယ်တဲ့။ အဲ့သလိုမှိန်းနေရတဲ့ အရသာလေးကို ဘာနဲ့မှမလဲနိုင်ဘူးတဲ့။

တခြားဆေးတွေကလည်း အမျိုးမျိုးတဲ့။ စိတ်ကိုကြွစေတဲ့ဆေးဆိုရင်လည်း အရမ်းကို လန်းဆန်း တက်ကြွလာသတဲ့။ အားအင်တွေကလည်း တကယ့်ကိုသန်မာပြည့်ဖြိုးလာသတဲ့။ သာမန်အတိုင်းဆိုရင် ဘယ်လိုမှ 'မ'နိုင်၊ 'သယ်' နိုင်ခြင်းမရှိတဲ့ အလေးအပင်ကြီးတွေကို ဆေးသုံးပြီးတဲ့အချိန်မှာ အသာအယာလေးနဲ့ 'မ'နိုင်၊ 'သယ်' နိုင်သွားသတဲ့။ ကိုယ်ခန္ဓာကလည်း တကယ့်ကို ပေ့ါပါးသွက်လက်လာသတဲ့။ ဒီအရသာလေးတွေကို စွဲလမ်းပြီးရင်းစွဲလမ်းလာတော့ ဖြတ်ဖို့ဆိုတာ ဘယ်လိုမှကိုမဖြစ်နိုင်ဘူးတဲ့။

ဒါပေမယ့် ဒါတွေဟာ တကယ့်အစစ်အမှန် ဖြစ်ပေါ်နေတာတွေဟုတ်ရဲ့လားဆိုတာကို ပြန်လည်ဆန်းစစ်ဖို့လိုမှာပါ။ တကယ်လို့သာ မူးယစ်ဆေးသုံးနေတဲ့ သူတစ်ယောက်ဟာ တကယ့်ကို စိတ်တွေတည်ငြိမ်လာတယ်၊ အားအင်တွေ သန်မာပြည့်ဖြိုးလာတယ်ဆိုရင် ဆေးသုံးပြီးတဲ့အချိန်မှာလည်း တည်ငြိမ်ရင့်ကျက်မှုတွေ ရှိနေရမှာပါ။ အားကောင်းမောင်းသန်ကြီးတွေ၊ ကာယဗလနဲ့ပြည့်စုံတဲ့သူတွေဖြစ်လာကြမှာပါ။ ပေ့ါပါးလျင်မြန်သွက်လက်တဲ့သူတွေ ဖြစ်လာကြရမှာပါ။ အခုတော့ ဒီလိုမဟုတ်ပါဘူး။ ဆေးစွဲပြီးတာနဲ့ ကြာလေလေ၊ ကိုယ်ခန္ဓာလေးတွေက ပိန်ကြုံယိုင်နဲ့ပြီးတော့ အရိုးပေါ်အရေတင်၊ ကမ္ဘဋ္ဌာန်းရုပ်လေးတွေဖြစ်ကုန်ကြလေလေပါပဲ။

ဒီတော့ စောစောကပြောတဲ့ စိတ်ငြိမ်တယ်၊ ကိုယ်လိုရာတွေဖြစ်နေတယ်၊ ပေ့ါပါးလျင်မြန်လာတယ်၊ သန်မာတောင့်တင်းလာတယ်ဆိုတဲ့ဟာတွေက သူတို့ရဲ့စိတ်ထဲမှာတင်ဖြစ်နေပြီးတော့ တကယ့်အရှိတရားမဟုတ်တဲ့ အရာတွေက သူ့စိတ်သူ့အာရုံထဲမှာ လှည့်စားပြီးတော့ ဖြစ်ပေါ်နေတာတွေသာဖြစ်ရမယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

## စိတ်အာရုံလှည့်စား

အဲ့ဒီလို စိတ်အာရုံမှာ လှည့်စားဖြစ်ပေါ်နေတဲ့ဟာတွေကို ဘာကြောင့်များ ဒီလောက်အထိ စွဲနေရပါလိမ့်လို့ စဉ်းစားကြည့်တယ်။ သူကိုယ်တိုင်ကမှ မူးယစ်ဆေးရဲ့ လှည့်စားမှုအောက်ကို လုံးဝဥသုံကျရောက်သွားပြီဆိုမှတော့ ဒီနွံအိုင်ကြီးထဲကနေ ရုန်းထွက်ဖို့ ဘယ်မှာဖြစ်နိုင်ပါတော့မလဲလို့ မြင်မိလာတယ်လေ။

တကယ်တမ်းကျတော့လည်း မူးယစ်ဆေးက သုံးစွဲတဲ့သူအပေါ်မှာရော၊ သူ့ပတ်ဝန်းကျင်အပေါ်မှာရော ဘာကောင်းကျိုးမှမပေးပါဘူး။ ကောင်းကျိုးကတော့ ဒီဆေးဝါးတွေရောင်းဝယ်ဖောက်ကားပြီး အသက်မွေးကြတဲ့ ဝိသမလောဘသားတွေအတွက်သာ ရသွားတာပါ။ ဒါကလည်း ဥပဒေအရ အရေးယူခြင်းမခံရမီကာလလေးကိုသာ ဆိုလိုတာပါ။ ဥပဒေလက်အတွင်းကို သက်ဆင်းရပြီဆိုရင်တော့ သူတို့လည်း ထိုက်သင့်တဲ့ပြစ်ဒဏ်တွေကို ခံကြရမှာပါ။ အမှန်တကယ် နစ်နာရသူတွေကတော့ သုံးစွဲမိကြတဲ့ လူငယ်လူရွယ်တွေပါပဲ။

တကယ့်လက်တွေ့နယ်ပယ်ဖြစ်တဲ့ လောကကြီးကို မေ့ထားပြီးတော့ မူးယစ်ဆေးရဲ့ ခေါ်ရာနောက်ကို ကောက်ကောက်ပါအောင်လိုက်သွားကြတယ်။ အစကတော့ အစမ်းသဘောလေးနဲ့ စမ်းကြည့်ကြတယ်။ ဒီနေရာမှာ အထူးသတိထားရမှာကတော့ မှန်သလိုလိုနဲ့ အရမ်းအန္တရာယ်ရှိတဲ့စကားလေးတွေပါ။ "ယောကျ်ားပဲကွာ၊ မလုပ်ဖူးတာ ဆိုတာမရှိသင့်ဘူး။ ဘယ်အရာမဆို ကိုယ်တိုင်စမ်းကြည့်ပြီးမှ ကောင်းမကောင်းဆုံးဖြတ်ရမယ်"ဆိုတာမျိုးတွေပါ။ ဒါတွေက ကိုယ့်အတွက် ကောင်းရာကောင်းကျိုးကို ပြောသလိုလိုနဲ့ ချောက်ထဲတွန်းချနေတဲ့စကားတွေပါ။ အရာရာတိုင်းကို ကိုယ်တိုင်ကြုံပြီးမှ၊ လက်တွေ့စမ်းသပ်ကြည့်ပြီးမှ မှန်မမှန်၊ သင့်မသင့်ဆုံးဖြတ်သင့်တယ်ဆိုတဲ့ အဆိုအမိန့်ဟာ သိပ်ပြီး မသင့်လျော်တဲ့စကားပါ။ တချို့အရာတွေက လက်တွေ့စမ်းကြည့်ဖို့မသင့်တဲ့ ကိစ္စတွေလေ။ ဥပမာအားဖြင့် မြွေဆိုးကိုက်ရင်သေတတ်တယ်ဆိုတဲ့စကားကို မယုံဘူးဆိုပြီးတော့ လက်တွေ့အကိုက်ခံကြည့်လို့ ဖြစ်ပါ့မလား။ မြွေအကိုက်ခံကြည့်တာကမှ ဆေးရုံကိုအချိန်မီရောက်ရင် အသက်ဘေးကလွတ်နိုင်ပါသေးတယ်။ မူးယစ်ဆေးကို အစပြုပြီးစမ်းကြည့်မိရင်တော့ စမ်းရင်းစမ်းရင်းနဲ့ ဘယ်လိုမှ ပြန်မဖြတ်နိုင်တော့ဘဲဖြစ်သွားပြီးတော့ သူကပေးတဲ့ဒုက္ခတွေကို မရှုမလှကြီး ခံသွားရနိုင်ပါတယ်။

## ဝေဒနာတွေရင့်သထက်ရင့်လာ

စိတ်ဆိုတဲ့ဟာကလည်း အခက်သားလား။ စိတ်သည် မကောင်းမှု၌ မွေ့လျော်၏လို့ ဘုရားရှင်က ဟောတော်မူခဲ့တယ်။ မကောင်းပါဘူးဆိုမှ စမ်းကြည့်ချင်သတဲ့။ အစတော့ အခိုးအငွေ့လေးရှူကြည့်၊ နောက်တော့ တစ်ဆင့်တက်ပြီး အရည်တွေ၊ အဖတ်တွေဖြစ်လာ။ ဒီထက်လွန်လာတော့ အပ်တွေနဲ့ အသားထဲကိုထိုးသွင်း။ အပ်နဲ့တင်အားမရပြန်တော့ အသားကိုဓားနဲ့ခွဲ၊ အမှုန့်တွေသိပ်လို့သိပ်။ ဝေဒနာတွေရင့်သထက်ရင့်လာတော့ ဒါကိုမှမသုံးရရင် ထွန့်ထွန့်လူးပြီး ယင်းထတာတွေဘာတွေဖြစ်။ ဒီဟာလေးမှမရနိုင်ရင် တွေ့ကရာလူကို ပြဿနာရှာဖို့လည်း ဝန်မလေးတော့ဘူး။ သတ်ဖို့ဖြတ်ဖို့လည်း နောက်မတွန့်တော့ဘူး။ နောက်ဆုံး ကိုယ့်ကိုယ်ကိုတောင်မှ သေအောင် လုပ်လိုက်မိတာမျိုးတွေအထိဖြစ်လာနိုင်သတဲ့။ ခက်တာက အဲ့သလိုဟာကြီးကိုမှ ကောင်းတယ်လို့ထင်နေပြန်သတဲ့။

သုံးတဲ့သူက ကောင်းတယ်လို့ထင်နေပေမယ့် ပညာရှင်တွေရဲ့ သုံးသပ်ချက်ကတော့ သူ့မှာ ကောင်းကျိုးဆိုတာမရှိဘူးတဲ့။ ဆိုးကျိုးတွေပဲရှိတယ်တဲ့။ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေအနေနဲ့ စိတ်ဓာတ်ကျတဲ့ရောဂါတွေဖြစ်လာမယ်။ မိမိကိုယ်ကိုယ်မိမိ သေကြောင်းကြံစည်မိတာမျိုးဖြစ်လာမယ်။ စိတ်ရောဂါရလာမယ်။ မှတ်ဉာဏ်တွေ ချို့ယွင်းလာမယ်။ မိသားစုစိတ်ဓာတ်လျော့နည်းလာမယ်။ လိင်စိတ်အားနည်းလာမယ်။ အပြင်းအထန်စိုးရိမ်ကြောင့်ကြမှုတွေ ဖြစ်လာမယ်။ ထစ်ခနဲရှိ တထိတ်ထိတ်တလန့်လန့် ဖြစ်လာမယ်။

## ဆိုးကျိုးတွေလည်းရှိနိုင်

ဒါ့အပြင် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေအနေနဲ့လည်း ခုခံအားကျဆင်းမှုရောဂါ ကူးစက်လာမယ်။ ဆေးလွန်ပြီး မိန်းမောနေမယ်။ သတိမေ့သွားမယ်။ အခန့်မသင့်ရင် အသက်ပါသေသွားနိုင်မယ်။ ထုံနာ၊ ကျဉ်နာ၊ အကြောသေရောဂါတွေဖြစ်လာမယ်။ ဝက်ရူးပြန်လာမယ်။ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ၊ သွေးကြောပိတ် ရောဂါတွေရလာမယ်။ ခန္ဓာကိုယ်အနှံ့အပြားမှာ အနာစိမ်းတွေပေါက်ပြီး သွေးဆိပ်တက်တာတွေ ဖြစ်လာမယ်။ ဒီ့ထက်မကတဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေလည်းရှိနိုင်ပါသေးတယ်။ ပြီးတော့ သူသုံးစွဲလို့ ဆိုးကျိုးတွေကိုသူတစ်ယောက်တည်းတင် ခံစားရမှာမဟုတ်ဘူး။ ဆွေမျိုးအသိုင်းအဝိုင်းတွေလည်း ကိုယ်စိတ်နှစ်ပါး ဆင်းရဲကြရမှာလေ။

ဒီတော့ မကောင်းဘူးဆိုတာကို လက်မခံမှဖြစ်မယ်။ မကောင်းမှန်းသိရင် ဖြတ်မှဖြစ်မယ်လေ။ ခက်တာက တချို့ကိစ္စတွေက မကောင်းမှန်းသိပါလျက်နဲ့ကို နောက်ကြောင်းပြန်လှည့်လို့မရနိုင်တော့တာမျိုးလည်း ရှိတတ်ပြန်ရော။

စာမျက်နှာ ၂၂ သို့



သရက်ခရိုင် အကျဉ်းဦးစီးဌာန အကျဉ်းထောင် တာဝန်ခံအရာရှိဦးသိန်းလွင် ဦးစီး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အကျဉ်းထောင်အတွင်းရှိ တရားစခန်း ဓမ္မာရုံ၌ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ကျင်းပစဉ်။ မြတ်သူရိန်

# တနင်္သာရီမြို့နယ်အတွင်း ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

**ကော့သောင်း ဇူလိုင် ၂၉**

မြန်မာနိုင်ငံတောင်ဘက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် တနင်္သာရီမြစ်ရေလျှံကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအနှံ့ ပြည်သူများ ရေဘေးဒုက္ခ ခံစားကြုံတွေ့နေကြရရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် အလှမ်းဝေးရာ တနင်္သာရီမြစ်ချောင်းဖျားဒေသများရှိ ကျေးလက်ပြည်သူများသို့ ပရဟိတလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည့် ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့က ဇူလိုင် ၂၈ ရက်တွင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာပြည်သူများနေထိုင်ရာ အိမ်များအရောက်လိုက်လံကူညီ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်းသိရသည်။

အဆိုပါလှူဒါန်းမှုတွင် ကော့သောင်းမြို့ မြို့မိမြို့ဖ စေတနာရှင်များ၊ အလှူရှင်များ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် ကော့သောင်းကမ်းနီး အဖြူရောင်ပရဟိတအဖွဲ့တို့ စုပေါင်းလှူဒါန်းကြသည့် တာရှည်ခံ အသင့်စားသောက်ဖွယ်ရာများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်များ၊ ဘီစကွတ်မုန့်ခြောက်ဘူးများနှင့် အဝတ်အထည်မျိုးစုံအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အဆောတလျင်သွားရောက်ဆောင်ရွက်ရန် ခက်ခဲဝေးလံသည့် တနင်္သာရီမြစ်ချောင်းဖျားဒေသများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၊ ကျေးလက်ပြည်သူမိသားစုများထံသို့ တစ်အိမ်တက်ဆင်း လိုက်လံလှူဒါန်းခဲ့ကြကြောင်း သိရသည်။



**ကျော်စိုး(ကော့သောင်း)**

## တိုတိုထွာထွာဖတ်စရာ

### မယ်စဲ့၌ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များဆောင်ရွက်

**မယ်စဲ့**

မယ်စဲ့မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ယာဉ်လိုင်စင်အသစ်ပြုလုပ်ပေးခြင်း၊ သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၈ ရက်က မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယာဉ်မောင်းလိုင်စင်အသစ်ထုတ်ပေးခြင်း ၁၆၈ စောင်၊ သက်တမ်းတိုးခြင်း ၈၉ စောင်၊ မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား ဒေသအမှတ်နံပါတ် သတ်မှတ်၍ ကနဦးမှတ်ပုံတင်ခြင်း ၇၂ စောင်၊ သက်တမ်းတိုးခြင်း ၄၉ စောင်တို့ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### လှိုင်းဘွဲ့ကားလမ်းပေါ်ရှိ ယာယီဘေလီတံတားပြီးစီး

**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့၏တောင်ဘက် ၁၃ မိုင်ခန့် မဲသမူကျေးရွာအုပ်စု မဲသမူကျေးရွာ လှိုင်းဘွဲ့ ရှမ်းရွာသစ်ကားလမ်းပေါ်ရှိ (၆၀ × ၃၀) ပေ တံတားချဉ်းကပ်လမ်းသည် မိုးအဆက်မပြတ်ရွာသွန်း၍ တောင်ကျရေများတိုက်စားမှုကြောင့် အကျယ် ၃၀ ပေခန့် မြေပြိုမှုဖြစ်ပွားခဲ့သည်။

အဆိုပါမြေပြိုကျမှုကို ဇူလိုင် ၂၇ ရက်မှစတင်၍ လှိုင်းဘွဲ့မြို့နယ်လမ်းဦးစီးဌာန ရှမ်းရွာသစ်မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရှမ်းရွာသစ်လမ်းဦးစီးဌာနမှ ယာယီဘေလီတံတားထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၉ ရက်တွင် ပြီးစီးခဲ့၍ ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ဒေသနေပြည်သူများအား ပုံမှန်အတိုင်းဖြတ်သန်းသွားလာရာ လွယ်ကူအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပဲခူးမြို့ ရေဘေးရှောင်ပြည်သူများအား လှူဒါန်း

**ပဲခူး**

ပဲခူးမြို့ ဆုတောင်းပြည့်မဟာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဦးထိန်ဝင်း ဦးဆောင်စီစဉ်မှုဖြင့် ဝန်ထမ်းများက ထမင်းထုပ်များ၊ အဝတ်အထည်မျိုးစုံနှင့် အိမ်တွင်းအသုံးအဆောင်ပစ္စည်းများအား ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတစ်ကြိမ်နှင့် ညနေပိုင်းတစ်ကြိမ် လှေများဖြင့် ကျွန်းသာယာရပ်ကွက် အိုးလေးစုရပ်ကွက်နှင့် ဗိုလ်တဲကုန်းရပ်ကွက်အတွင်းရှိ ရေဘေးကျရောက်နေသည့် နေအိမ်များသို့ လိုက်လံလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၅၈၇)**

# အိမ်မဲမြို့တွင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



**အိမ်မဲ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့တွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်မှုကို အိမ်မဲမြို့နယ် ကမ်းနားလမ်း ရွှေဘုံသာတန်ဆောင်းတော်ကြီးရှေ့တွင် စုရပ်လုပ်ပြီး ထိုနေရာမှ ကမ်းနားလမ်း ၁ လမ်းတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းပေးခြင်း၊ အမှိုက်များကို စည်ပင်ကားများဖြင့် သယ်ယူစွန့်ပစ်ခြင်း အစရှိသည့်လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ စုပေါင်း၍လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့်သူများနှင့် ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာသူများအား မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက သွေးတိုးရောဂါသိကောင်းစရာ လက်ကမ်းစာစောင်များကို အခမဲ့လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့သည်။

"ကျွန်တော်တို့ ပရဟိတအသင်းအနေနဲ့ အပတ်စဉ် စနေနေ့တိုင်း ယခုလိုစုပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ယခုလို စည်းစည်းလုံးလုံးနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်အားပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်" ဟု ပရဟိတအဖွဲ့တစ်ဖွဲ့မှ လုပ်အားပေးသူတစ်ဦးက ပြောသည်။

**အိမ်မဲ(ပြန်/ဆက်)**

## ရှန်းထွက်လိုက်ပါတော့

စာမျက်နှာ ၂၁ မှ

ဒီလိုဆေးဝါးတွေသုံးစွဲမိကြတဲ့ ကိစ္စတွေအပေါ်မှာ အကြောင်းရှာကြည့်လိုက်တော့ ပျော်ရွှင်မှုကို ရချင်လို့။ လောကကြီးထဲမှာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကြုံရတဲ့ လောကဓံတွေကြောင့် စိတ်ညစ်လာတဲ့အခါ ထွက်ပေါက်တစ်ခုအဖြစ်၊ ဖြေဆည်ရာတစ်ခုအဖြစ် သုံးကြတာလည်း ဖြစ်နိုင်သလို တချို့ကလည်း အပျော်သက်သက် စမ်းကြည့်မိရာက စွဲသွားတာမျိုးဖြစ်နိုင်ပါတယ်။ အပျော်သက်သက်လည်း မစမ်းမိပါစေနဲ့။ စိတ်ထွက်ပေါက် အနေနဲ့လည်း မသုံးမိပါစေနဲ့။ ဒါဟာ ပျော်စရာကိစ္စမဟုတ်ဘူး။ အဆိုးလောကဓံတွေကို တုံ့ပြန်ရင်ဆိုင်ဖို့အတွက် စစ်မှန်တဲ့ ထွက်ရပ်လမ်းမဟုတ်ဘူးဆိုတာကို သတိချပ်ရမှာပါ။

ဘဝမှာ ပြဿနာတွေတစ်ထွေးကြီးနဲ့ ရင်ဆိုင်နေရပြီလား။ ဒါဆိုရင် သူ့အတွက် ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာကို သတိပြုပါ။ ပြီးတော့ အဲ့ဒီဖြေရှင်းနည်းတွေထဲမှာ မူးယစ်ဆေးဝါးတို့၊ အရက်သေစာတို့သုံးစွဲသောက်စားပြီးတော့ ပြဿနာတွေကြားကနေ ခေတ္တခဏရှောင်ထွက်သွားခြင်းဆိုတဲ့ နည်းလမ်းမပါဘူးဆိုတာကိုလည်း သတိပြုရမှာပါ။ ဘာဖြစ်လဲ။ ရဲရဲရင်ဆိုင်လိုက်ပေ့ါ။ ရဲရဲဖြေရှင်းလိုက်ပေ့ါ။ တစ်နေ့တော့ ကောင်းတဲ့ရလဒ်တွေရလာမှာပါ။ လမ်းလွဲကို မလိုက်မိဖို့သာ အရေးကြီးတာပါ။

အထူးသဖြင့် တိုင်းပြည်က အားကိုးအားထားပြုရမယ့် လူငယ်လူရွယ်လေးတွေ မူးယစ်ဆေးစွဲပြီး ရောဂါဝေဒနာမျိုးစုံခံစားနေရတာမြင်ရရင် သိပ်အဆင်မပြေလှဘူး။ မူးယစ်ဆေးမသုံးဖူးဘူးလား။ ဒါဆို ကောင်းတာပေ့ါ။ အခုလည်း မသုံးသလို နောင်လည်း မသုံးပါနဲ့။ စမ်းလည်းမသုံးပါနဲ့။ ရှောင်လေဝေးဝေး မူးယစ်ဆေးတဲ့။ စမ်းသုံးကြည့်ဖူးသလား။ ဒါဆို နောက်ထပ် မဆက်တော့နဲ့။

စွဲနေပြီလား။ ဒါဆိုရင်လည်း ပြန်လည်ကုစားရမယ့် နည်းလမ်းတွေရှိနေပါပြီ။ အရင်ကလို ထစ်ခနဲရှိ ဖမ်းမယ်၊ ဆီးမယ်၊ ထောင်ချမယ်ဆိုတဲ့ဟာမျိုး မဟုတ်တော့ပါဘူး။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့က ပြင်ဆင်ထားပါပြီ။ ပြင်လိုက်တဲ့ဥပဒေအရ သုံးစွဲတဲ့သူတွေ စာရင်းကောက်ယူပြီးတော့ ဆေးကုပေးဖို့ အသိပညာပေးဖို့လုပ်ငန်းတွေကို ဆောင်ရွက်နေပါပြီ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလည်းဆောင်ရွက်နေပါပြီ။ ဆေးသုံးတယ်လို့ သံသယရှိတဲ့သူကို ရဲတပ်ဖွဲ့က စစ်ဆေးပြီးရင် ဆေးကုသဖို့ အစိုးရအသိအမှတ်ပြု ဆေးကုသဌာနတွေ၊ ဂေဟာတွေကိုပို့မယ်။ ဆေးစစ်မခံတဲ့သူတို့၊ ဆေးကုမခံတဲ့သူတို့ကို ခံဝန်ချုပ် ချုပ်ဆိုနိုင်အောင် ဆောင်ရွက်မယ်။ ခံဝန်ကို ဖောက်ဖျက်ရင်၊ ခံဝန်မချုပ်ဘူးဆိုရင် သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်း၊ ပြန်လည်ထူထောင်ရေးစခန်းကို ခြောက်လပို့ပေးခြင်းခံရမယ်။ ဒီလောက်ပါပဲ။ သုံးစွဲမိတဲ့သူအတွက် အရမ်းကြီး ပြင်းထန်တဲ့ပြစ်ဒဏ်တွေမချတော့ပါဘူး။ ဒါကြောင့် ကိုယ်ကမူးယစ်ဆေးစွဲနေတဲ့သူဆိုရင်လည်း အရေးယူခံရမှာတွေ ဘာတွေကို တွေးကြောက်ပြီး တစ်ယောက်တည်း ကြိတ်မှိတ်ဖြေရှင်းမနေသင့်ပါဘူး။ သက်ဆိုင်ရာကို သတင်းပို့ပြီး လိုအပ်တဲ့ပြုစုစောင့်ရှောက်မှုကို ရယူလိုက်ရုံပါပဲ။

လူ့ဘဝဆိုတဲ့အချိန်လေးက သိပ်ကိုတိုတောင်းပါတယ်လို့ ပြောကြပါတယ်။ အဲ့ဒီလို တိုတောင်းလှတဲ့ အချိန်ကာလလေးအတွင်းမှာ မူးယစ်နွံအတွင်းသက်ဆင်းပြီးတော့ အချိန်တွေအကျိုးမဲ့ကုန်ဆုံးနေဖို့ဆိုတာ ဘယ်လိုမှ မသင့်တော်ပါဘူး။ ကိုယ့်သူငယ်ချင်းတွေ မူးယစ်ကျွန်ဖြစ်နေပြီလား။ သူတို့ကို အသိပညာပေးပြီး ကူညီကယ်တင်ပေးပါ။ အဲဒီနွံထဲကနေ ဆွဲထုတ်ပေးပါ။

ကိုယ်ကိုယ်တိုင်ဒီနွံထဲကို ကျနေပြီလား။ ကိုင်း ဒါဆိုရင်လည်းလာပါ။ ထပါတော့။ ဟောဒီမူးယစ်နွံအတွင်းကနေ အခုချက်ချင်း ရှန်းထွက်လိုက်ပါတော့။ မှားခဲ့တာမှားပြီးပြီ။ ဒါတွေထားလိုက်တော့။ ပြည်ဖုံးကားချလိုက်ပါတော့။ ပြန်လည်ပြင်ဆင်လိုက်ပါတော့။ ပြန်လည်ပြင်ဆင်ရင်းနဲ့ သားကောင်းရတနာတစ်ယောက် ဖြစ်လာမယ့်ခင်ဗျားကို ဒီတိုင်းပြည်က အလိုရှိနေပြီဆိုတာကို ပြောလိုက်ပါရစေနော်။ ။

## ကောင်းလွင်ရတနာသိမ်တော်ကြီး ရေစက်ချမင်္ဂလာနှင့် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်ကြီးအား ဂုဏ်ပြုပူဇော်ပွဲ

မွန်ပြည်နယ်၊ မုဒုံမြို့၊ ကောင်းလွင်စိန်ရွှေရတနာဆိုင်မိသားစုမှ ၂၀၁၇ ခုနှစ်တွင် လှူဒါန်းထားသော မဟာသတိပဋ္ဌာန်ကျောင်း၊ ဓမ္မဂုဏ်ရည်ကျောက်ဝိုင်းကျောင်း၊ အောင်မင်္ဂလာကျောင်း၊ ကောင်းလွင်ရတနာသိမ်တော်ကြီးနှင့် အခြားကုသိုလ်တော်အစုစုတို့ကို ရေစက်ချအလှူတော်မင်္ဂလာနှင့် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်မည်ဖြစ်ပါ၍ (ကောင်းလွင်ရတနာရွှေဆိုင်)မှ ဝယ်ယူအားပေးကြသော ဓမ္မမိတ်ဆွေများ အတူတကွ ကုသိုလ်ပြုအမျှပေးဝေနိုင်ရန်အတွက် မင်္ဂလာအခမ်းအနားကို (ဒုတိယဝါဆိုလပြည့်ကျော်၅ရက်) ၁-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၉း၀၀)နာရီ၊ မွန်ပြည်နယ်၊ မုဒုံမြို့၊ စက်သစ်ရပ်၊ မြမာလာလမ်း၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက် ကြည်ညိုသဒ္ဓါပွားနိုင်ရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**ဒေါ်ဒေါ်ဝင်း(ခ)မမော် (လူမှုထူးချွန်)**
**ကောင်းလွင်ရတနာရွှေဆိုင်မိသားစု၊ မုဒုံမြို့။**

မေသူမောင်
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း

၂၀၁၈ / ၂၀၁၉
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ စတင်လက်ခံနေပါပြီ
အမှတ် (8/H)၊ ဆင်မလိုက် အဆောင့်မြင့်ဈေးသစ်ကွန်ဒို၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

## စက်မှုလယ်ယာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုလယ်ယာဦးစီးဌာနရှိ သိုလှောင်ရုံများတွင်ရှိနေသည့် ပစ္စည်းအဟောင်းအပျက်များအား Lot (၁၁)ခုဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | Lotအရေအတွက် |
|---|---|---|
| ၁ | ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(က)၊ ကျိုက္ကလို့-ရန်ကုန်မြို့ | Lot(၇)ခု |
| ၂ | ပင်မပစ္စည်းသိုလှောင်ရုံအဆင့်(ခ)၊ မန္တလေးမြို့ | Lot(၄)ခု |

၂။ တင်ဒါစတင်ရောင်းချမည့်ရက် -၆-၈-၂၀၁၈ရက်(ရုံးချိန်အတွင်း)
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၂၉-၈-၂၀၁၈ရက်(၁၁း၀၀)နာရီ
၄။ တင်ဒါတင်သွင်းရမည့်အချိန် -စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်
၅။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် -၂၉-၈-၂၀၁၈ရက်၊ မွန်းလွဲ (၁း၀၀)နာရီ
၆။ တင်ဒါဖွင့်မည့်နေရာ -စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၀) နေပြည်တော်
၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ (၀၆၇-၃၄၃၁၂၄၅၊ ၀၆၇-၃၄၃၁၂၄၃)သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်**

ရွှေ...၏ ရှင်သီဝလိမြေတော်ရား ဝါဆိုသင်္ကန်းကပ်
◆ ရှင်သီဝလိမြေတော်ရား၊ ဝင်လဲရေတံခွန်၊ ဝက်ဘော်ဆင်စခန်း (နေ့ချင်းပြန်) 15000
◆ ပုဂံ-ပေါင်းဦး၊ ဗုဒ္ဓါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ-သိပ်ကိုင်ရှင် 45000/ 75000
◆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထန်ဝမ်း၊ ရွှေငါးကော် 65000/ 100000
◆ မိုးကုတ်၊ မန္တလေး၊ ဝက်ကိုင်း၊ ကျောက်စိမ်း 55000/ 80000 Aug 3, 10
09-420420761, 09-420420762,09-420420763

Mandalar Charm Travels & Tours
| | | | |
|---|---|---|---|
| ၁။ | ကောင်ဒီနေ့ဗီးယား | Sep 11 - 23 | USD 4600 |
| ၂။ | ဘူတန် ၅ ရက် | Oct 10 - 14 | USD 1100 |
| ၃။ | ယောဂျီ ၅ ရက် (ရထား) | Oct 23 - 27 | USD 1200 |
| ၄။ | အမေပျော်ဘီးသဘော ထိုင်း - တရုတ် | Nov 11 - 14 | USD 950 |

(09 504 5819/ 01 3644271)




အမြန်ရောင်းလိုသည်။
(12x50)မြေညီထပ်+ပထမထပ်၊Aircon-3 လုံး၊မီတာ(၂)လုံး၊ ပြင်ဆင်ပြီး၊ ကားပါကင်ရှိ၊ ဦးဝိစ္စရလမ်း၊ပုဇွန်တောင်မြို့နယ်၊ ဖုန်း- 09 5122233,09 975122233 သိန်း(၁၀၅၀)

ကိုမောင်ဇော်+မနီ (အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် ဆိပ်ကမ်း ၊ တောင်ပိုင်း
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
၀၉ ၄၀၀၅၀၀၈၃၄၊ ၀၉ ၄၅၀၄၅၀၈၃၄

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်



Developed by

Myanmar Agro Exchange Public Ltd.
အစုရှယ်ယာ သက်သေခံလက်မှတ် Share Certificate များ
ပြန်လည်လဲလှယ် ထုတ်ပေးခြင်းအား အသိပေးကြေညာခြင်း။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက်၏ (၂၈ - ၄ - ၂၀၁၈) ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးတွင် တက်ရောက်လာကြသော အစုရှယ်ယာရှင်များမှ အစုရှယ်ယာ တစ်စုလျှင် ငွေကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်းတိတိ) အစား ငွေကျပ် ၁,၀၀၀ (ကျပ် တစ်ထောင်တိတိ) အစုရှယ်ယာ (၁၀) စုအဖြစ် ပြန်လည်ခွဲဝေသတ်မှတ်ရန် အထူးဆုံးဖြတ်ချက် အား သဘောတူညီခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ (၂၉ - ၅ - ၂၀၁၈) ရက်စွဲပါ စာအမှတ် ရက-၁၀/၁/၂၀၁၈ (၀၇၃၂၃) အရ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအား ဖြည့်စွက်ပြင်ဆင်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ငွေကျပ် (၁၀,၀၀၀) တန် အစုရှယ်ယာ သက်သေခံလက်မှတ် အစား ငွေကျပ် (၁,၀၀၀) တန် အစုရှယ်ယာ သက်သေခံလက်မှတ် Share Certificate အသစ်များအား MAEX ကုမ္ပဏီရုံးချုပ်၊ အစုရှယ်ယာဌာနတွင် (၂၆ -၇ - ၂၀၁၈) ရက်နေ့မှ စတင်၍ တနင်္လာနေ့မှ စနေနေ့ထိ (အစိုးရ ရုံးပိတ်ရက်များမှအပ) နေ့စဉ် ရုံးချိန် (နံနက် ၉း၃၀နာရီ မှ ညနေ ၄း၃၀နာရီ) အတွင်း လာရောက်လဲလှယ် ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

Share Certificate အသစ်များ လာရောက်လဲလှယ် ထုတ်ယူရာတွင် -

(က) ရှယ်ယာရှင် ကိုယ်တိုင်ဖြစ်ပါက မူလ ထုတ်ပေးထားသော အစုရှယ်ယာသက်သေခံလက်မှတ် Share Certificate မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) တို့နှင့် အတူ လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

(ခ) ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက အစုရှယ်ယာရှင်၏ ကိုယ်စားလှယ်လွှဲစာ၊ မူလ ထုတ်ပေးထားသော အစုရှယ်ယာ သက်သေခံ လက်မှတ် Share Certificate မူရင်း၊ အစုရှယ်ယာရှင်၏ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ)၊ ကိုယ်စားထုတ်ယူသူ၏ နိုင်ငံသား စိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) တို့နှင့် အတူ လာရောက် ထုတ်ယူရမည် ဖြစ်ပါသည်။

မှတ်ချက်။ ။Share Certificate အသစ်များ လဲလှယ်ထုတ်ယူရေးနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါ ကုမ္ပဏီ ရုံးဖုန်းနံပါတ်များသို့ ရုံးချိန် (နံနက် ၉း၃၀နာရီ မှ ညနေ ၄း၃၀နာရီ) အတွင်းဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။
၀၁-၅၀၁၃၉၂၈၊ ၀၁-၅၀၁၃၉၂၉၊ ၀၉-၇၆၆၆၇၉၆၉၀

ဒါရိုက်တာအဖွဲ့.
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)
အမှတ်၂၆၂-၂၆၄၊ ပြည်လမ်း၊ အခန်း(၀၄-၀၃)၊ ဘလောက်(အေ)၊ ၄ လွှာ၊ ဒဂုန်စင်တာ(၁)၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

**နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အာဆီယံတရားစီရင်ရေးပေါ်တယ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် (၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး တက်ရောက်



(၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးတက်ရောက်လာသည့် အာဆီယံတရားသူကြီးချုပ်များ။

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် "အာဆီယံတရားစီရင်ရေးပေါ်တယ် (ASEAN Judiciaries Portal) စတင်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် (၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး" သို့ တက်ရောက်သည်။

အာဆီယံတရားစီရင်ရေးပေါ်တယ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို (၆) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးနှင့် ပူးတွဲလျက် တစ်ဆက်တည်း ကျင်းပခြင်းဖြစ်ပြီး ယင်းအခမ်းအနားသို့ အာဆီယံ အတွင်းရေးမှူးချုပ်၊ စင်ကာပူနိုင်ငံဝန်ကြီးများ၊ အာဆီယံဒေသဆိုင်ရာနော်ဝေကိုယ်စားလှယ်၊ အာဆီယံတရားသူကြီးချုပ်များ၊ အဆင့်မြင့်တရားသူကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

အာဆီယံတရားစီရင်ရေးပေါ်တယ်သည် အာဆီယံနိုင်ငံများ၏ ဥပဒေနှင့် တရားရေးဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရယူအသုံးပြုနိုင်သည့် အင်တာနက်ပေါ်တယ်ဖြစ်ပြီး အာဆီယံတရားစီရင်ရေးအဖွဲ့အစည်းများအကြား သက်ဆိုင်ရာ နယ်ပယ်အလိုက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် နော်ဝေနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် တည်ထောင်ခြင်းဖြစ်သည်။

(၆)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးကို အာဆီယံနိုင်ငံများမှ **စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်နှင့် ဒေသအလိုက်ကူညီကယ်ဆယ်ရေး ဆောင်ရွက်ထားမှုများ

**နေပြည်တော် ဇူလိုင် ၂၉**

ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

ဘားအံမြို့ အထက(၃)အားကစားရုံ၊ အလက(၆)၊ Cyclone Shelter၊ အထက(၁) မြကြေးမုံ၊ အစ္စလာမ်ကျောင်းနှင့် အမက(၁၁) စသည့် ရေဘေးရှောင်စခန်းများရှိ ရေဘေးရှောင်ပြည်သူများအတွက် အာဟာရဖြည့်စွက်စာများအဖြစ် ပဲနို့၊ ကြက်ဥ၊ ပေါင်မုန့်၊ မုန့်အမျိုးမျိုးနှင့် သောက်ရေသန့်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့က ထမင်းနှင့်ဟင်းဘူးများကို တစ်နေ့လျှင်နှစ်ကြိမ် ဝေငှပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ ကွင်းချောင်းဝကျေးရွာ၊ ဆေးချောင်းဝဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးများ၊ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် သိန်း ၁၁၀ ကျော်အား ပေးအပ်ထားသည်။

ဘီးလင်းမြို့ ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

## မဒေါက်တာတမံ ကြံ့ခိုင်တောင့်တင်းရန် သဲအိတ်များကာရံ

**ပဲခူး ဇူလိုင် ၂၉**

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၁၀ နာရီခွဲအချိန်တိုင်းတာချက်အရ စိုးရိမ်ရေအမှတ် ၁၂၇၉ စင်တီမီတာသို့ ရောက်ရှိနေသော်လည်း တာတမံမှာ စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**


ရေတားတမံခိုင်ခံ့တောင့်တင်းမှုရှိစေရန် သဲအိတ်များဖြင့် ကာရံဆောင်ရွက်နေစဉ်။

